
Facebook link : www.facebook.com/daddyzhanghan
Page Name : ဒက်ဒီကျန်းဟန်
Telegram : https://t.me/daddyzhanghan
Available on :
Wun Zinn
Book Store
WOW Book Store
Bookstore
K Eros
(ကျန်းဟန်)
အင်မော်တယ်ဖေဖေ
Godly Stay-Home Dad
အင်မော်တယ် ဖေဖေ
K Eros

အင်မော်တယ်ဖေဖေ

စာစဉ်(၃၆)

## [စာစဉ်(၃၆) အပိုင်း(၁)] အခန်း(၄၁၁-က) လှည့်ပတ်ကြည့်ရှုခြင်း(၁)

ဟောင်ကောင်တွင် လူဦးရေထူထပ်ပြီး လူမှုအဆင့်အတန်းမြင့်မားသော နာမည်ကျော်အများအပြားရှိသည်။ သူတို့အထဲတွင် နာမည်ကြီးပြီး လူချမ်းသာများ အများအပြားရှိသည်။ ၎င်းတို့တွင် ပိုင်ဆိုင်မှုမည်မျှရှိသည်ကို မည်သူမျှမသိကြသော်လည်း နေ့စဉ်နှင့်အမျှ ငွေကို ရေလိုသုံးနေကြသည်ကို မြင်တွေ့နိုင်သည်။

ငွေသည် အတိုင်းအတာတစ်ခုအထိ များပြားလာသည့်အခါ ၎င်းအားပိုင်ဆိုင်ထားသူ၏အမြင်တွင် ကိန်းဂဏန်းတစ်ခုမျှသာ ဖြစ်လာတတ်သည်။ လျှိုချင်းဖုန်းကဲ့သို့သော လူတစ်

ယောက်သည် ထိုအဆင့်တွင် တိုးတက်မှုဆိုင်ရာပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး သူတို့အတွက် လူမှုဆက်ဆံရေးနှင့်အားပေးထောက်ခံသူများ၏အရေးပါမှုက တဖြည်းဖြည်း မြင့်တက်လာမည်ဖြစ်သည်။

တစ်စုံတစ်ဦးသည် သူကိုယ်တိုင် သန်းနှင့်ချီ၍ ကြွယ်ဝသော်ငြားလည်း သူ၏ ကြောက်မက်ဖွယ်ရာ လူမှုဆက်ဆံရေးအဆက်အသွယ်များမှတဆင့် တစ်နေ့လျှင် ဘီလီယံနှင့်ချီ၍ဝင်ငွေရှိနိုင်သည်။

လူမှုဆက်ဆံရေးသည် မည်မျှအရေးပါသည်ကို မြင်တွေ့နိုင်သည်။ သိုင်းပညာရှင်များအတွက်တော့ လူတိုင်းသည်အစွမ်းထက်မာစတာတစ်ယောက်နှင့် ဆက်ဆံရေးကောင်းတည်ဆောက်လိုကြသည့်အတွက် အဆက်အသွယ်များစွာဖြင့်မွေးဖွားလာသူများဟုပင် ဆိုနိုင်သည်။

သို့သော် ကျန်းဟန်က ၎င်းကို ဂရုမစိုက်ချေ။ လွတ်လပ်မှု အပြည့်နှင့် သူလုပ်ချင်တာ လုပ်ပိုင်ခွင့်ကို သူ တန်ဖိုး ထားသည်။

ဥပမာအားဖြင့် ကျောက်ဖုန်းသည် အရည်အသွေးမြင့်မား သူတစ်ယောက်ဖြစ်ကြောင်း သိသော်လည်း ကျန်းဟန်က သူ့ အား တပည့်အဖြစ် ပထမဆုံးလက်ခံခဲ့သည်။ စွန်းမင်သည် မုန့် မုန့်အား ကြင်နာမှုပြသဖြင့် ကျန်းဟန်က သူ့အား ကုသပေးရန် ဆုံးဖြတ်ခဲ့သည်။

၎င်းက သူလုပ်ချင်တာ လုပ်ရခြင်း၏ ပျော်ရွှင်မှုပင်။

ကျောက်ဖုန်း၏စကားကို ကြားပြီးနောက် ကျန်းဟန်က စဉ်းစားကာ ခေါင်းညိတ်လိုက်သည်။ "လေလံတင်လိုက်ပါ”

"ဟုတ်ကဲ့။ ကျွန်တော် စီစဉ်လိုက်ပါမယ်။ လင်းအုပ်စုရဲ့ ဝမ်ချင်းလေလံကုမ္ပဏီက ဒီမန်ဘာကတ်ကို လေလံတင်ချင် တယ်လို့ လင်းရွှယ်က ပြောတယ်” ကျောက်ဖုန်းက ပြောသည်။

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်သည်။

စားသောက်ဆိုင်၏မန်ဘာကတ်ကို လေလံတင်ခြင်းက ဆွေးနွေးမှုများစွာကို ဖြစ်ပေါ်စေလိမ့်မည်။ ၎င်းအား အလွန်မြင့်မားသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်လျှင် ၎င်းကို ပို၍ အာရုံပင် အာရုံစိုက်လာနိုင်ကြသည်။ လင်းရှယ်သည် သူမ၏ကုမ္ပဏီအား တိုးတက်စေမည့် ဤအခွင့်အရေးကောင်းအတွက် သေချာပေါက် ကြိုးစားပေလိမ့်မည်။

လင်းအုပ်စုကဲ့သို့ တူညီသော ကုန်သွယ်ရေးပြိုင်ဘက် အချို့ရှိသော်လည်း လင်းရှယ်သည် အခွင့်သာသည့် အနေအထားတွင် ရှိနေသူတစ်ဦးဖြစ်၍ အထူးအားသာချက်များ ရှိရာ သူမတို့ လေလံတင်ခွင့်ရမည်ဟု ယုံကြည်ခဲ့သည်။

"မစ္စတာကျန်း ဒါက ငါစုဆောင်းထားတဲ့ မောင်ကျန့် လက်ဖက်ရည်ပါ" ဝမ်လုန်က လက်ဖက်ရည်ခွက်ကို စားပွဲပေါ် တင်လိုက်သည်။

ခြေလှမ်းအချို့လှမ်းပြီးနောက် လက်ဖက်ရည်ခွက် အနည်းငယ်ကို ဧည့်သည်များအား တည်ခင်းပေးလိုက်သည်။

လက်ဖက်ရည်ကြိုက်တတ်သည့် ဝမ်မင်မှာ ကျေနပ်စွာဖြင့် ခေါင်းညိတ်ပြပြီး ခွက်ကိုယူလိုက်ကာ မြည်းကြည့်သည်။ "အင်း... လက်ဖက်ရည်က အရည်အသွေးမြင့်ပြီး မွှေးနေတာပဲ။ ဒါက ငါ့အဖေရဲ့ စုဆောင်းမှုနည်းပါးပဲ"

ကျန်းဟန်သည် လက်ဖက်ရည်အကြောင်း သိပ်မသိချေ။ ၎င်းကို သောက်ကြည့်ပြီးနောက် ရေသောက်ရသလိုသာ ခံစားရသည်။

ဇီယန်၊ ကျိုးဖေးနှင့် ယုံကျားရှင်းတို့သည် လက်ဖက်ရည် အကြောင်း သိပ်မသိကြသော်လည်း လက်ဖက်ရည်၏အရည်အသွေးကို ခံစားနိုင်ကြသည်။

ဝမ်ကျားဝမ်သည် လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး မျက်လုံးများကိုမှိတ်ကာ စက္ကန့်အနည်းငယ်ကြာ အရသာခံ ကြည့်လိုက်သည်။ ထိုနောက် မျက်လုံးများကို ပြန်ဖွင့်ပြီး

"ကျုပ်ထင်တာမမှားရင်။ ဒါက ကောင်းကင်ပြာနဲ့ ကျောက်စိမ်း လက်ဖက်ရွက်မလား"

ဝမ်မင်က အတော်ရယ်စရာကောင်းသည်ဟု ခံစားလိုက်ရပြီး ခေါင်းကိုယမ်းကာ ပြောလိုက်သည်။ "အရွက်ရဲ့ပုံစံကို သေချာကြည့်ကြည့်။ ဒါဆို လက်ဖက်ရွက်အမျိုးအစားကို သိလိမ့်မယ်"

"ဟုတ်သားပဲ" ဝမ်ကျားဝမ်က ရှက်ရွံ့စွာ ပြုံးလိုက်သည်။

"ဒီလူကြီးမင်းနှစ်ယောက်က လက်ဖက်ရည်ကြိုက်တဲ့ပုံပဲ" ဝမ်လုံက သူတို့အား အသာခေါင်းညိတ်ပြပြီး မိတ်ဆက်ပေးသည်။ "ဒါက တကယ်တော့ ကျုပ် ပြည်မကြီးကိုသွားပြီး ခတ်ပုံရိုက်ခဲ့တုန်းက ရှင်းယန်မောင်ကျန့်ရဲ့ ကောင်းကင်ပြာနဲ့ ကျောက်စိမ်းရွက်ပါ။ ဒီတစ်ခေါက် မစ္စတာကျန်း မြည်းစမ်းရအောင် သက်သက်ယူလာခဲ့တာ"

"ကျေးဇူးတင်ပါတယ်" ကျန်းဟန်က ခေါင်းညိတ်ကာ ပြုံးလိုက်သည်။

"မစ္စတာကျန်းပြန်ရောက်လာပြီဆိုတော့ ငါ မနက်ဖြန် မုန့်မုန့်လုံခြုံရေးကုမ္ပဏီကို ပြန်သွားလိုက်ရမလား" ဝမ်လုံက ပြုံး၍ မေးသည်။

"အင်း" ကျန်းဟန်က ပြန်ဖြေသည်။

ထိုနေရာရှိ နိုက်ကလပ်များနှင့် စားသောက်ဆိုင်များမှာ ပြင်ဆင်မွမ်းမံ၍ ပြီးလုနီးပါးဖြစ်နေပြီဖြစ်ကာ မကြာမီ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ၎င်းကိုလည်း မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင် ဆိုင်(၂) ဟု ခေါ်လေသည်။

ကျန်းဟန်က ၎င်းကိုမြင်တော့ ဝမ်းသာသွားခဲ့သည်။ ယခုအချိန်တွင် နေ့စဉ်နှင့်အမျှ စားသုံးသူများ ပိုမိုများပြားလာပြီဖြစ်ရာ အချို့သောဟင်းပွဲများ၏အရည်အသွေးကို ဝမ်လုံ အာမခံနိုင်သရွေ့ ၎င်းတို့ထဲမှ တချို့အား ဆိုင်ခွဲသို့ လွှဲပြောင်းပေးနိုင်သည်။ ဤသို့ဆိုလျှင် အဓိကစားသောက်ဆိုင်မှာ ပို၍တိတ်ဆိတ်လာပေလိမ့်မည်။

ကျန်းဟန်၏အကြံအစည်မှာ အလွန်ကောင်းမွန်သော်လည်း အချို့အရာများက သူ၏ဆန္ဒကို ဆန့်ကျင်ပေလိမ့်မည်။

စကားအနည်းငယ်ပြောပြီးနောက် ဝမ်လုန်ထွက်သွားသည်။ သူသည် သိုင်းလောကရှိ ကျန်းဟန်၏အထောက်အထားကို မသိသော်လည်း ဤနှစ်ရက်တာအတွင်း အဆင့်အတန်းမြင့်ပုဂ္ဂိုလ်များစွာ တလေးတစားဖြင့် လာရောက်တန်းစီနေကြသည်ကို တွေ့ခဲ့ရသဖြင့် ကျန်းဟန်၏အဆင့်အတန်းကို နားလည်လာခဲ့သည်။

အစပိုင်းတွင် ဝမ်လုန် အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။

စားသောက်ဆိုင်သို့ သူရောက်လာသည့်သတင်းက အလွန်လျင်မြန်စွာ ပျံ့နှံ့သွားသလားဟု။

သို့သော် တန်းစီနေသောလူများ၏အဆင့်အတန်းမှာ ပိုပို၍ထူးခြားလာသည်နှင့်အမျှ ထိုနာမည်ကြီးပုဂ္ဂိုလ်များက သူ့အတွက်လာခြင်းမဟုတ်ကြောင်း ဝမ်လုန်သိရှိသွားခဲ့သည်။

ထို့ကြောင့် ဝမ်လုန်သည် စားသောက်ဆိုင်ပိုင်ရှင်၏အထောက်အထားလက္ခဏာကို ပိုမိုသိချင်လာခဲ့ပြီး သူ့အား ပို၍ပင် လေးစားလာခဲ့သည်။ သူ၏အဆင့်အတန်းက မည်မျှပင် မြင့်မားနေစေကာမူ ကျန်းဟန်သည် ဤနေရာတွင် စားသောက်ဆိုင်ငယ်လေးတစ်ခု ဖွင့်ရန်ဆန္ဒရှိနေသည်က သူ တကယ် ဘဝကို ပျော်ရွှင်စွာ ခံစားနေခြင်းဖြစ်ကြောင်း ပြသနေသည်။

သို့သော် ဝမ်လုန်သည် ဤအရာများကို ဂရုစိုက်ခြင်းမရှိဘဲ အကောင်းဆုံးသော ဟင်းချက်ပါဝင်ပစ္စည်းများကို ခံစားရန် ဤဆိုင်သို့ အဓိကလာခြင်းဖြစ်သည်။ စားဖိုမှူးတစ်ယောက်အနေဖြင့် သူ့အတွက် အပျော်ရွှင်ရဆုံးရာမှာ စားသုံးသူများ သူ၏လက်ရာကို နှစ်သက်ခြင်းဖြစ်ပြီး မုန့်မုန့်အပေါ်ဖြေရာ စားသောက်ဆိုင်က သူ့အတွက် ရေထဲလွှတ်သည့်ငါးတစ်ကောင်ပမာ ပျော်ရွှင်မှုအား ခံစားရစေသည်။

ယခင်က ပါဝင်ပစ္စည်းများ၏အကန့်အသတ်ကြောင့် ဝမ်လုန်သည် သူ၏ဟင်းချက်ကျွမ်းကျင်မှုကို အပြည့်အဝ အသုံးမချနိုင်ခဲ့ချေ။ ယခုဆိုလျှင် သူ့ရှေ့၌ လောကအသစ်တစ်ခု၏တံခါးမကြီး ပွင့်နေသလို ခံစားရသည်။

၎င်းက သူလိုက်စားသည့်အရပင်။

ဝမ်လုန်ထွက်သွားပြီးနောက် အရုပ်များဖြင့် ကစားနေသည့် ကလေးမလေးနှစ်ယောက်မှာ ကျန်းဟန်ဆီသို့ ပြေးလာသည်။

"ဖေဖေ သိမ်းငှက်နဲ့ကြက်ကလေး ကစားချင်လား" မုန့်မုန့်က ကျန်းဟန်၏ခြေထောက်နားသို့ ပြေးသွားပြီး မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် မေးသည်။

သူမလေး၏မျက်လုံးထဲမှ ဂိမ်းကစားချင်သည့် မျှော်လင့်ချက်ကို ကျန်းဟန် မြင်လိုက်ရသည်။

"ဘာ။ ဖေဖေ သိမ်းငှက်နဲ့ကြက်ကလေး ကစားချင်နေတာ သမီးက ဘယ်လိုလုပ်ပြီး သိတာလဲ" ကျန်းဟန်က အံ့သြ ဟန်ဆောင်ကာ မေးသည်။

"သမီး ခန့်မှန်းခဲ့တာ။ သမီးလည်း ကစားချင်နေလို့" မုန့်မုန့်က ဝမ်းသာအားရပြောသည်။

"ဒါဆို ကစားကြမယ်" ကျန်းဟန်က ပြုံးကာ ညာလက်ကို ဆန့်ထုတ်ပြီး မုန့်မုန့်၏ပန်းနုရောင် ပါးပြင်လေးကို ထိလိုက်သည်။ ထိုနောက် သူ အခန်းထဲကို မျက်လုံးဝေ့ကြည့်လိုက်သည်။

"အင်း လာကြ ကစားကြမယ်" ကျိုးဖေးက အလျင်စလို ပြောသည်။

ဇီယန်ကလည်း ပြုံးကာ ကျန်းဟန်အား မျက်စောင်းထိုး လိုက်ပြီး မတ်တပ်ရပ်သည်။

ကျန်းလီက သူမ၏ဖုန်းကို ဘေးချလိုက်၏။

ဝမ်ကျန်းဝမ်နှင့် စုယွီတို့က ပထမဆုံး မတ်တပ်ထရပ်ခဲ့ကြသည်။

၎င်းက ဝမ်မင်အား အနည်းငယ် အံ့အားသင့်သွားစေသည်။

ဘာဖြစ်တာလဲဟ...

လူကြီးတွေ လက်ဖက်ရည်အကြောင်း ပြောနေကြရင်းက ဘယ်လိုလုပ် ရုတ်တရက်ကြီး သိမ်းငှက်နဲ့ကြက်ကလေး ကစားဖို့ဖြစ်သွားကြတာလဲ...

ယေဘုယျစကားနဲ့ပြောရရင် မိဘတွေက ဘယ်လိုလုပ် ဒီကလေးကစားနည်းကို ကစားဖို့ သဘောတူရတာလဲ...

"ဒီကိုမြန်မြန်လာ” ယုံကျားရှင်းက ဝမ်မင်အား လက်ရာခေါ်သည်။

"အာ... လာပြီလာပြီ” ဝမ်မင် မတ်တပ်ထရပ်ကာ လမ်းလျှောက်လာရင်း အတော်လေး ထူးဆန်းသလို ခံစားလိုက်ရသည်။

လူကြီးများအဖွဲ့အနားသို့ ရောက်သည့်အခါ ဝမ်မင် သူ့ကိုယ်သူ ခါးသီးစွာ ပြုံးလိုက်သည်။

ရှောင်ဟန်က တကယ်ကို ဖခင်ကောင်းတစ်ယောက်ပဲ...

ပိုမိုထိတွေ့ဆက်ဆံမိလေ ကျန်းဟန်က မုန့်မုန့်၏တောင်းဆိုမှုကို ဘယ်သောအခါမှ မငြင်းဆန်ခဲ့ကြောင်း ဝမ်မင် ပိုမိုခံစားလာရသည်။

ဝမ်မင်သည် ကျန်းဟန်က မုန့်မုန့်အား အနည်းငယ် အချစ်ပိုလွန်းသည်ဟု ခံစားမိသည်။

အဖေတွေက စည်းကမ်းတင်းကြပ်ကြတယ်မဟုတ်လား...

ဝမ်မင်၏ဖခင်မှာ အလွန်တင်းကြပ်လွန်းကာ သူ့နှား ရိုက်နက်ဆုံးမခဲ့သဖြင့် ယခုအချိန်တွင် သူသည် တာဝန်ကျေသည့် သားတစ်ယောက်ဖြစ်လာခဲ့သည်။

တွေးကြည့်ရင်း ဝမ်မင် အနည်းငယ် ဝမ်းနည်းသွားသည်။

ဝမ်ရသည် ငယ်စဉ်ကတည်းကပင် ဤမျှ နူးညံ့ညင်သာစွာ မဆက်ဆံခံရဖူးချေ။ ကျန်းဟန်ကဲ့သို့သော သူ၏သမီးလေးကို ဂရုစိုက်ပေးခဲ့လျှင်....

ယခုအချိန်တွင်တော့ ဝမ်ရသည် လူကောင်းတစ်ယောက်နှင့် အိမ်ထောင်ကျပြီး အနာဂတ်တွင် ကလေးယူနိုင်စေရန်သာ သူ မျှော်လင့်နိုင်တော့သည်။ ထိုမှသာ သူသည်လည်း မျိုးဆက်သစ်များ၏နာခံမှုခံစားချက်ကို ခံစားရနိုင်မည်ဖြစ်သည်။

ထိုသို့ဖြင့် လူကြီးများအားလုံးက ကလေးမလေးနှစ်ယောက်နှင့်အတူလိုက်ကာ ခဏကြာအောင် ဆော့ကစားပေးကြသည်။

စားသောက်ဆိုင်၏ဒုတိယထပ်တွင် အများအားဖြင့် ကလေးမလေးနှစ်ယောက်၏ ရယ်မောသံများဖြင့် ပြည့်နေတတ်သည်။

ခဏလောက် ကစားပြီးနောက် မုန့်မုန့်နှင့် ဝမ်ရိုဟန်တို့ ချွေးထွက်လာပြီး လူကြီးများကလည်း ဂိမ်းကို အဆုံးသတ်လိုက်ကြသည်။

ဆိုဖာပေါ် ပြန်ထိုင်သည့်အခါတွင် ဝမ်မင်က ဝမ်ကျန်းဝမ်နှင့် စုယွီတို့အား ကြည့်လိုက်၏။ သူတို့ကား ဤမြင်ကွင်းမျိုးကို ကြုံဖူးနေကျပုံပေါ်သည်အား သူ တွေ့လိုက်သည်။

ည ကိုးနာရီခန့်တွင် ဝမ်ကျားဝမ်နှင့် စုယွီတို့ မပြန်ချင်ပြန်ချင်ဖြစ်နေသော ဝမ်ရိုဟန်အား အတူခေါ်ကာ အိမ်ပြန်သွားခဲ့ကြသည်။

ကျန်သည့်လူကြီးများမှာ ခဏလောက် စကားစမြည်ပြောကြ၏။

"ငါ နည်းနည်း အိပ်ချင်နေပြီ" ကျန်းလီက သမ်းလိုက်ပြီး "အစ်ကို ငါ သူတို့ကို အနားယူရအောင် ကုမ္ပဏီခေါ်သွားလိုက်မယ်"

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်ပြီး ယုံကျားရှင်းအား ကြည့်ကာ "ကောင်းကောင်းအနားယူလိုက်ပါ။ မနက်ဖြန်ကျရင် မနက်ခင်းပိုင်း တောင်တက်ပြီး နေ့လယ်ခင်းကျရင် ပင်လယ်ထဲကို ရတနာသွားရှာကြရအောင်"

"ကောင်းပြီ"

ယုံကျားရှင်းက ခေါင်းညိတ်လိုက်သည်။ ရတနာရှာဖို့ကိစ္စကိုတော့ သူမ သိပ်ပြီး စဉ်းစားမနေခဲ့ချေ။

ထိုအစား သူမ မုန့်မုန့်အား ကြည့်ကာ "မုန့်မုန့် ဘွားဘွားကို နှုတ်ဆက်ပါဦး"

"ဂွတ်နိုင်ပါ ဘွားဘွား…" မုန့်မုန့်က သူတို့သုံးယောက်အား လက်ဝှေ့ယမ်း နှုတ်ဆက်သည်။

သူတို့ အောက်ဆင်းသွားသည့်အချိန်တွင် ဘေးတွင် ထိုင်နေသည့် ကျောက်ဖုန်းလည်း မတ်တပ်ရပ်လိုက်သည်။

တံခါးကိုဖြတ်ကာ ထွက်သွားပြီးနောက် Rolls-Royce Phantom ကားရှည်ကြီးပေါ် တက်သွားကြသည်။ ကျိုးဖေး လည်း တစ်ယောက်တည်း တိုက်ခန်းကို မပြန်ချင်တော့ သည့်အတွက် သူတို့နှင့်အတူ လိုက်သွားခဲ့သည်။

ဆယ်မိနစ်ကျော်ခန့် ကားမောင်းပြီးနောက် သူတို့ ကုမ္ပဏီ သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ကုမ္ပဏီမှာ မီးများ လင်းထိန်နေ၏။ အပြင် နံရံရှိ အလှဆင်မီးများနှင့် အောက်ထပ်ရှိ မီးများလုံး ဖွင့် ထားသည်။

"မုန့်မုန့်လုံခြုံရေး"

သူတို့ ကားပေါ်မှဆင်းလာပြီး အဆောက်အဦး၏ထိပ်ရှိ တောက်ပသည့် ဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်ကြသည်။

ရှင့်မှာ ဇိမ်ခံကားတွေအများကြီးပါလား။ အဲဒါတွေ အကုန်လုံးကို ကျွန်မဝမ်းကွဲပိုင်တာလား" ကားပေါ်က

ဆင်းသည်နှင့် ဝမ်ရမှာ သူမ၏ပတ်ပတ်လည်၌ ဇိမ်ခံကားများ တန်းစီနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

သူမနှင့်အနီးဆုံးတွင် Lamborghini စူပါကားသုံးစီးရှိသည်။ ထိုအထဲမှ တစ်စီးသည် ယွမ် ၁၀ သန်းကျော်ရှိပြီး ကျန်နှစ်စီးမှာ ၁၀ သန်းနီးပါး တန်ကြေးရှိသည်။

အခြားကားများမှာ Rolls-Royce Phantom၊ Bentley စသည်တို့ပါဝင်ပြီး ဈေးအနည်းဆုံးကားမှာ Mercedes Benz S600 ဖြစ်သည်။

ဝမ်ရသည် ဝမ်မိသား၏ Land Rover ကားများကို တွေးမိသွားပြီး ၎င်းတို့ထဲတွင် တစ်စီးမှ ယွမ် ၂ သန်းမကျော်ချေ။

"အဲဒါတွေအကုန်လုံးက သူဌေးပိုင်တာပါ" ကျောက်ဖုန်းက ရယ်မောကာ ပြန်ဖြေသည်။

"ဒီမှာ လစ်မတ်တက်ဒ်ကားတွေအများကြီးရှိတယ်။ ဟိုမှာကြည့်လိုက်။ ကမ္ဘာပေါ်မှာ တစ်စီးတည်းပဲရှိတဲ့ Maybach

Exelero အနက်ရောင်။ အဲဒါ အစ်ကို့ကို လက်ဆောင်ပေးထားတာ။ ဒီကားက Bugatti Black Bess ။ ကမ္ဘာပေါ်မှာ သုံးစီးပဲရှိတယ်။ ဘေးက Maserati ကတော့ ငါမောင်းတာ” ကျန်းလီက ရိုးရှင်းစွာ ပြောပြသည်။

ကျန်းဟန်၏ညီမဖြစ်၍ ကျန်းလီသည် အစ်ကိုဖြစ်သူ၏အောက်မြင်မှုအား မြင်တွေ့ရသည့်အတွက် ဂုဏ်ယူသည်။

"ယေဘုယျအားဖြင့် ဒီကားတွေကို ဘယ်သူမှမမောင်းဘူး။ ရွှေရောင်ရ နင် ကြိုက်တဲ့ကား စီးလို့ရတယ်။ ငါ့အစ်ကိုက စားသောက်ဆိုင်ရှေ့မှာ ရပ်ထားတဲ့ ပန်ဒါကားကို မောင်းတာ” ကျန်းလီက ဆက်ပြောသည်။

"အဲဒီပန်ဒါကားက ဝမ်းကွဲအစ်ကိုရဲ့ကားလား” သူက ဘယ်လိုလုပ် အဲဒီကားကို ကြိုက်သွားတာလဲ” ဝမ်ရ အံ့အားသင့်သွားသည်။

ဒီလောက် ဇိမ်ခံကားတွေအများကြီးကို ဘေးဖယ်ထားပြီး ယွမ်သောင်းဂဏန်းပဲတန်တဲ့ ပန်ဒါကားကို မောင်းနေတာလား...

"ဘာလို့လဲဆိုတော့ မုန့်မုန့်က အဲဒီကားကို သဘောကျလို့လေ" ကျိုးဖေးက ပြုံးကာ အကြောင်းအရာကို ခြုံ၍ပြောလိုက်သည်။ "နင်ဒီမှာ ကြာကြာနေလိုက်ရင် မုန့်မုန့်က ခဲအိုအတွက် ဘယ်အလိုအစိပ္ပာယ်ရှိတယ်ဆို သိလာလိမ့်မယ်"

"အင်း... ငါ အဲဒါကို ခံစားမိနေပြီးပါပြီ" ဝမ်မင်က အဆောက်အဦးကို မော့ကြည့်ရင်း ပြောလိုက်သည်။ "ဒီအဆောက်အဦးကို မင်းပိုင်တာလား"

"ဒီအဆောက်အဦးနဲ့ ဧရိယာတစ်ခုလုံးကို ကုမ္ပဏီအပိုင်ပါ။ ညာဘက်ခြမ်းမှာ အပြင်ဘက်ဒီဂျေကွင်းအဖြစ် ဆောက်နေတဲ့ ကွင်းပြင်ရှိတယ်။ နောက်ဘက်က မြေကွက်ကိုလည်း ကျွန်တော်တို့ ဝယ်ထားပြီးပြီ။ အဲဒါကို အသေးစား

လေယာဉ်ကွင်းအဖြစ် ပြန်ဆောက်မယ်။ ရက်ပိုင်းအတွင်း ဆောက်လုပ်ရေးစတော့မှာ” ကျောက်ဖုန်းက ပြန်ဖြေသည်။

"ဟုတ်ပါပြီ” ဝမ်မင် ပြုံးလိုက်ပြီး ဘာမှထပ်မပြောတော့။

-အပိုင်း(၁) အခန်း(၄၁၁-က) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၂)] အခန်း(၄၁၁-ခ) လှည့်ပတ်ကြည့်ရှုခြင်း(၂)

"ရှောင်ဟန်က တော်တော်ချမ်းသာတဲ့ပုံပဲ” ယုံကျားရှင်းက ပြောသည်။

"အင်း ဟုတ်တယ်” ကျောက်ဖုန်းက ပြန်ဖြေသည်။

တကယ်တော့ ကျန်းဟန်၏ပိုင်ဆိုင်မှုက ထိပ်တန်းသူဌေးကြီးများလောက် အများချေ။ သူသည် ငွေကို ပေါ့ပေါ့ပါးပါးနှင့် အမှိုက်လိုသဘောထားကာ သုံးပစ်နေခြင်းဖြစ်သည်။

ကျောက်ဖုန်းသည် မကြာသေးမီက ကျန်းဟန်၏ခိုင်းစေမှုကြောင့် ငွေကို အရှုံးအမှုံးသုံးခဲ့ရသည်။ ပြန်လည်တည်ဆောက်ရေး၊ ကုန်ကြမ်းပစ္စည်းများ၊ ကားဝယ်ယူခြင်း စသဖြင့်ပင်။ ကုမ္ပဏီက မဖွင့်ရသေးသော်လည်း ၎င်းတို့၏အရင်းအနှီးမှာ ယွမ်သန်း ၆၀၀ အတွင်းရှိပြီး ပရောဂျက်အားလုံးက နောက်ဆက်တွဲ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသေးသည်။ ထို့ပြင် ကျန်းဟန်သည် လေယာဉ်နှစ်စင်းဝယ်ရန်ပင် စီစဉ်ခဲ့သည်။ သို့သော် ကျန်းဟန်တွင် ငွေအလုံအလောက်ရှိရဲ့လားကို ကျောက်ဖုန်း မသိချေ။ ကံကောင်းထောက်မစွာဖြင့် ကျန်းဟန်က မနက်ဖြန်တွင် ရတနာများကို ရှာဖွေမည်ဟု ပြောခဲ့သည်။ ကျန်းဟန်ကိုယ်တိုင် စီစဉ်ခဲ့ခြင်းဖြစ်၍ ယခုတစ်ကြိမ်တွင် ငွေအမြောက်အများ ပိုမိုရရှိမည်ကို ကျောက်ဖုန်း သိရှိသည်။

"ဒါက စီဘီဒီအဆောက်အဦးဖြစ်ခဲ့တာ။ လျို့ချင်းဖုန်းက အဲဒါကို ဝယ်လိုက်ပြီးတော့ နောက်ပိုင်းမှာ သူ့ငွေးဆီကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ပေးလိုက်တယ်။ သူက အဆောက်အဦးမှာ ရှယ်ယာနည်းနည်းပိုင်တယ်" ကျောက်ဖုန်းက ပြောသည်။

"လျိုချင်းဖုန်းလား" ဝမ်မင် အံ့အားသင့်သွားသည်။ လျို ချင်းဖုန်းက ဘယ်သူလဲဆိုတာ သူသိနေသည့်အတွက် ပြုံး၍ ခေါင်းယမ်းလိုက်သည်။ "သူသာ ရှောင်ဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကိုထိန်းသိမ်းထားနိုင်ရန် သူ ဒီထက်ပိုပြီး ဖြစ်ထိန်း နိုင်မှာ"

"ဒုတိယထပ်နဲ့ တတိယထပ်က လေ့ကျင့်ရေးကွင်းဖြစ်ပြီး တော့ သတ္တမထပ်နဲ့ နဝမထပ်က လူနေဧရိယာတွေပါ" ကျောက်ဖုန်းက မိတ်ဆက်ပေးသည်။

"ဒီကအခန်းတွေအကုန်လုံးက အကောင်စားအခန်းတွေ ချည်းပဲ။ သမီးက ကိုးထပ်မှာ နေဖြစ်တာများတယ်" ကျန်းလီ က ပြောသည်။

"ကောင်းသားပဲ" ယုံကျားရှင်းက ပြုံးလိုက်၏။

သိုင်းပညာပဲဖြစ်ဖြစ် စီးပွားရေးပဲဖြစ်ဖြစ် ကျန်းဟန်က အလွန်တော်သည်ဟု သူမ ခံစားမိသည်။

"ဒုတိယထပ်နဲ့ တတိယထပ်မှာ မီးတွေလင်းနေတယ်။ ဒီအချိန် လေ့ကျင့်နေတဲ့သူတွေ ရှိသေးတာလား” ဝမ်မင်က စိတ်ဝင်တစားမေးသည်။

"ဟုတ်တယ်။ သူတို့က ပုံမှန် ၁၁ နာရီထိ လေ့ကျင့်လေ့ရှိကြတယ်” ကျောက်ဖုန်းက ခေါင်းညိတ်သည်။

"မပင်ပန်းလွန်းဘူးလား” ဝမ်ရ သွားပေါ်အောင် ပြုံးလိုက်သည်။

"ဟင့်အင်း သူတို့က အဲကို သဘောကျတယ်။ ကျွန်တော်လည်း ပြီးရင် လေ့ကျင့်မှာ” ကျောက်ဖုန်းက ပြုံး၍ ပြန်ဖြေသည်။

"အရင်သွားကြည့်ရအောင်” ဝမ်မင်က သိချင်လာ၏။

ထိုသို့ဖြင့် သူတို ဒုတိယထပ်သို့ အရင်သွားကြသည်။

အခန်းကျယ်ကြီးထဲတွင် လူ ၇၀ ကျော် စနစ်တကျမတ်တပ်ရနေကြပြီး လှုပ်ရှားမှုများ ပြုလုပ်နေကြသည်။

"လူတွေများလှချည်လား။ သူတို့အကုန်လုံးက..." ဝမ်မင် အံ့အားသင့်သွား၏။

"ဟုတ်တယ်။ သူတို့အားလုံးက သိုင်းပညာရှင်တွေပါ" ကျောက်ဖုန်းက ခေါင်းညိတ်သည်။

"သူတို့ရဲ့ လှုပ်ရှားမှုတွေက ဘာအဓိပ္ပာယ်လဲ" ဝမ်မင်က မေးသည်။

"ဒီလှုပ်ရှားမှုတွေကို ဆရာ သင်ပေးထားတာပါ" ကျောက်ဖုန်းက ရှင်းပြသည်။ "သူတို့အကုန်လုံးက သက်တော်စောင့်တွေမဟုတ်ဘူး။ သက်တော်စောင့်အဖွဲ့မှာ ကျွန်တော် အပါအဝင် စုစုပေါင်း လူ ၅၁ ယောက်ရှိတယ်။ ကျန်တဲ့ ၆၀ လောက်က စစ်တပ်ကလူတွေပါ"

"စစ်တပ်လား" ယုံကျားရှင်းနှင့် ဝမ်ရတို့လည်း သိချင်လာကြသည်။

"စစ်သားတွေက ဘယ်လိုလုပ် မင်းတို့နဲ့ လာလေ့ကျင့်တာလဲ" ဝမ်မင်က မေးသည်။

"အဲ..." ကျောက်ဖုန်း တုံ့ဆိုင်းသွားပြီး "ဘာလို့လဲဆိုတော့ ကျွန်တော့်ဆရာက ဗိုလ်ချုပ်မလို့ပါ"

"အဟွတ်.အဟွတ်..." ဝမ်မင် ချောင်းသီးသွားပြီး ကျောက်ဖုန်းအား အနည်းငယ် ထိတ်လန့်စွာဖြင့် ကြည့်လိုက်သည်။ "သူက ဗိုလ်ချုပ်လား"

"ဟမ် ခဲအိုက ဗိုလ်ချုပ်လား" ကျိုးဖေးလည်း ပထမဆုံး အကြိမ် ကြားလိုက်ရခြင်းဖြစ်သည့်အတွက် မျက်လုံးပြူးသွားသည်။၏

"ငါ့အစ်ကို ဗိုလ်ချုပ်...." ကျန်းလီ အနည်းငယ် လန့်သွားပြီး ပို၍ပင် ဂုဏ်ယူသွားသည်။

"ဝမ်းကွဲကအစ်ကိုက ဗိုလ်ချုပ်ပေါ့" ဝမ်ရ ရှော့ခ်ရသွားသည်။

"အဲဒါက ရာထူးတံဆိပ်သပ်သပ်ပါပဲ။ ဆရာက စစ်တပ်ရဲ့ အရေးကိစ္စတွေကို စီမံဖို့မလိုပါဘူး။ သူ့ရဲ့အဓိကတာဝန်က ဝံပုလွေခေါင်းတပ်ဖွဲ့ခွဲကို လေ့ကျင့်ပေးရုံပဲ" ကျောက်ဖုန်းက သူတို့၏အမူအရာများကိုကြည့်၍ ကို့ယို့ကားယားပြုံးကာ ပြောသည်။ "ဗိုလ်ချုပ်ရာထူးအပြင် အခု ဆရာက ဟောင် ကောင်အမျိုးသားလုံခြုံရေးအေဂျင်စီရဲ့ ဒုတိယဒါရိုက်တာ လည်းဖြစ်နေပြီ"

"အဟွတ်..." ဝမ်မင် တံတွေးသီးသွားပြန်သည်။

သူ ဘာမှမပြောနိုင်တော့ဘဲ အူကြောင်ကြောင်ဖြင့်သာ ရပ်နေမိတော့သည်။

ယုံကျားရှင်းမှာလည်း ထိုအချိန်တွင် လုံးဝ အံ့အားသင့်မှင် တက်နေသည်။ သူမ၏စိတ်ထဲတွင် စကားလုံးအနည်းငယ်သာ ရှိတော့သည်။

ဗိုလ်ချုပ်...

ဒါရိုက်တာ

ဝူတာအိုဂရန်းမာစတာ...

ဒီလို ကုမ္ပဏီအကြီးကြီး...

ရှောင်ဟန်က တကယ့်ကို ထူးချွန်ထက်မြက်လွန်းတဲ့သူပဲ...

ယုံကျားရှင်း အလွန်ပျော်ရွှင်သွားပြီး ကျန်းဟန်၏မိဘများအကြောင်းကို မနေနိုင်ဘဲ တွေးလိုက်မိသည်။

ကျန်းဟန်၏မိဘများသည် သူတို့၏ထူးချွန်ထက်မြက်သော သားဖြစ်သူကို ကြည့်ရှုစေလိုသည့်စိတ်ဖြင့် သူမ အနည်းငယ် စိတ်မကောင်းဖြစ်သွားသည်။

ကြည့်ပါဦး။ နင်တို့သားက တကယ့်ကို ထူးချွန်ထက်မြက်တဲ့ကလေးပဲ...

သို့သော် သူတို့ပေါင်းစည်းရန် အချိန်မကျသေးချေ။

"အပေါ်တက်ပြီး အနားယူကြရအောင်” ယုံကျားရှင်း ခေါင်းယမ်းကာ ပြောလိုက်သည်။

သူတို့ ဓာတ်လှေကားဖြင့် ကိုးလွှာသို့ တန်း၍ တက်ခဲ့ကြသည်။ ကျိုးဖေးသည် ယခင်က ကျန်းလီနေခဲ့သည့် အခန်း၏ဘေးခန်းကို ရွေးချယ်ခဲ့ပြီး ဝမ်ရက ဘယ်ဘက်တွင် နေကာ ယုံကျားရှင်းနှင့် ဝမ်တို့တို့က ဝမ်ရ၏ဘယ်ဘက်ခန်းတွင် နေကြသည်။

ကျိုးဖေးသည် ကြားလိုက်ရသည့်သတင်းအတွက် အနည်းငယ် ခေါင်းရှုပ်နေခဲ့သည်။

သူမနှင့် အစ်မယန်တို့ အမိမြေသို့ ပြန်ရောက်သည့်အချိန်က သူမ၏ခဲအိုဖြစ်သူသည် မြို့တော်ရှိ ရှုပ်ပွနေသည့် ခပ်စုတ်စုတ်တိုက်ခန်းတွင် ငှားနေကာ အဝတ်အစားအဟောင်းများကိုဝတ်၍ ခေါက်ဆွဲခြောက်ကို အမြဲတမ်းစားနေသူဖြစ်ကြောင်း သူမ မှတ်မိသည်။

ထိုအချိန်မှနေ၍ ယခုအထိ အချိန် နှစ်လသာ ကြာခဲ့သည်။

ဗိုလ်ချုပ်၊ ဒါရိုက်တာ၊ ဂရန်းမာစတာ…

ကျန်းဟန်က နှစ်လအတွင်း ရာထူးတွေရအောင် အရှိန်အဟုန်နဲ့ တိုးတက်အောင်မြင်ခဲ့တာလား။ သူ ဘယ်လို လုပ်ခဲ့တာလဲ…

ဒါတွေအားလုံးက မင်းသမီးလေး မုန့်မုန့်ကြောင့်ဟု သူမ ဝိုးတဝါး ခံစားမိလိုက်သည်။

ခဲအိုက မုန့်မုန့်ကြောင့် စီးပွားရေးလုပ်ဖို့ ဆုံးဖြတ်ခဲ့တာ လား…

ကျိုးဖေး အိပ်ရာထဲ လဲလျောင်းနေရင်း သတင်း အချက်အလက်ကို လက်ခံနိုင်ရန် အချိန်အနည်းငယ် ယူနေရ သည်။

စားသောက်ဆိုင်သို့ ပြန်သွားရသော်…

အားလုံးထွက်သွားပြီးနောက် ကျန်းဟန်သည် အောက်ထပ်သို့ ဆင်းကာ တံခါးကို သော့ပိတ်ပြီး မုန့်မုန့်အား သိပ်ရန် အပေါ်သို့ ပြန်တက်သွားသည်။

အိပ်ခန်းထဲတွင် တိတ်ဆိတ်သွား၏။ ရုတ်တရက်...

အိပ်ခန်းတံခါးပွင့်လာပြီး ကျန်းဟန်က ဇီယန်အား ပွေ့ချီလာပြီး ဒုတိယအိပ်ခန်းဆီသို့ အမြန်သွားလေသည်။

ထိုနောက် တံခါးကို ပိတ်လိုက်၏။

အစပိုင်းတွင် ဘာသံမှမကြားရသော်လည်း တဖြည်းဖြည်းနှင့် ဒုတိယအိပ်ခန်းထဲမှ ထိန်းချုပ်မရနိုင်သည့် ညည်းညူသံတစ်ခု ထွက်ပေါ်လာလေသည်။

အခန်းတွင်းရှိ အသံကာကွယ်မှုမှာ အလွန်ကောင်းမွန်သော်လည်း အသံကို ရှင်းရှင်းလင်းလင်း ကြားနိုင်လေသည်။ သိသာစွာပင် အခန်းတွင်းမှအသံက ပို၍ကျယ်လာခြင်းဖြစ်ပေသည်။

အသံမှာ အချိန်အတော်ကြာအောင် ထွက်ပေါ်နေ၏။ နောက်ဆုံးတွင်တော့ ညသန်းခေါင်အချိန်၌ ရေချိုးခန်းထဲမှ ရေသံကို ကြားလိုက်ရသည်။ ထိုနောက် အိပ်ခန်းတံခါး ပွင့်လာပြီး အခန်းတစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။

ကျန်းဟန်သည် ဇီယန်အား ပွေ့ဖက်ရင်း အိပ်ပျော်သွား၏။

ပထမဆုံးကြိမ်တုန်းက ထူးထူးဆန်းဆန်းတစ်ခုဖြစ်ခဲ့သည်မှအပ အခြားအကြိမ်များတွင် ပုံမှန်ဖြစ်သည့်အတွက် ကျန်းဟန် အလွန်ပျော်ရွှင်ခဲ့သည်။

ယခုအချိန်ထိ သူ၏ ၅ လက်မအရှည်ဒျန်တျန်အား ဒဏ္ဍာရီထဲမှသာရှိသည့် ၁၀ လက်မအရှည်ဒျန်တန်အဖြစ်သို့ ပြောင်းသွားစေသည့် ထူးခြားဆန်းကြယ်၍ နက်နက်လှသော စွမ်းအင်ကို သူ နားမလည်နိုင်သေးချေ။ ၎င်းက သူ့အား ရုပ်ခန္ဓာပိုင်းဆိုင်ရာ အတားအဆီးများကို ချိုးဖြတ်ပေးပြီး သူ၏ခန္ဓာကိုယ်အား ပြီးပြည့်စုံသည့်အခြေအနေသို့ ရောက်စေခဲ့သည်။

၎င်းက ကျန်းဟန်၏ခွန်အားကို မြှင့်တင်ပေးပြီး ပို၍ အရေးကြီးသည်က သူ၏ပါရမီပင်။

၅ လက်မအရှည်ဒျန်တျန်နှင့်ဆိုလျှင် ထူးဆန်းတောင်ထိပ်ကျွန်းတိုက်ပွဲတွင် ဟဲချင်းတန်အား အလွယ်တကူ သတ်နိုင်ခဲ့မည်မဟုတ်ချေ။ သို့သော် ဆယ်လက်မဒျန်တျန်ဖြစ်သွားသည့်အတွက် ထိုသို့လုပ်နိုင်ခဲ့ရုံသာမက ရှန်းချီတျန်အား အနိုင်ယူရန်လည်း အကူအညီဖြစ်ခဲ့သည်။

ကျန်းဟန်သည် လောလောဆယ်တွင် ဇီယန်၏ခန္ဓာကိုယ်၌ ပုံမှန်မဟုတ်သည့် လက္ခဏာများကို မတွေ့နိုင်သေးသော်လည်း တစ်နေ့နေ့တွင် ထိုလျှို့ဝှက်ဆန်းကြယ်မှုကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

မည်သည့်အကြောင်းကြောင့်ပင်ဖြစ်ပါစေ ဇီယန်နှင့် မုန့်မုန့်အား ထိခိုက်ခွင့်မပြုနိုင်ချေ။

ကျန်းဟန်သည် ရင်ခွင်ထဲ၌ ဇီယန်အား ပွေ့ဖက်ထားရင်း အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့ မနက်ခြောက်နာရီတွင်...

ကျန်းဟန်သည် မနက်စာအတွက် ပေါက်စီငယ်လေးများနှင့် ဆန်ပြုတ်ကို ပြင်ဆင်ရန် စီစဉ်ထားသည်။

မနက် ၇ နာရီ ၃၀ မိနစ်တွင် ဝမ်မင်နှင့် အခြားသူများ စားသောက်ဆိုင်သို့ ရောက်လာကြ၏။ သူတို့ မနက်စာစားပြီးနောက် လဆန်းတောင်သို့ သွားကြသည်။

တောင်ခြေရင်းတွင် ကားရပ်ပြီး တောင်ပေါ်သို့ ခြေလျင်တက်ကြသည်။

"ဒီတောင်ရဲ့ မြေပြင်အနေအထားက ပြန့်ပြူးပြီး သာယာတယ်" ဝမ်မင်က လဆန်းတောင်အား လှမ်းကြည့်ရင်း ပြုံးကာပြောသည်။

"တောင်ထိပ်က ရှုခင်းက ပိုကောင်းတယ်။ ပြီးရင် ဦးလေးတွေ့ပါလိမ့်မယ်" ကျန်းဟန်က ပြန်ဖြေသည်။

သူတို့ သစ်တောထဲသို့ဖြတ်ပြီး မြက်ခင်းပြင်သို့ ရောက်သည့်အချိန်တွင်…

"ဟူး… ဟမ်" ဝမ်မင်သည် အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် ကွဲပြားခြားနားမှုကို သိသိသာသာ ခံစားမိလိုက်သည်။

"ဒီက လေ က အရမ်းမွှေးတယ်။ စိုးထိုင်းဆကလည်း ကောင်းတယ်။ အပူချိန်က အပြင်ဘက်ထပ် နိမ့်တယ်။ ဖေဒင် ဥယျာဉ်များလား။ မြင်ခင်းက ဘာလို့ ဒီလောက် နူးညံ့နေရတာလဲ။ ဒါ ဘယ်လိုမြက်အမျိုးအစားလဲ" သူ မေးသည်။

သူသည် သိချင်စိတ်ဖြင့် ငုတ်တုတ်ထိုင်ကာ မြင်ခင်းပြင်အား လက်ဖြင့်ထိကြည့်ပြီး မြက်တစ်ဆုပ်ကို နှုတ်ကာ ဝါးလိုက်သည်။

"ဘိုးဘိုး ဘာလို့ မြက်တွေစားနေတာလဲ" မုန့်မုန့်မှာ အံ့အားသင့်သွား၏။

"အဟမ်း အဟမ်း... မြည်းကြည့်ရုံပါ..." ဝမ်မင် ဖျစ်ညှစ် ပြုံးလိုက်ပြီး ကျန်းဟန်အား ကြည့်ကာ ပြောသည်။ "ဒီလိုမြက်မျိုး တစ်ခါမှ မမြင်ဖူးဘူး။ ဒါ ဘာမြက်အမျိုးအစားလဲ"

"ဒါက မြက်ပါပဲ။ ပိုပြီးမွှေးတာတစ်ခုပဲ" ကျန်းဟန်က ပြန်ဖြေလိုက်ပြီး မုန့်မုန့်ကို အောက်ချပေးလိုက်သည်။

"တာပေါးပေါး ရှောင်ပေါးပေါး ငါလာပြီ" မုန့်မုန့်က ဝမ်းသာအားရဖြင့် ပြေးသွားသည်။

"ဝုတ် ဝုတ် ဝုတ်"

"ဝူး.... ဝူး..."

တောင်နောက်ဘက်မှ ပျော်ရွှင်နေသည့် အသံနှစ်ခု ထွက်ပေါ်လာသည်။

ဝမ်မင် အံ့အားသင့်သွား၏။

"ဒီအိမ်မွေးတိရစ္ဆာန်တွေက တော်တော်ဉာဏ်ကောင်းတာပဲ"

"အာ… ဟိုက ပန်းတွေက လှလိုက်တာ" ဝမ်ရသည် ညာလက်ခြမ်းမှ ပန်းပင်လယ်ကြီးကကို တွေ့သွားပြီး ချက်ချင်း ဆွဲဆောင်ခံလိုက်ရသည်။

"တကယ်လှတယ်" ယုံကျားရှင်း ခေါင်းညိတ်၏။

"ဟီးဟီး ငါ့ခဲအိုက အရမ်းရိုမန်တစ်ဆန်တယ်။ ရှောင်ရ အရင်တုန်းက အင်တာနက်မှာ အရမ်းရေပန်းစားသွားတဲ့ ဖွင့်ပြောတဲ့ဗီဒီယိုကို နင်တွေ့ဖူးလား။ မီးတွေ ပူပေါင်းတွေ ပန်းပွင့်ချပ်တွေ မီးရှူးမီးပန်းတွေနဲ့…" ကျိုးဖေးက ပြုံး၍ ပြောသည်။

"အမ် ငါတွေ့လိုက်တယ်။ အဲဒါ ခဲအိုလုပ်ခဲ့တာလား" ဝမ်ရသည် အံ့အားသင့်မှုကြောင့် မျက်လုံးပြူးသွားပြီး နောက်မှ သူမစကားမှားပြောမိကြောင်း သတိပြုမိသွားသည်။ သူမ ရှက်ရွံ့စွာဖြင့် ခေါင်းကိုအမြန်ယမ်းလိုက်ပြီး "မဟုတ်ပါဘူး မှားလို့။ အစ်ကိုဝမ်းကိုပြောတာ။ အဲဒါ ငါ့အစ်ကိုဝမ်းကွဲလုပ်ခဲ့တာလား"

-အခန်း(၄၁၁-ခ) ပြီး

## အခန်း(၄၁၂-က) နစ်မြုပ်နေသည့်ရတနာ(၁)

"ဟုတ်တယ်လေ” ကျိုးဖေးက ဂုဏ်ယူစွာဖြင့် ခေါင်းကို ညိတ်ကာပြောသည်။

"ဝိုး” ကျန်းဟန်၊ ဝမ်မင်နှင့် ကျောက်ဖုန်းတို့မှလွဲ၍ အမျိုးသမီးများအားလုံးမှာ ပန်းများကို ခံစားရန် ပြေးသွားကြသည်။

ထိုအချိန်တွင် အနက်ရောင်ပုံရိပ်တစ်ခုက လျှပ်စီးပမာ ပြေးလာလေသည်။

၎င်းက ရှောင်ပေါးဖြစ်၏။

သူ၏အရှိန်က ဝမ်မင်အား ကြောက်လန့်သွားစေသည်။

"အဲဒါ.... စိတ်ဝိညာဉ်သားရဲလား” ဝမ်မင်၏ စကား အဆုံးသတ်မှာ တုန်လှုပ်သံများပြည့်နေသည်။

ဝမ်မင် မည်မျှ ထိတ်လန့်သွားသည်ကို တွေးကြည့်နိုင်၏။

"ဟုတ်တယ်" ကျန်းဟာန်က ပြန်ဖြေသည်။ တစ်ချိန်တည်း မှာပင် ရောမပုံရိပ်ကြီးတစ်ခုက တောင်ထိပ်မှ ခုန်းဆင်းလာ သည်။

"ဝူး ဝူး ဝူး ဝူး"

တာပေါ်သည် စိတ်လှုပ်ရှားစွာဖြင့် အကြိမ်အနည်းငယ် ဟိန်းဟောင်လိုက်ပြီး ခြေလက်လေးချောင်းလုံးကို မြေပြင်ပေါ် အားဖြင့်ပုတ်ကာ သူတို့ဆီသို့ ပြေးလာသည်။

"???"

ဝမ်မင် တာပေါ်အား ငေးကြောင်စိုက်ကြည့်နေသည်။

အမြင့်ကြီးပဲ...

မုန့်မုန့်က သူ့ကို ဖေဖေ့ထက်ပိုမြင့်တယ်ဟု ပြောခဲ့တာကို ငါက စနောက်တယ် ထင်နေခဲ့တာ။ တကယ်ကြီး နှစ်မီတာ ကျော်နေလိမ့်မယ်လို့ ငါ မမျှော်လင့်ထားခဲ့ဘူး...

ဒါကလည်း စိတ်ဝိညာဉ်သားရဲပဲလား...

အုံ့အားသင့်ဖွယ်အတွေးတစ်ခုက သူ့စိတ်ထဲ ဝင်ရောက်လာသည်။

"အဲ တာပေးက အရမ်းကြမ်းတမ်းတယ်။ ကျုပ်က သူ့ပြိုင်ဘက်မဟုတ်ဘူး။ သူက အပြင်လူတွေကို အနည်းနည်းကြည့်မရဘူး။ ကျွန်တော်ရော ကျွန်တော့်နည်းပြရော သူရိုက်တာ ခံရဖူးတယ်။ ဦးလေးဝမ်... သတိထားနော်" ကျောက်ဖုန်းက ဝမ်မင်အား တိုးတိုးလေး သတိပေးသည်။

"အာ..." ဝမ်မင်သည် ကျောက်ဖုန်းအား လှည့်ကြည့်လိုက်ပြီး သံသယဖြင့် ပြောသည်။ "ငါ သူ့ကို မနိုင်ဘူးလို့ မင်းထင်နေတာလား"

ဝမ်မင်၏စကားများက ကျောက်ဖုန်းအား ကြက်သေသေသွားစေသည်။ ဝမ်မင်က ချီစွမ်းအားမာစတာဖြစ်ကြောင်း သူမေ့သွားခဲ့၏။

-အပိုင်း(၂) အခန်း(၄၁၂-က) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၃)] အခန်း(၄၁၂-ခ) နစ်မြုပ်နေသည့် ရတနာ(၂)

"တာဟေးက ဦးလေးကို မနိုင်ပါဘူး" ကျန်းဟန်က ရယ်မောလိုက်ပြီး ပြောသည်။ "သူက အခု အထွတ်အထိပ် အဆင့်ရဲ့ ထိပ်ဆုံးမှာရှိနေတာ"

"အထွတ်အထိပ်အဆင့်ရဲ့ ထိပ်ဆုံးလား။ ဟူး…" ဝမ်မင် တုန်တုန်ယင်ယင်ဖြင့် တာဟေးအား စိုက်ကြည့်လိုက်၏။ လေအေးများကို တစ်ချက်ရှူသွင်းလိုက်ပြီးနောက် သူ၏မျက်လုံးများ တောက်ပလာသည်။

ကောင်းတယ် ကောင်းတယ်။ စိတ်ဝိညာဉ်သားရဲဆို တကယ်ကောင်းတယ်။ ဟားဟားဟား… သူ့ရဲ့မျိုးဆက်တွေက သေချာပေါက် ပါရမီရှင်တွေဖြစ်မှာပဲ....

ဝမ်မင်သည် ကျန်းဟန်အား စိတ်လှုပ်ရှားမှုများဖြင့် တောက်ပစွာ ကြည့်နေသည်။

စိတ်ဝိညာဉ်သားရဲကို ဘော်ဒီဂတ်အဖြစ်ထားနိုင်ဖို့အတွက် သူက ဘယ်လောက်တောင် စွမ်းအားကြီးလိုက်လဲ...

တာဟေး ဘယ်တော့ ကလေးမွေးလာမလဲကိုပင် သူ စတင်တွေးနေခဲ့သည်။

ကျန်းဟန်သည် ဝမ်မင်၏သဘောတကျဖြစ်နေပုံကို ကြည့်ပြီး ဘာပြောရမှန်းမသိတော့။

စိတ်ဝိညာဉ်သားရဲက ပို၍အဆင်မြင့်လေ သူ၏မျိုးဆက်ကို မွေးထုတ်ပေးနိုင်စွမ်း နည်းလေဖြစ်သည်။ သို့သော် စိတ်ဝိညာဉ်သားရဲသည် အမှန်ပင် မွေးရာပါ ကျင့်ကြံခြင်းအားသာချက်များ ရှိ၏။ ဥပမာအားဖြင့် တာဟေးသည် အဆက်မပြတ်တိုးတက်နေနိုင်ရုံသာမက သူ၏သားပေါက်များမှာလည်း အဆင့်မြင့် စိတ်ဝိညာဉ်သားရဲအဖြစ် မွေးဖွားလာမည်ဖြစ်သည်။

သို့သော်...　　　ဤအရာအားလုံးဖြစ်လာရန်အတွက် ကတော့...

ကလေးမွေးနိုင်ရန် တာဟေးသည် အရင်ဆုံး ဂေါ်ရီလာ အမတစ်ကောင်ကို ရှာရမည်ဖြစ်သည်။

"ဝူး ဝူး ဝူး...”

တာဟေးသည် ဝမ်မင်အား နှုတ်ခမ်းများတွန့်ကာ စိုက်ကြည့်လိုက်၏။

သူက ငါ့ကို ထူးထူးဆန်းဆန်းပုံစံကြီးနဲ့ ကြည့်နေပါလား...

သူ့ကိုခေါက်ထားလိုက်ပါ။ ငါသာသာ သခင်လေးနဲ့ ကစားတော့မယ်...

ထိုနောက် သူသည် ပါးစပ်ကို အကြိမ်အနည်းငယ် လှုပ်ရှာမှန့်မုန့်အား ပခုံးပေါ်တင်၍ တောင်ပေါ်သို့ ပြန်သွားခဲ့သည်။

"ဒီခွေးကြီးကရော ဘယ်အဆင့်မှာလဲ" ဝမ်မင်သည် ရှောင်ပေး၏ကျောပြင်ကိုကြည့်ပြီး သူ့အား လက်ခေါက်မှုတ်၍ခေါ်ကာ ထိုင်ချ၍ ထိကြည့်ချင်လာသည်။

"သူလည်း အထွတ်အထိပ်အဆင့်ရဲ့ ထိပ်ဆုံးမှာပဲ" ကျန်းဟန်က ပြန်ဖြေသည်။

"ဒါက..." ဝမ်မင်၏နှုတ်ခမ်းများ တွန့်ချိုးသွားသည်။ သူ တစ်ခုခုပြောချင်သော်လည်း ဘာပြောရမှန်းမသိ။

ယနေ့ မြင်ရ ကြားရသမျှသည် သူ၏စိတ်ကူးနိုင်စွမ်းထက် ကျော်လွန်နေ၏။

ရှောင်ဟန်က ဘယ်လောက်တောင် အလားအလာရှိလိုက်သလဲ။ သူ့မှာ စိတ်ဝိညာဉ်သားရဲနှစ်ကောင်တောင် ရှိတယ်...

သူ တကယ်ကို အားကျမိသည်။

အခြားတစ်ဖက်တွင်တော့ ဝမ်ရန်နှင့် ယုံကျားရှင်းတို့သည် တာဟေးနှင့် ရှောင်ဟေးအား သတိမထားမိကြဘဲ ပန်းများကို သာ လိုက်ကြည့်နေကြ၏။

အချိန်အတော်ကြာနေခဲ့ကြပြီးနောက် နောက်ဆုံးတွင် သူ တို့ တောင်ပေါ်သို့ ဆက်၍ တက်ခဲ့ကြသည်။

"ဒါက ဘယ်လိုသစ်ပင်မျိုးလဲ။ ဘာလို့ ဒီလောက်မြင့်နေ တာလဲ။ မိုက်တယ်" ဝမ်မင်သည် သူ့ရှေ့မှ ယန်မိုးကြိုးသစ်ပင် ကို မော့ကြည့်လိုက်ပြီး အံ့ဩတကြီးပြောသည်။ "ဒီနေ့ မြင်ရ ကြားရသမျှက ငါ့ရဲ့ဆယ်စုနှစ်များစွာကို အချည်းအနှီးနေထိုင်ခဲ့ တာလို့ ခံစားရစေတယ်"

"အန်ကယ်ဝမ် ကျွန်တော်လည်း ဒီကိုရောက်စက အတူတူ ပါပဲ" ကျောက်ဖုန်းက ပြုံးလိုက်သည်။

လဆန်းတောင်ကို ပထမဆုံးအကြိမ်ရောက်ဖူးသူတိုင်း မွေးခါစကလေးတစ်ယောက်ပမာ ကမ္ဘာသစ်ကြီးကို ကြည့်ရှုမိ ကြပေမည်။

"ကျွန်မရဲ့ ပထမဆုံးအလည်လာတုန်းကလည်း အတူတူပဲ"

"သမီးရောပဲ"

ကျိုးဖေးနှင့် ကျန်းလီကလည်း ကျောက်ဖုန်းအား ထောက်ခံကြသည်။

သူတို့ ဒီကိုစရောက်ခါစက သူတို့၏အံ့အားသင့်မှုနှင့် ပျော်ရွှင်မှုတို့ကို သတိရနေဆဲဖြစ်သည်။

"အာ... ဂေါ်ရီလာကြီး။ ခွေးအကြီးကြီးရောပဲ။ အိမ်မွေးတိရစ္ဆာန်တွေအများကြီးလား" ဝမ်ရသည် တောင်နောက်ဘက်ရှိ အိမ်မွေးတိရစ္ဆာန်ဇရိယာကို မြင်သွားသည့်အခါ အော်ဟစ်လိုက်မိသည်။

"မုန့်မုန့်က သူတို့နဲ့ အရမ်းနီးကပ်လွန်းမနေဘူးလား။ ရောင်ယန် သူတို့မှာ ရောဂါပိုးမွှားတွေရှိတယ်နော်" ယုံကျားရှင်းက မုန့်မုန့်တစ်ယောက် အိမ်မွေးတိရစ္ဆာန်ဇရိယာထဲတွင်

ခုန်ပေါက်ပြေးလွှားနေသည်အား မြင်ပြီး စိုးရိမ်စိတ်ဖြင့် မင်းသမီးလေး၏မိခင်ကို သတိပေးသည်။

"သူတို့မှာ ရောဂါပိုးမွှားတွေမရှိပါဘူး။ မုန့်မုန့်က သူတို့နဲ့ စိတ်ချလက်ချ ကစားလို့ရတယ်" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

ယုံကျားရှင်း အနည်းငယ် အံ့အားသင့်သွားပြီး ပြုံးကာ ခေါင်းယမ်းလိုက်သည်။

ဟုတ်သားပဲ။ ကျန်းဟန်က မုန့်မုန့်အတွက်ဆို ဒီလောက် စိတ်ပူတတ်တာ။ သူမအတွက် အန္တရာယ်ရှိရင် သူ ဘယ်လိုလုပ် ခွင့်ပြုမှာလဲ...

ထို့ကြောင့် သူမ ပြုံးကာ ဇီယန်နှင့်အတူ အိမ်မွေးတိရစ္ဆာန် ဇရိယာသို့ သွားလိုက်သည်။

"ရှောင်ဟန် မင်းပြောတဲ့ နတ်အဆင့်ရတနာက ဒီမှာလား။ ငါ တစ်ချက်လောက် ကြည့်လို့ရမလား" ဝမ်မင်က လက်များ ကိုပွတ်ကာ မျှော်လင့်တကြီးမေးသည်။

"ဦးလေး ခဏခဏမြင်ပြီးသွားပြီလေ" ကျန်းဟန် ပြန် ဖြေသည်။

"အမ် ခဏခဏလား။ ဘယ်ဟာလဲ" ဝမ်မင်သည် ယန် မိုးကြိုးသစ်ပင်၏အောက်တွင် ရပ်လျက် ဘယ်ညာလိုက် ကြည့်သည်။

"ဦးလေးနောက်မှာ" ကျန်းဟန်က သူ့အား အရိပ်အမြွက် ပေးသည်။

"ငါ့နောက်မှာလား" ဝမ်မင် လှည့်ကြည့်လိုက်ရာ ယန် မိုးကြိုးသစ်ပင်အား တွေ့လိုက်ရသည်။ သူ၏မျက်လုံးများ ချက်ချင်းပြူးကျယ်သွား၏။

"ဒီသစ်ပင်က နတ်အဆင့်ရတနာလား" သူ သံသယဖြင့် ပြောသည်။ "မဖြစ်နိုင်ဘူး။ နတ်အဆင့်ရတနာက ကြီးကျယ်ခမ်းနားတဲ့အရာတစ်ခုဖြစ်သင့်တာမလား။ ဒါက သာမန်သစ်ပင်တစ်ပင်ပဲလေ"

"ဘာလို့လဲဆိုတော့ ကျွန်တော်က အဲဒါကို သူများတွေ မသိစေချင်လို့ပဲ" ကျန်းဟန်က ခေါင်းကိုအသာယမ်းလိုက်သည်။

"မင်းဘာကိုပြောချင်တာလဲ။ ငါ့ကို ရှင်းပြပေးလို့ရမလား" ဝမ်မင်က စိတ်ရှုပ်ထွေးစွာ မေးသည်။

"အင်း" ကျန်းဟန်က ခေါင်းညိတ်၏။

သူသည် ယန်မိုးကြိုးသစ်ပင်အား သန့်စင်ထားပြီးဖြစ်၍ ၎င်းအား ဆန္ဒရှိသလို ထိန်းချုပ်နိုင်သည်။

"ဒါက ဘာအတွက်သုံးရတာလဲ" ဝမ်မင်က ယန်မိုးကြိုးသစ်ပင်အား မော့ကြည့်လိုက်သည်။

"ဒါက ကမ္ဘာပေါ်က နတ်အဆင့်ရတနာတွေရဲ့ ၉၀ ရာခိုင်နှုန်းထက် ပိုပြီးသာတယ်။ သူ့ရဲ့လုပ်ဆောင်ချက်ကို ကျွန်တော် ပြမယ်" ကျန်းဟန်က ပြုံလိုက်ပြီး သူ၏မျက်လုံးများတွင် အလင်းရောင်တစ်ခု ပေါ်လာသည်။

ရုတ်တရက်...

ယန်မိုးကြိုးသစ်ပင်ပေါ်ရှိ လက်ဖဝါးအရွယ်သစ်ရွက်များက အကြိမ်အနည်းငယ် လှုပ်ခါသွားသည်။

ဝမ်မင် အံ့အားသင့်စွာ အော်ဟစ်လိုက်မိပြီးနောက် မျက်လုံးမှိတ်ကာ အပြောင်းအလဲများကို ခံစားကြည့်လိုက်သည်။

"..."

တခဏအတွင်းမှာပင် လဆန်းတောင်ပေါ်ရှိ ချီသည် များစွာ ပြောင်းလဲသွား၏။

ဝမ်မင်သည် ချီစွမ်းအားမရှိခင်က သူ့ရှေ့တွင် သာမန်သစ်ပင်တစ်ပင်ဟုသာ ခံစားနိုင်သည်။ ယခုတော့ ကြီးမားသော လှိုင်းလုံးကြီးများက သစ်ပင်ကြီးဆီမှ သူ့ဆီသို့ တိုးဝင်လာနေပုံရပြီး ၎င်းက သူ့အား ထိတ်လန့်ကြောက်ရွံ့သွားစေသည်။

"ချီး... အဲဒါဘာလဲဟ"

သူ အော်ဟစ်ကာ မျက်လုံးဖွင့်ပြီး နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်သည်။ ယန်မိုးကြိုးသစ်ပင်အား မော့ကြည့်ရင်း သူ အံ့သြတကြီးရေရွတ်သည်။ "အရမ်းရှော့ခ်ရဖို့ကောင်းတယ်"

ကျောက်ဖုန်းသည် ကိုမြင်ပြီး စိတ်ရှုပ်ထွေးစွာဖြင့် မျက်တောင်ခတ်လိုက်သည်။

ဘာတွေဖြစ်နေတာလဲ...

ငါဘာလို့ ဘာမှမခံစားမိတာလဲ...

"ဒီသစ်ပင် နတ်အဆင့်ရတနာပဲ။ ဒါက အရမ်းကြီးစိုးနိုင်စွမ်းရှိပုံပေါ်နေတာ အံ့ဩစရာမရှိတော့ဘူး။ တကယ့်ကို နတ်အဆင့်ရတနာပဲ” ဝမ်မင်သည် အံ့ဩမှင်တက်စွာပြောသည်။

ကျန်းဟန် ခပ်ရေးရေးပြုံးလိုက်ပြီး သူ၏အိတ်ထဲမှ သေတ္တာတစ်ခုကို ထုတ်ယူလိုက်သည်။

၎င်းက ဝမ်မင်နှင့် ကျောက်ဖုန်း၏အာရုံကိုလည်း ဆွဲဆောင်သွားသည်။

“ကလန့်”

သေတ္တာက ပွင့်လာပြီး ကျောက်ဖုန်းနှင့် ဝမ်မင်၏အကြည့်အောက်တွင် သလင်းကျောက်ကြိုးပုံစံ ရွှေရောင်ချည်ကြိုးတစ်ချောင်း ပေါ်လာသည်။ ၎င်းက အရည်တချို့ဖြစ်မည်ဟု သူတို့နှစ်ယောက် ခံစားမိကြသည်။

ထိုချည်မျှင်သည် ယန်မိုးကြိုးသစ်ပင်ဆီသို့ တည့်တည့်ပြေးဝင်သွားပြီး ပင်စည်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

"အဲဒါ ဘာလဲ" ဝမ်မင်က တိုးညှင်းစွာမေးသည်။

"ဦးလေးတို့အခေါ်အရ ဒါက ထွတ်မြတ်အဆင့်ရတနာ စိတ်ဝိညာဉ်ချဉ်ဆီပေါ့" ကျန်းဟန်က ပြန်ဖြေသည်။

"ထွတ်မြတ်အဆင့်" ဝမ်မင်၏သူငယ်အိမ်များ ကျုံ့သွားပြီး သူ၏မျက်နှာအမူအရာမှာ တောင့်တင်းသွားသည်။

သို့သော် ထိုနောက်တွင် သူ ရုတ်တရက် အလန့်တကြား အော်ဟစ်လိုက်၏။ "အာ...ဆိုးလိုက်တာ"

"ဘာဖြစ်လို့လဲ" ကျန်းဟန်က စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"အဲဒါက ထွတ်မြတ်အဆင့်ရတနာကို စားတယ်" ဝမ်မင်သည် ယန်မိုးကြိုးသစ်ပင်အား လက်ညှိုးထိုးပြကာ

ပြောသည်။ "ထွတ်မြတ်အဆင့်ရတာတွေက အရမ်းအဖိုးတန် လွန်းတယ်။ ရှောင်ဟောန် မင်း ဘယ်လိုလုပ် အဲဒါကို သစ်ပင် တစ်ပင်ကို ကျွေးလိုက်ရတာလဲ”

"အမ်...” ကျန်းဟန်သည် ဝမ်မင်၏ရယ်စရာကောင်းမှု ကြောင့် ဘာပြောရမှန်းမသိတော့။

"နေဦး မဟုတ်သေးဘူး။ အဲဒါက ဖွံ့ဖြိုးနိုင်တာလား။ မင်း အဲဒါကို ထွတ်မြတ်အဆင့်ရတနာတွေတောင် ကျွေးလို့ရ တယ်....” ဝမ်မင်သည် နောက်ဆုံးတွင် အဖြစ်အပျက်ကို သဘောပေါက်သွားသည်။ သူ့ကိုယ်သူ အမြင်ကျဉ်းမိ သည့်အတွက် ကိုးရိုးကားရားပြုံးလိုက်သည်။

ဒီစိတ်ဝိညာဉ်သားရဲတွေ၊ နတ်အဆင့်နဲ့ ထွတ်မြတ်အဆင့် ရတနာတွေအားလုံးက ငါ့ရှေ့မှာ စုပြုံရောက်နေတယ်။ တခြား တစ်ယောက်ယောက်သာ ငါ့နေရာမှာဆိုရင် သူလည်း ငါ့ထက် ပိုပြီး တည်ငြိမ်နေနိုင်မှာမဟုတ်ပါဘူး...

"သစ်ပင်က စိတ်ဝိညာဉ်ချင်ဆီကို မစားပါဘူး။ ဒါပေမယ့် အဲဒါကို စုပ်ယူပြီးတော့ စိတ်ဝိညာဉ်ချဉ်ဆီကို အရေးပါတဲ့နေရာကနေ ပါဝင်စေတယ်” ကျန်းဟန်က လှည့်ကာ ထပ်ပြောလိုက်သည်။

ကျန်းဟန်၏မျက်လုံးများမှတဆင့် နောက်ထပ်အလင်းရောင်တစ်ခု လင်းလက်လာပြီး ယန်မိုးကြိုးသစ်ပင်ဆီသို့ ဦးတည်သွားသည်။

ယခုတစ်ကြိမ်တွင် ကျန်းဟန်၏စိတ်ဝိညာဉ်အာရုံအကူအညီဖြင့် သူမက သူ၏စိတ်ထဲ၌ မှုန်ဝါးနေသည့် လဆန်းတောင်၏မြေမျက်နှာသွင်ပြင်အသေးစိတ်သည် တဖြည်းဖြည်းထင်ရှားလာသည်။

စိတ်ဝိညာဉ်ချင်ဆီကို စုပ်ယူပြီးနောက် ယန်မိုးကြိုးသစ်ပင်၏အမြစ်ပေါင်း သန်းပေါင်းများစွာသည် အလင်းဖြွထွက်နေသည့် ကွန်ရက်ကြီးတစ်ခုပမာ မြေကြီးထဲတွင် နက်ရှိုင်းစွာ မြုပ်နှံထားသည်ကို သူမြင်နိုင်သည်။ အနက်ရှိုင်း

ဆုံးအမြစ်ထိပ်ဖျားသည် စိတ်ဝိညာဉ်ချင်ဆီ အစက်များကို လျှို့ဝှက်စွာ စတင်ကျဆင်းလာပြီး စိတ်ဝိညာဉ်ချင်ဆီများက အလင်းရောင်အဖြစ်ပြောင်းလဲကာ စိတ်ဝိညာဉ်ရေထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားသည်။

၎င်းကြောင့် စိတ်ဝိညာဉ်ရေများမှာ ဆက်တိုက်ပြောင်းလဲလာပြီး ပျစ်လာခဲ့သည်...

တဖြည်းဖြည်းနှင့် စိတ်ဝိညာဉ်ရေများအားလုံးသည် ပြဒါး၏သိပ်သည်းဆအထိသို့ ပျစ်သွားခဲ့ပုံရပြီး ဖြည်းညှင်းစွာ စတင်လည်ပတ်လာသည်။

တစ်ချိန်တည်းမှာပင် သိပ်သည်းဆတိုးလာမှုကြောင့် ပျစ်နေသည့်စိတ်ဝိညာဉ်ရေများသည် အောက်သို့ စတင်စိမ့်ဝင်လာပြီး စက်ဝိုင်းပုံစံလှိုဏ်ဂူကြီးသည် တဖြည်းဖြည်း စတင်နေရာလွတ်လာခဲ့သည်။

မိတာ ၂၀ နိုးပါး နိမ့်ဆင်းသွားသည့်အခါ စိတ်ဝိညာဉ်ရေများမှာ ပိုမိုပျစ်လာပြီး အက်ကြောင်းများတွင် ရပ်တန့်သွားသည်။

ငင်းက စိတ်ဝိညာဉ်သလင်းကျောက်မိုင်းတွင်းတစ်ခု ဖွဲ့စည်းခြင်း၏ပထမအဆင့်ဖြစ်သည်။

စဉ်ဆက်မပြတ် ဆင့်ကဲပြောင်းလဲခြင်းကိုဖြတ်ကျော်ပြီးမှ သာလျှင် စိတ်ဝိညာဉ်ရေများက စုပုံပေါင်းစည်းလာပြီး စိတ်ဝိညာဉ်သလင်းကျောက်မိုင်းတွင်းအသစ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။

"အမ်... ရှောင်ဟန် အဲဒါ ကြီးလား" ဝမ်မင်သည် ယန်မိုးကြိုးသစ်ပင်ဘေးရှိ ဒြပ်စင်ပါးမျိုးအား ရုတ်တရက်တွေ့လိုက်ရပြီး သိချင်စိတ်ဖြင့် မေးသည်။

"အဲဒါ ဒြပ်စင်ငါးမျိုးဆေးမီးဖိုပါ။ ဒါရိုက်တာလဲ့ဆီက ငှားထားတာ" ကျန်းဟန်က ပြန်ဖြေသည်။

"ဒြပ်စင်ငါးမျိုးဆေးမီးဖိုလား။ ဘာလို့ အဲဒါကို ကြားဖူးသလိုဖြစ်နေပါလိမ့်" ဝမ်မင် ခဏလောက် စဉ်းစားလိုက်ပြီး ရုတ်တရက် "ဒြပ်စင်ငါးမျိုးဆေးမီးဖို... အဲဒါ မှော်ဆေးပညာအတွက် အစွမ်းအထက်ဆုံးရတနာမဟုတ်လား။ ဒါရိုက်တာလဲ့

မင်းကို ဒီရတနာ ငှားပေးတယ်ပေါ့။ ရှောင်ဟန် မင်းက ကတယ်ကို လွှမ်းမိုးနိုင်စွမ်းရှိတာပဲ”

ဒြပ်စင်ငါးမျိုးဆေးမီးဖိုသည် ကောင်းကင်ဆေးလုံးဂိုဏ်း၏ပတည့်များက အဖိုးအတန်ဆုံးရတနာအဖြစ် သတ်မှတ်ထားကြောင်း သူ ကြားခဲ့ရသည်။

ကောင်းကင်ဆေးလုံးဂိုဏ်း၏ခေါင်းဆောင်သည် သူ၏ကိုယ်ပိုင် ထွတ်မြတ်အဆင့်ကို ပိုင်ဆိုင်ထားပြီး အကြီးအကဲများအားလုံးတွင် သူတို့၏ကောင်းကင်အဆင့်များရှိကြသော်လည်း အဓိကတပည့်များအားလုံးသည်တော့ ရတနာများ ချို့တဲ့နေဆဲဖြစ်သည်။ ထို့ကြောင့် ဒြပ်စင်ငါးမျိုးဆေးမီးဖိုသည် သူတို့၏ပန်းတိုင်ဖြစ်သည်။ သို့သော် လဲ့ထျန်းနန်က ဒြပ်စင်ငါးမျိုးဆေးမီးဖိုကို မရောင်းသည့်အတွက် သူ့အား သွေးဆောင်ရန် အကြီးအကဲတစ်ဦးကိုပင် ခိုင်းစေခဲ့သေးသည်။

ဒြပ်စင်ငါးမျိုးဆေးမီးဖိုမီးဖိုက ဒီမှာရှိလိမ့်မယ်လို့ မမျှော်လင့်ထားဘူး...

မယုံနိုင်စရာပဲ...

နေပါဦး...

ဆေးမီးဖိုလား...

???

ဝမ်မင်သည် ကျန်းဟန်အား မှင်တက်စွာဖြင့် ကြည့်လိုက်သည်။

ကျန်းဟန်သည် ၎င်းကိုမြင်သည့်အခါ ခေါင်းယမ်းလိုက်၏။ ဝမ်မင် စကားမပြောနိုင်ခင်မှာပင် သူက ရှင်းပြလိုက်သည်။ "ဟုတ်တယ်။ ကျွန်တော်က မှော်ဆေးပညာကိုလည်း တတ်တယ်"

"ဖူး.... မင်း.. မင်းဘယ်လိုပ် ဆေးပညာကို တတ်နေတာလဲ ရှောင်ဟန်"

ဝမ်မင် တံတွေးသီးသွားသည်။

သူပြောလိုက်သည်နှင့် ဝမ်မင်မှာ တုန်လှုပ်ခြောက်ခြားမှုကို မခံစားရဘဲမနေနိုင်တော့။ သူ တစ်မိနစ်ခန့် အသက်ပြင်းပြင်းရှူလိုက်ပြီးနောက်မှ တည်ငြိမ်သွားခဲ့သည်။

သူ ခေါင်းကိုယမ်းရင်း ပြောသည်။ "ရှောင်ဟန် မင်းက တကယ်ကို ပါရမီရှင်တစ်ယောက်ပဲ။ ဒါပေမယ့် မင်းက ဝက်ပါပညာကိုလည်းလေ့လာတယ်၊ ဆေးပညာကိုလည်းလေ့လာတယ်။ မင်းရဲ့ကိုယ်ပိုင်သိုင်းပညာကိုလည်း လေ့ကျင့်ရသေးတယ်။ အဲဒါတွေက မင်းအတွက် ကျေညက်ဖို့ များပြားလွန်းနေတယ်။ တကယ်တော့ မင်း စွမ်းရည်တစ်ခုတည်းကိုပဲ ကျွမ်းကျင်အောင်လုပ်ဖို့လိုတာပါ။ ဆေးပညာရဲ့အသိပညာတွေက နက်ရှိုင်းလွန်းပြီး တချို့ ဆရာကြီးတွေတောင်မှာ သူတို့ရဲ့ဘဝကို အဆုံးမရှိတဲ့ သုတေသနတွေလုပ်ရင်းနဲ့ ကုန်ဆုံးကြရတယ်။ သင်ယူလေ့လာခြင်းက အဆုံးမရှိဘူး။ ပြီးတော့ မင်း ပိုပြီးများများလေ့လာသင်ယူလေ မင်းရဲ့တိုးတက်မှုကို နှေးကွေးစေလေပဲဖြစ်မှာ"

"အဲဒါ အဓိပ္ပာယ်ရှိပါတယ်" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။ သူသည် အသိပညာကြွယ်ဝသော်လည်း ဇီယန်၏ခန္ဓာကိုယ်အတွင်းမှ ရုတ်တရက်ပေါ်လာသည့် လမင်းပုံစံအရာ၊ သူ၏ပြန်လည်မွေးဖွားလာခြင်းတို့ကဲ့သို့သော သူကောင်းစွာမသိသေးသည့် နယ်ပယ်များစွာ ရှိနေသေးသည်။ ကျန်းဟန်သည် ၎င်းတို့အား နားလည်းနားမလည်နိုင်သလို့ သဲလွန်စလည်း ရှာမတွေ့နိုင်ခဲ့ချေ။

ဤအရာများ၏အမှန်တရားကို တဆင့်ခြင်းထုတ်ဖော်ရန်လိုအပ်သည့် လျှို့ဝှက်ဆန်းကြယ်သော ပိတ်ကားလွှာများဖြင့် ဖုံးအုပ်ထားပုံရသည်။

"မင်းသိနေမှတော့ ဘာလို့..." ဝမ်မင်က ဖြည်းညှင်းစွာပြောသည်။ ခွန်အားအရာတွင် သူသည် ကျန်းဟန်အား သွန်သင်ပေးရန် အရည်အချင်းမပြည့်မီသော်လည်း ဆွေမျိုးတစ်ယောက်အနေဖြင့် လူငယ်လေးအား သတိပေးချင်နေသေးသည်။

သို့သော် သူ၏စကားမဆုံးခင်မှာပင် ကျန်းဟန်က ခေါင်းယမ်းကာ ပြောလိုက်သည်။ "မော်ဆေးပညာနယ်ပယ်မှာ ကျွန်တော့်ရဲ့အဆင့်က ဝက်ပါပညာရပ်ထက် အများကြီးပိုမြင့်တယ်”

"???”

ဝမ်မင် နေရာတွင်ပင် ရပ်တန့်သွားပြီး နှုတ်ခမ်းများတုန်ယင်နေကာ ဘာပြောရမန်းမသိတော့။

"ဂလု...”

ဝမ်မင် အသံကျယ်လောင်စွာ တံတွေးမျိုချလိုက်ပြီး တုန်ယင်နေသည့်အသံဖြင့် မေးသည်။ "အဲဒါ အမှန်ပဲလား”

"အင်း” ကျန်းဟန်က ပြန်ဖြေသည်။

နှစ်ယောက်သား တိတ်ဆိတ်သွား၏။

-အပိုင်း(၃) အခန်း(၄၁၂-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၄)] အခန်း(၄၁၂-၈) နစ်မြုပ်နေသည့် ရတနာ(၃)

ကျောက်ဖုန်းကတော့ သူတို့အား မျှော်လင့်တကြီးဖြင့် စောင့်ကြည့်နေဆဲဖြစ်၏။

သူသည် အချိန်အတော်ကြာကတည်းက တုန်လှုပ်ထိတ်လန့်သည့်အဆင့်ကို ကျော်ဖြတ်ခဲ့ပြီးသားဖြစ်ပြီး ယခုမြင်ကွင်းက ကျန်းဟန်အပေါ် လေးစားကြည်ညိုမှု ပို၍တိုးစေယုံသာရှိလေသည်။

ငါ့ရဲ့ဆရာက ကျင့်ကြံသူတစ်ယောက်ပဲလေ...

ဆရာက အရမ်းအံ့သြဖို့ကောင်းတယ်...

ခဏအကြာတွင် ဝမ်မင်သည် ခေါင်းကိုယမ်းကာ ကျန်းဟန်အား အားတင်းပြုံးပြလိုက်၏။ "ဟင်း.... ရှောင်ဟန်” သူ

သက်ပြင်းချလိုက်ပြီး "ငါမင်းကို တကယ်ကို လေးစားတယ်။ မင်းက အရမ်းထူးချွန်လွန်းတယ်”

သူသည် သူ၏စိတ်ပိုင်းဆိုင်ရာနှင့် မိမိကိုယ်ကိုယ်ယုံကြည်မှု ပြိုလဲသွားသလို ခံစားလိုက်ရသည်။

ကျန်းဟန်၏အကြောင်းကို ပိုသိလာလေ သူ၏တူအား ပို၍လေးစားမိလာလေဖြစ်သည်။ အစပိုင်းတွင် ဝမ် မိသားစု၏ဒုတိယမျိုးဆက်တွင် ပါရမီရှင်တစ်ယောက်အနေဖြင့် သူ အနည်းငယ် ကျေနပ်နေမိခဲ့သော်လည်း ယခုတော့ သူ့ကိုယ်သူ ရှက်ရွံ့မိသွားသည်။

"ဖေဖေ ဖေဖေ ဒီကိုလာ” မုန့်မုန့်၏ခေါ်သံက အဝေးမှ ထွက်ပေါ်လာသည်။

"ဖေဖေလာပြီ” ကျန်းဟန်သည် ထိုနေရာသို့လှမ်းကြည့်လိုက်ပြီး နူးညံ့စွာပြုံးကာ သမီးဖြစ်သူထံသို့ အမြန်လျှောက်သွားသည်။

"အံ့ဩဖို့ကောင်းလွန်းတယ်" ဝမ်မင်သည် ကျောက်ဖုန်းအား ကြည့်လိုက်ပြီး သက်ပြင်းထပ်ချကာ ကျန်းဟန်နောက်သို့ လိုက်သွားသည်။

ကျန်းဟန်က မုန့်မုန့်ဆီသွားကာ မင်းသမီးလေးနှင့်အတူ ကစားနေပြီး ဝမ်မင်က ယုံကျားရှင်းဆီသို့ လျှောက်သွားကာ တိုးတိုးလေးပြောသည်။

"အဲဒီသစ်ပင်ကြီးကို ကြည့်လိုက်။ အဲဒါ နတ်အဆင့် ရတနာပဲ နတ်အဆင့်ရတနာ...

အခုလေးတင် ရှောင်ဟန်က ထွတ်မြတ်အဆင့်ရတနာ တစ်ခု ထုတ်လာသေးတယ်။ သူ့မှာ ရတနာတွေအများကြီးရှိတယ်...

ဒြပ်စင်ပါးမျိုးဆေးမီးဖိုလည်း တောင်ရဲ့ဟိုဘက်ခြမ်းမှာရှိတယ်။ အဲဒါက ကောင်းကင်အဆင့်ရတနာပဲ။ သူက မှော်ဆေးပညာကိုတောင် တတ်သေးတယ်..."

ယုံကျားရှင်းမှာ အနည်းငယ် အံ့အားသင့်သွားသော်လည်း ပို၍ ဝမ်းသာသွားသည်။

"ခွန်းရှကမ္ဘာပွင့်လာတဲ့အချိန်ကျရင် ရှောင်ဟန်က သူ့မိဘတွေကို ပြန်ခေါ်လာပြီး အဲဒီ ပါရမီရှင်ဆိုပြီး ကြွားဝါနေတဲ့လူတွေကို အံ့အားသင့်သွားစေမှာ သေချာတယ်...” ယုံကျားရှင်းက အနာဂတ်အတွက် မျှော်လင့်ချက်အပြည့်ဖြစ်နေသည်။

ခဏအကြာတွင် ဝမ်မင်လည်း တည်ငြိမ်သွားပြီး သူ၏စိတ်လိုက်မန်ပါရှိခြင်းက ရယ်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။

သူ ယခုလိုမျိုး မခံစားရသည်မှာ နှစ်များစွာကြာပြီဖြစ်သည်။ ထိုနှစ်များစွာ၏ ထိတ်လန့်တုန်လှုပ်စရာများအားလုံးစုပေါင်း၍ ယနေ့မှ လွတ်ထွက်လာသလိုမျိုးပင်။

"တကယ့်ကို သုခဘုံပဲ” ဝမ်မင် ရိုးသားစွာ ချီးကျူးလိုက်သည်။

"ဒါက မုန့်မုန့်ရဲ့ သုခဘုံလေ” ရှောင်ပေး၏ဘေးနားတွင် ရှိနေသည့် မုန့်မုန့်က လှည့်ကြည့်ကာ လေးနက်စွာပြောသည်။ "ဖေဖေက ဒါကို မုန့်မုန့်အတွက် ဆောက်ပေးထားတာ။ မုန့်မုန့် အတွက် အထူးသီးသန့် တည်ဆောက်ပေးထားတာ”

""ဟုတ်တယ်။ ဒါက မုန့်မုန့်ရဲ့ဟာလေ။ မုန့်မုန့်အတွက် အထူးသီးသန့်တည်ဆောက်ထားတာ” ကျန်းဟန်က ရယ်မောကာ သံယောင်လိုက်ပေးလိုက်သည်။ သူသည် မုန့်မုန့်အား နူးညံ့စွာကြည့်ရင်း သူ၏နှုတ်ခမ်းထက်တွင် ပျော်ရွှင်ကြည်နူး သည့်အပြုံးတစ်ခု ပေါ်လာသည်။

"ခစ်ခစ်ခစ်... ရှောင်ပေးပေး သွားမယ် ဟိုကိုသွားကြ မယ်...” မုန့်မုန့်က ဝမ်းသာအားရဖြင့် ဘေးနားရှိ ရှောင်ပေးကို သူမလေးအား သယ်သွားခိုင်းသည်။

ယုံကျားရှင်းနှင့် အခြားသူများမှာ ခေါင်းယမ်းလိုက်ကြ၏။

ဇီယန်လည်း အလွန်ပျော်ရွှင်နေခဲ့သည်။ သူမ ပြုံးကာ မျက်လုံးဝိုင်းဝိုင်းများကို တဖျပ်ဖျပ်ခတ်ရင်း ကျန်းဟန်၏နား

နားသို့ကပ်ကာ တိုးတိုးလေးပြောသည်။ "ကျွန်မလည်း ကျွန်မအတွက် အထူးသီးသန့် သုခဘုံတစ်ခုလိုချင်တယ်"

ကျန်းဟန်၏မျက်လုံးများ ကျဉ်းမြောင်းသွားပြီး ဇီယန်၏နားနားသို့ကပ်ကာ တိုးတိုးလေးပြန်ပြောသည်။ "မင်းအတွက် တောင်ထိပ်မှာ ရဲတိုက်တစ်ခု ကိုယ်တည်ဆောက်ပေးမယ်။ အဲဒါကို ကိုယ် ညတွင်းချင်းဆောက်မယ်။ ကိုယ်တို့ရဲ့အချစ်ကို သက်သေပြသလိုမျိုး အထဲမှ ကိုယ်တို့ရဲ့အရိပ်အယောင် အငွေ့အသက်တွေ ချန်ထားတယ်"

ဇီယန်၏မျက်လုံးများမှာ တလက်လက်တောက်နေပြီး ကျန်းဟန်အား ချစ်မြတ်နိုးစွာဖြင့် ကြည့်နေသည်။

သူမ၏ချစ်ရည်လဲ့သည့်အကြည့်များက ကျန်းဟန်အား ပြုံးပျော်သွားစေသည်။

အကယ်၍ အနေရာတွင် မည်သူမျှမရှိဘဲ သူတို့ချည်းသာဆိုပါက သူ...

သို့သော်... "အကယ်၍" ဆိုသည်မှာ မရှိချေ။

"အမ်.. အဲဒါ ငါးကန်လား။ မသေးဘူးပဲ။ ငါးကန်ထဲမှာ ငါးတွေအများကြီးရှိတယ်ထင်တယ်" ဝမ်မင်သည် ငါးကန်ပတ်ပတ်လည်ရှိ ဟိုလီသစ်ပင်များရှေ့တွင် ရပ်ကာ အကြမ်အနည်းငယ် ကြည့်ရှုလိုက်သည်။ "ဒီမှာ ငါးမျှားရင် လုံးဝအေးအေးဆေးဆေးနဲ့ မိုက်နေမှာပဲ" သူ ချီးမွမ်းသည်။

ကျန်းဟန်က ဇီယန်၏လက်ကိုဆွဲကာ ပြုံး၍ ဝမ်မင်အားငါးကန်နှင့် မိတ်ဆက်ပေးသည်။ "ဒီမှာ ငါးတွေအများကြီးရှိတယ်။ အခု စားလို့ရတယ်။ ဦးလေးစိတ်ဝင်စားရင် ဒီမှာ ငါးလာမျှားလို့ရတယ်။ ကျွန်တော် ရှောင်ဖုန်းကို ပြီးရင် ငါးမျှားကိရိယာတွေပြင်ဆင်ပေးဖို့ ခိုင်းလိုက်မယ်"

"တကယ်လား။ အရမ်းကောင်းတယ်။ နေရာကောင်းပဲ" ဝမ်မင်သည် ဤနေရာအတွက် လုံးဝ ချီးမွမ်းထောမနာများဖြင့် ပြည့်နေသည်။

ဘယ်ညာကြည့်လိုက်ရင်း တိရစ္ဆာန်မွေးမြူးရေးခြံကို သွားကာ နွားနှင့်သိုးများကို ခေတ်ပုံများစွာ ရိုက်သည်။ ကျန်းဟန်က ၎င်းတို့အား ကောင်းစွာမွေးမြူထားသည့်အတွက် ချီးကျူးမဆုံးဖြစ်နေပြီး ဝမ်မင်သည် ဟန်ဂေရီသိုးဝက်များအကြောင်းကို အသေးစိတ်မေးမြန်းခဲ့သည်။ ထိုနောက် စိုက်ပျိုးရေးဇရိယာသို့ သွားကာ စပါး၊ ဂျုံများကို ကြည့်ရှုကာ သူငယ်စဉ်က စပါးစိုက်ခဲ့သည့်အကြောင်းများကို ပြောပြသည်။

နောက်ဆုံးတွင် သူသည် ယန်မိုးကြိုးသစ်ပင်ဆီသို့ ပြန်လာခဲ့ပြီး ဘယ်ညာလိုက်ကြည့်ကာ ပင်စည်အား စတင်ထိတွေ့ကြည့်ပြီး ပြုံး၍မဆုံးဖြစ်နေတော့သည်။

၁၀ နာရီခွဲတွင် ကျောက်ဖုန်း လျှောက်လာပြီး "ဆရာကျွန်တော်စီစဉ်ထားတဲ့ ကုန်တင်သင်္ဘောက တစ်နာရီလောက်နေရင် ဦးတည်ရာကိုရောက်လိမ့်မယ်”

"ကောင်းပြီ နေ့လယ်စာပြန်စားပြီးရင် နေ့ခင်းကျ ရတနာတွေဆယ်ဖို့ ပင်လယ်ထဲကို သွားကြတာပေါ့" ကျန်းဟန်က မတ်တပ်ထရပ်ကာ ပြောသည်။

ထိုသို့ဖြင့် သူတို့ အိမ်ပြန်ကာ နေ့လယ်စာစားကြပြီး ထိုနောက် ကျောက်ဖုန်း သင်္ဘောငှားထားသည့် ရေနက်ပင်လယ်ကွေ့သင်္ဘောကလပ်သို့သွားကြသည်။

ဤတစ်ကြိမ်တွင် သူတို့သည် သင်္ဘောအကြီးတစ်စင်းကို ငှားထားကြပြီး ဦးတည်ရာနေရာ ကိုသြဒိနိတ်များ ရရှိပြီးနောက် ပင်လယ်သို့ ဆက်လက်ထွက်ခွာကြသည်။

အပေါ်ဆုံးထပ်ရှိ ပက်လက်ကုလားထိုင်များပေါ်တွင် ထိုင်နေကြရင်း ယုံကျားရှင်းက မေးသည်။ "ရှောင်ဟန် ရတနာတွေဆယ်မယ်ဆိုတာက ဘာကိုပြောတာလဲ"

"အဲဒါ မြုပ်နေတဲ့သင်္ဘောတစ်စီးပါ။ အထဲမှာ ရတနာတွေအများကြီးရှိတယ်" ကျန်းဟန်က ပြန်ဖြေသည်။

"အမ် ပင်လယ်အောက်ထဲက ရတနာလား။ ငါက ငါတို့ ငါး ဖမ်းဖို့ တစ်ခုခုလုပ်ဖို့ ထွက်လာတယ်ထင်နေတာ" ဝမ်ရ အနည်းငယ် အံ့အားသင့်သွားသည်။

ပင်လယ်အောက်ထဲကရတနာဆိုသည်မှာ နစ်မြုပ်နေသည့် ရှေးဟောင်းတန်ဖိုးရှိ ပင်လယ်ခရီးပြသင်္ဘောများ၊ ရတနာသင်္ဘောများ၊ ပြည်ပကုန်သွယ်ရေးသင်္ဘောများ ကိုရည်ညွှန်းသည်။

ပင်လယ်သမုဒ္ဒရာသည် ကမ္ဘာမြေ၏ မြေမျက်နှာသွင်ပြင်ဧရိယာအများစုကို သိမ်းပိုက်ထားသည့်အတွက် ပင်လယ်အောက်ထဲရှိ ရတနာများမှာ ကြွယ်ဝများပြားပြီး သုတေသနပြုရန် ရှေးဟောင်းပစ္စည်းများနှင့် လက်ဝယ်ရတနာများ အပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးကို ရှာဖွေတွေ့ရှိနိုင်သည်။

ဝမ်ရသည် ဒေါ်လာငါးဘီလီယံတန်ဖိုးရှိ သင်္ဘောပျက်တစ်ခုမှ ရတနာများတွေ့ရှိကြောင်း အစီရင်ခံစာကို ဖတ်ခဲ့ဖူးသည်။ သင်္ဘောပျက်ဖြစ်သည့်အတွက် ရတနာများမှာ တဖြည်းဖြည်း

ပျောက်ဆုံးကုန်ပြီး နောက်ဆုံးတွင် ဒေါ်လာ သန်းငါးရာတန်ဖိုးရှိ ရတနာများကိုသာ ပြန်လည်ရယူနိုင်ခဲ့သည်။ ဒေါ်လာ တစ်ဘီလီယံနှင့် နှစ်ဘီလီယံကြားရှိ ရတနာများ၊ ဒေါ်လာသန်းရာနှင့်ချီသည့် ရတနာများ စသည့် အခြားအစီရင်ခံစာများလည်းရှိသည်။

ဝမ်ရသည် သူမ သိရှိထားသည်အား အခြားသူများကို ပြောပြလိုက်သည့်အခါ သူတို့လည်း အံ့အားသင့်သွားကြသည်။

ကျန်းဟန်သည် အာရုံစိုက်မှုအား တဖန်ပြန်၍ ခံရပြန်သည်။

ဒေါ်လာဘီလီယံနဲ့ချီတန်တဲ့ ပင်လယ်အောက်ရတနာတွေကို သူ ရနိုင်ပါ့မလား…

အစီရင်ခံစာအကြောင်းကိုကြားတော့ ကျန်းဟန်က ခေါင်းယမ်းလိုက်ပြီး "ရှောင်ရပြောသလောက်တော့ မများပါဘူး။ ဒေါ်လာ သန်း ၃၀၀ ကနေ ၅၀၀ ကြားတော့ရှိပါတယ်"

အများစုမှာ ရွှေ၊ ကျောက်မျက်ရတနာများနှင့် ရှေးဟောင်းပစ္စည်းအနည်းငယ်ဖြစ်သည်။

ကျန်းဟန်သည် ၎င်း၏စုစုပေါင်း တန်ဖိုး မည်မျှရှိသည်ကို သေချာမသိချေ။ သူသည် ထိုအချိန်က ၎င်းရတနာများကို သေချာဂရုစိုက်ကြည့်မနေခဲ့ချေ။ ကျောက်တုံးအိမ်ထဲရှိ ည လင်းပုလင်းများ၏တန်ဖိုးကိုလည်း ထည့်မတွက်ခဲ့ချေ။ ထို့ပြင် ထိုပုလဲများကို လဆန်းတောင်ပေါ်တွင် အလှဆင်ရန် ရည်ရွယ်ထားပြီး ရောင်းချရန် အစီအစဉ်မရှိချေ။

သို့သော် ယခု သူခန့်မှန်းပေးလိုက်သည့် ပမာဏကပင် အံ့အားသင့်လောက်စရာဖြစ်နေသည်။

"ယွမ်နှစ်ဘီလီယံလောက်ပေါ့..." လူအုပ်ကြီးမှာ အံ့အားသင့်သွားကြသည်။

ငွေရှာရတာ အရမ်းလွယ်တာပဲ...

သူတို့ တွေးလိုက်မိကြ၏။

ရတနာဆယ်ယူခြင်းမှာ ဘာမှမကုန်ကျဘဲ ကျန်းဟန်အတွက် အသားတင်အကျိုးအမြတ်ဖြစ်သည်။

ဝမ်မင်သည် သူ၏ကိုယ်ပိုင်လုပ်ငန်းမှ ဝင်ငွေရသည့်အရှိန်ကို တွေးမိပြီး နှုတ်ခမ်းများ ရှုံ့မဲ့သွားသည်။

နိုင်းယှဉ်ခြင်းက နာကျင်စရာပဲ...

-အခန်း(၄၁၂-ဂ)ပြီး

## အခန်း(၄၁၃-က) မြောင်းအတွင်းနက်နက်(၁)

ပင်လယ်အောက်ရတနာများသည် အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး ရှာဖွေရခက်ခဲသည်။ နာမည်ကြီး သဘော်ာပျက်အများအပြားမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ဝမ်ရသည် ပင်လယ်အောက်ရတနာများအကြောင်း ဒဏ္ဍာရီများစွာကို ဖတ်ခဲ့ဖူးသည်။ အစောပိုင်းနှစ်များတွင် အနောက်နိုင်ငံမှ သူဌေးကြီးတစ်ဦးသည် သူ၏ရတနာများ

အားလုံးကို ပင်လယ်ထဲသို့ ရည်ရွယ်ချက်ရှိရှိ နှစ်မြှုပ်ခဲ့သည်။ နောက်ပိုင်းတွင် ရတနာများ၏တည်နေရာကိုသြဒိနိတ်အမှတ်များအတိုင်း ပြန်ရှာခဲ့သော်လည်း လျှို့ဝှက်ဆန်းကြယ်မှုတစ်ခု ဖြစ်လာခဲ့သည်။

အမှန်ပင်။ ပင်လယ်သမုဒ္ဒရာကိုယ်တိုင်က လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုဖြစ်၏။ လူများမသိရှိနိုင်သေးသည့် နေရာများစွာ ရှိနေသေးသည်။ ဥပမာအားဖြင့် ကမ္ဘာကျော်နတ်ဆိုးဧရိယာဖြစ်သည့် ဘာမြူဒါတြိဂံတွင် မရေမတွက်နိုင်သည့် သင်္ဘောများ လေယာဉ်များ နစ်မြုပ်ပျောက်ဆုံးသွားခဲ့သော်လည်း အကြောင်းအရင်းကို မည်သူမျှ မသိရှိခဲ့ကြချေ။

ထိုထူးဆန်းသည့်နေရာတွင် အထူးအကြောင်းအရင်းတချို့ ရှိရပေမည်။ သို့သော် ကျန်းဟန်သည် သိုင်းလောကထဲတွင် အချိန်အတော်ကြာ ရှိနေခဲ့သည်မဟုတ်ချေ။ သူသည် သက်ဆိုင်ရာဒဏ္ဍာရီပုံပြင်များကို မကြားဖူးသလို ၎င်းကို သိပ်ပြီးစိတ်မဝင်စားသည့်အတွက်လည်း လေ့လာခြင်းမရှိချေ။

ပို၍ကြီးမားပြီး ပို၍ထူးဆန်းကာ အန္တရာယ်များသည့်နေရာများကို စူးစမ်းလေ့လာသည့် ကျန်းဟန်သည် ယခု အရာရာတိုင်းကို သူ့အတိုင်းသာ ထားချင်တော့သည်။ ပင်လယ်ကြမ်းပြင်ရှိ ကျောက်တုံးအိမ်ကဲ့သို့ပင် သူသည် အဆုံးသတ်၌ ထိုက်တန်သည့်အရာကို ရရှိပေလိမ့်မည်။

သင်္ဘောထွက်လာပြီးနောက် မကြာမီတွင် သူတို့ ပင်လယ်အောဲထဲမှ ထွက်ခွာကာ ကျယ်ပြန့်ကြီးမားသည့် သမုဒ္ဒရာဆီသို့ ဦးတည်သွားကြသည်။

ပင်လယ်ကမ်းစပ်မှ ရှုခင်းများကို ကြည့်ရှုပြီးနောက် ကျန်းဟန်သည် ဇီယန်၏အနားသို့ တိုးကပ်မီကာ တိုးတိုးလေး ပြောသည်။ "မင်းကို ကိုယ်ရေအောက်ထဲ ခေါ်သွားပေးမယ်လေ ဘယ်လိုလဲ"

"အမ်" ဇီယန် အံ့အားသင့်သွားပြီး သူမ၏မျက်လုံးများ တောက်ပလာသည်။ ဆန်စေ့ကောက်နေသည့် ကြက်ကလေး

ပမာ ခေါင်းကိုတဆတ်ဆတ်ညိတ်ပြရင်း ဝမ်းသာအားရပြန်ဖြေသည်။ "ကောင်းတာပေါ့"

သူမ ပက်လက်ကုလားထိုင်ပေါ်တွင် တစ်ယောက်တည်းလှဲနေသည့် မုန့်မုန့်အား ကြည့်လိုက်ပြီး "မုန့်မုန့် သမီးဘွားဘွားနဲ့ ခဏလောက် ကစားနေခဲ့မလား။ ဖေဖေနဲ့ မေမေတို့ ရေထဲ ငုပ်မလို့။ ခဏနေရင် ပြန်လာကြမှာပါ"

"ဟမ်"

မုန့်မုန့်က အမြန်ထထိုင်လိုက်ပြီး ဇီယန်အား ကြည့်သည်။ နေကာမျက်မှန်သေးသေးလေး၏နောက်ဘက်မှ မျက်လုံးဝိုင်းဝိုင်းလေးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း အခြားတစ်ဖက်မုန့်များနှင့် ဆိုဒါပုလင်းများကို တိတ်တဆိတ်ကြည့်လိုက်သည်။

"ဟုတ်ကဲ့" မုန့်မုန့် ပြန်ဖြေသည်။

မေမေအနားမှာမရှိတဲ့အချိန်တိုင်း ငါ နည်းနည်းလေး ပို စားလို့ရတယ်...

ငင်းကိုမြင်တော့ ဇီယန်ဘာမှမပြောဘဲ ပြုံးလိုက်ပြီး ကျန်းဟန်နှင့်အတူ အောက်ဆင်းသွားသည်။

သဘော်သည် စုစုပေါင်း သုံးထပ်ရှိပြီး ယခု သူတို့ ဒုတိယထပ်၏ နောက်ဘက် သံလက်ရန်းများဘေးတွင် ရပ်နေကြသည်။

ဇီယန်သည် လှိုင်းထန်နေသည့် ပင်လယ်ပြင်ကိုကြည့်ရင်း မေးသည်။ "ကျွန်မတို့ ရေကူးဝတ်စုံဝတ်ဖို့လိုလား"

ငင်းကိုကြားတော့ ကျန်းဟန်က ခဏလောက်စဉ်းစားလိုက်ပြီး ဇီယန်၏ခန္ဓာကိုယ်အား အပေါ်အောက်စုံဆန်ကြည့်ကာ အနည်းငယ် ပူလောင်လာသလို ခံစားလိုက်ရသည်။

ကျန်းဟန်သည် ဇီယန်အား ရေကူးဝတ်စုံ လဲစေချင်သော်လည်း ထိုအချိန်အတွင်း၌ သူ့ကိုယ်သူ မထိန်းချုပ်နိုင်မည်

ကို စိုးရိမ်နေခဲ့သည်။ သူတို့ ရေငုပ်ပြီးသည့်အချိန်တွင် သဘော်ာ က ဦးတည်ရာသို့ ရောက်ရှိပေလိမ့်မည်။

၎င်းကို တွေးပြီးနောက် ကျန်းဟန် ခေါင်းကိုယမ်းကာ ဖြေ လိုက်သည်။ "မလိုပါဘူး”

ထိုနောက် သူသည် ညာလက်ဖြင့် ဇီယန်၏ခါးသွယ်သွယ် လေးကို ဖက်ကာ သူမအား ညင်သာစွာ ပွေ့ချီလိုက်ပြီး သူမနှင့် အတူ ပင်လယ်ထဲသို့ ခုန်ဆင်းသွားခဲ့သည်။

"ဝိုး” ဇီယန် ခပ်တိုးတိုးလေး အော်ဟစ်လိုက်သည်။ နောက်အခိုက်အတန့်တွင်တော့ သူမ အေးမြသည့် ရေထဲသို့ ကျဆင်းသွားသည်ကို ခံစားမိလိုက်သည်။

"ဟမ်” ဇီယန် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဘေးဘယ်ညာ ကြည့်လိုက်၏။

ဇီယန်သည် ရေအောက်ထဲတွင် သူမ အသက်ရှူ၍ရ လိမ့်မည်ဟု မမျှော်လင့်ထားချေ။ သူမ၏လက်ဖဝါးကို ကြည့်

လိုက်ရာ အရေပြား၌ကပ်နေသည့် အကြည်လွှာတစ်ခုရှိနေသည်အား တွေ့လိုက်ရသည်။ ၎င်းက အလွန်ပါးလွှာပြီး ပင်လယ်ရေ၏အပူချိန်ကိုပင် သူမ ခံစားနိုင်သည်။

"အံ့သြဖို့ကောင်းလိုက်တာ" ဇီယန်သည် ကျန်းဟန်အား ကြည့်လိုက်သည်။ ထိုနောက်တွင် ပင်လယ်ကြမ်းပြင်ရှိ ရှုခင်းများက သူမ၏မျက်လုံးကို ဆွဲဆောင်သွားခဲ့သည်။

တိတ်ဆိတ်ငြိမ်သက်သော ပင်လယ်ကြမ်းပြင်ပေါ်သို့ နေရောင်ခြည်က ကျဆင်းနေပြီး ရောင်စုံအလင်းတန်းများ အဖြစ် ကွဲဖြာထွက်သွားကာ အလွန်လှပေလေသည်။ ပင်လယ်ကြမ်းပြင်ရှိ ကျောက်တုံးများ၊ အပင်များ၊ ခရုခွံများနှင့် သန္တာကျောက်တန်းများက ရောင်စုံနေရောင်ခြည်ဖြင့် ခြယ်မှုန်းထားသည်မှာ အလွန်အံ့အားသင့်စရာပင်။

ပင်လယ်ရေတိမ်ပိုင်း၏ ပင်လယ်ကြမ်းပြင်မှာ ရောင်စုံကမ္ဘာတစ်ခုနှင့်ဆင်တူ၏။ တောက်ပ၍ ပူနွေးသည့်ရေထဲတွင် ရေကူးနေသည့် သတ္တဝါများနှင့် သန္တာကျောက်တန်းထဲတွင်

ကျက်စားနေသည့် အံ့ဩဖွယ်ငါးများ။ သူတို့ရှေ့တွင် သစ်ပင်ကြီးများ စိုက်ထားသည့် ပင်လယ်သစ်တောကြီးပင်ရှိနေသည်။ ၎င်းက အိပ်မက်တစ်ခုပမာပင် အလွန်အလှပ၏။

ဇီယန်သည် တခဏအတွင်း ၎င်းကို စွဲလန်းသွားသည်။ "ဒီဟာက နတ်သမီးနယ်မြေတစ်ခုလိုပဲနော်"

"သွားကြရအောင်" ကျန်းဟန်က ဘေးသို့လှည့်ကာ ဇီယန်အား အနောက်ဘက်မှ ပွေ့ဖက်လိုက်ပြီး သူမ၏ခါးကို ဖက်ကာ ရှေ့သို့ ဖြည်းညှင်းစွာ ကူးခတ်သွားလိုက်သည်။

သန္တာကျောက်တန်းများကို ဖြတ်သွားသည့်အချိန်တွင် သူတို့နှစ်ဦး အနီးအနားသို့ တစ်ချက်သွားကြည့်ကြသည်။ ရံဖန်ရံခါတွင် သူတို့ ငါးအုပ်စုများအပြင် အနည်းငယ်ပိုကြီးသည့် ပင်လယ်သတ္တဝါအမျိုးမျိုးကိုလည်း ကြုံတွေ့ရလေသည်။

ဇီယန်သည် အလွန်ပျော်ရွှင်နေပြီး သူမအား ကျန်းဟန်က ပွေ့ချီထားသည့်အချိန်တွင် ရေအောက်ကဘေယ်ကားစီးနေရသလိုပင်။

"လှလိုက်တဲ့ သန္တာကျောက်တွေ..

အရမ်းလှတာပဲ...။ ဟိုမှာကြည့်ပါဦး ငါးသေးသေးလေးတွေအုပ်လိုက်ကြီး...

ဟိုမှာ ငါးအကြီးကြီးတစ်ကောင်။ ဟိုဟာ ဘာကြီးလဲ။ လိပ်အကြီးကြီးကို ကြည့်လိုက်ဦး သူ ရေကူးတာ အရမ်းမြန်တာပဲ"

"..."

ဇီယန်သည် ကျန်းဟန်နားနားတွင်ကပ်ကာ ရွှင်မြူးစွာ အော်ဟစ်နေခဲ့သည်။

ကျန်းဟန်သည် စိတ်ရှည်ရှည်ဖြင့် နားထောင်နေပြီး ပြုံးနေ၏။

-အပိုင်း(၄) အခန်း(၄၁၃-က) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၅)] အခန်း(၄၁၃-ခ) မြောင်းအတွင်းနက်နက်(၂)

တဖြည်းဖြည်းနှင့် သူတို့ ရေတိမ်ပိုင်းကို လွန်လာပြီး ပင်လယ်အောက်ခြေရှိ ထောင့်အကြီးကြီးကို ငုံ့ကြည့်လိုက်ကြသည်။ ကျန်းဟန်သည် ဇီယန်နှင့်အတူ မီတာ ၄၀၀ ခန့်အထိ အောက်သို့ ဆင်းလာပြီး နေရောင်က အနည်းငယ် မှိန်ဖျော့သွားခဲ့သည်။

ပင်လယ်နက်ရေိယာ၏ဆန်းကြယ်မှုနှင့် နှိုင်းယှဉ်ပါက ဇီယန်သည် အစောပိုင်းက ရေတိမ်ပိုင်း၏လှပသောရှုခင်းကို ပို၍ နှစ်သက်၏။

၎င်းကို စဉ်းစားပြီးနောက် ဇီယန်သည် ပြန်သွားရန် စိတ်ကူးလိုက်သည်။

ထိုအချိန်တွင် သူမ၏ခါးကိုတွန့်လိမ်ကာ လှည့်လိုက်ပြီး ကျန်းဟန်၏ခန္ဓာကိုယ်ကို သူမ၏ခြေလက်များဖြင့် သိုင်းဖက်လိုက်သည်။

ကျန်းဟန်သည် သူမ၏ခန္ဓာကိုယ်မှ နူးညံ့မှုကို ခံစားနိုင်သည်။

ဇီယန်၏မျက်လုံးများမှာ မိုတ်တုတ်မိုတ်တုတ်ဖြင့် ကျန်းဟန်အား နမ်းလိုက်သည်။

ထိုသို့ဖြင့် သူတို့ မီတာရာနှင့်ချီ နက်သော ပင်လယ်ကြမ်းပြင်တွင် ငါးမိနစ်ကြာ အနမ်းဖလှယ်ခဲ့ကြသည်။

ထိုအတွေ့အကြုံက ခံစားကြည့်နိုင်သော်လည်း ဖော်ပြ၍မ စွမ်းနိုင်ချေ။

"အွန်း…" နှုတ်ခမ်းများကို ခွာလိုက်သည့်အခါ ဇီယန်၏မျက်လုံးများမှာ မြူမှုန်များ ဖုံးလွှမ်းနေသလိုပင်။

သူမသည် ကျန်းဟန်အား မှိန်ထွေထွေစိုက်ကြည့်နေရာ ၎င်းက ကျန်းဟန်အတွက် တိတ်ဆိတ်စွာ သွေးဆောင်နေသလို ဖြစ်ပြီး သူ့အား ထပ်မံပူလောင်လာစေပြန်သည်။

"ကိုယ်တို့ ပင်လယ် ပင်လယ်အောက်ကထဲမှ ပျော်စရာ တစ်ခုခုလုပ်ကြမလား"

ကျန်းဟန်၏ဆန္ဒများက စတင်ပြိုကျလာသည်။

သို့သော် နောက်အခိုက်အတန့်တွင် ဇီယန်သည် ရုတ်တရက် မျက်လုံးဖွင့်လာသည်ကို သူ တွေ့လိုက်၏။

"အား… ငါးမန်းကြီး" သူမ အော်ဟစ်လိုက်၏။ "သွား ရအောင်"

ကျန်းဟန် အနည်းငယ် အံ့အားသင့်သွားပြီး ပတ်ဝန်းကျင် အား လိုက်ကြည့်လိုက်သည်။

သူတို့ရှေ့ မလှမ်းမကမ်းတွင် ရက်စက်ကြမ်းကြုတ်ပုံပေါ်သည့် ငါးမန်းခုနှစ်ကောင်က သူတို့အား လှမ်းကြည့်နေသည်။

အရွယ်အစားအကြီးဆုံးဖြစ်သည့် ရှေ့ဆုံးမှငါးမန်းသည် ခေါင်းဆောင်ဖြစ်ပေလိမ့်မည်။ သူ၏ခန္ဓာကိုယ်ပေါ်ရှိ အမာရွတ်များအားလုံးက သူသည် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြောင်း ပြသနေသည်။

ကျန်းဟန်သည် သာမန်လူတစ်ယောက်ဆိုပါက ယခုအချိန်တွင် သူ ကြောက်ရွံ့နေပေလိမ့်မည်။

သို့သော်…

"ထွက်ပြေးရမယ့်သူက သူတို့ပဲဖြစ်သင့်တယ်" ကျန်းဟန်က အသံထွက်မတတ်ရယ်မောလိုက်သည်။

"အဲ" ဇီယန်သည် သူမ အမှားလုပ်မိကြောင်း သဘောပေါက်သွားပြီး သူမလည်း ရယ်မောလိုက်သည်။

"ဟုတ်တယ်။ ထွက်ပြေးရမယ့်သူက သူတို့ပဲဖြစ်ရမှာ"

ထိုသို့ဖြင့် သူမ၏မျက်လုံးထဲတွင် ငါးမန်းများက သူတို့နဲ့ ပို၍နီးကပ်လာခဲ့သည်။ အကွာအဝေး ၃၀ မီတာခန့်အထိ နီးကပ်လာသည့်အချိန်တွင်...

ကျန်းဟန်က သူ၏လက်ကို အသာအယာဝှေ့ယမ်းလိုက်သည်။

"ဖြောင်း"

အကြီးဆုံးငါးမန်း၏ဦးခေါင်းမှာ အထိုးခံလိုက်ရသလို ရုတ်တရက် ဘေးသို့စောင်းသွားသည်။

"???"

ငါးမန်းက ခေါင်းကို ခါယမ်းလိုက်သည်။

“ငါ့ကို ဘယ်သူရိုက်တာလဲကွ”

သူ၏သေးငယ်သည့်မျက်လုံးများက ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်လိုက်သည့်အခါ သူသည် ကျန်းဟန်အား တွေ့ရှိသွားပြီး သူတို့အား စတင်၍ စိုက်ကြည့်လိုက်သည်။

"သူတို့နှစ်ယောက်က ဘာဖြစ်နေတာလဲ"

ထိုအချိန်တွင်

"ဖြောင်း"

ခေါင်းဆောင်ငါးမန်း၏ခေါင်းမှာ ဘေးသို့ စောင်းသွားပြန်သည်။

"???"

"ချီးပဲ။ ဒီလူက ငါ့ကို ရိုက်နေတာပဲ"

"ဟူး... ဒီမှာ အရမ်းအန္တရာယ်များတယ်။ ညီအစ်ကိုတို့ သွားကြမယ်"

"ဝှစ်"

ငါးမန်းများသည် တစ်ကောင်ပြီးတစ်ကောင် ပြန်လှည့်ကာ လျင်မြန်စွာ ကူးခတ်သွားကြသည်။

"ခစ်ခစ်ခစ်..." ဇီယန်သည် ၎င်းကိုမြင်သည့်အခါ မရယ်ဘဲ မနေနိုင်တော့။

ယခုတော့ ထိုငါးမန်းများက အလွန်ချစ်စရာကောင်းသည် ဟု သူမ တွေးလိုက်မိသည်။

တကယ်တမ်းတွင် စွမ်းအားကွာဟမှုက အတိုင်းအတာ တစ်ခုအထိ ကြီးမားလာသည့်အချိန်တွင် သာမန်လူ များ၏အမြင်၌ ကြောက်စရာကောင်းသည့်အရာများစွာက စွမ်းအားကြီးသူများ၏အမြင်တွင် ချစ်စရာကောင်းလာပေ လိမ့်မည်။

"ပြန်ကြရအောင်" ဇီယန်က ပြောသည်။

"အင်း" ကျန်းဟန်က ခေါင်းညိတ်ကာ ဇီယန်အား ပွေ့ချီ လိုက်သည်။ ၎င်းက ကားမောင်းရသလိုပင်။ သို့သော် ပင်လယ် ပြင်က သူတို့၏ပါးကို ဖြတ်တိုက်လာသည့် လေပြေထက် ပို၍ပင် ခုခံအားဖြစ်စေသည်။

အေးမြလန်းဆန်းသည့်လေထုတွင် သူတို့နှစ်ဦးသည် ပင်လယ်ပြင်မှ လျင်မြန်စွာ ထွက်လာကြပြီး သင်္ဘောက သူတို့အရှေ့ ၁၀ မီတာအကွာသို့ ရောက်နေသည်။ သူတို့ သင်္ဘော၏ပွဲပိုင်းသို့ ပေါ့ပေါ့ပါးပါး ခုန်တက်သွားကြသည်။

"ကျွန်မတို့အဝတ်အစားတွေလည်း တစ်ခုမှရေမစိုဘူး" ဇီယန်က သေသေချာချာကြည့်လိုက်ပြီး သူမ၏အဝတ်အစားများကို ကိုင်ကြည့်သည်။ "အရမ်းထူးဆန်းတာပဲ"

"ဒီဟာလေးကြောင့်ပေါ့" ကျန်းဟန်က ရေစိတ်ဝိညာဉ်ကျောက်တုံးကို ထုတ်ယူကာ ဇီယန်၏ရှေ့တွင် လှုပ်ယမ်းပြလိုက်သည်။

"အဲဒါလည်း ရတနာတစ်ခုပဲလား" ဇီယန်က စိတ်ဝင်တစားမေးသည်။

"ဒါကို ရေစိတ်ဝိညာဉ်ကျောက်တုံးလို့ခေါ်တယ်။ ပထမအဆင့်စိတ်ဝိညာဉ်ရတနာလေး။ လူတွေကို ရေထဲမှာ အချိန်ကြာကြာနေနိုင်စေပြီးတော့ ရေအောက်အိမ်တွင်ဆောက်တဲ့နေရာ

မှာ သုံးတဲ့ပစ္စည်းတစ်ခုလည်းဟုတ်တယ်။ ဒီကမ္ဘာမှာ ရတနာတွေကို ဟွမ်အဆင့်၊ နက်နဲအဆင့်၊ မြေအဆင့်၊ ကောင်းကင်အဆင့်၊ ထွတ်မြတ်အဆင့်နဲ့ နတ်အဆင့်ဆိုပြီး ခွဲခြားထားတယ်။ ကျင့်ကြံခြင်းကမ္ဘာမှာတော့ စိတ်ဝိညာဉ်ရတနာလို့ခေါ်ပြီး ပထမအဆင့်ကနေ နဝမအဆင့်ထိ ကိုးဆင့်ခွဲခြားထားတယ်။ ဥပမာ ကိုယ်တို့ရဲ့တောင်ပေါ်က သစ်ပင်ဆိုရင် ပဥ္စမအဆင့် စိတ်ဝိညာဉ်ရတနာတစ်ခုပဲ” ကျန်းဟန်က ရှင်းပြသည်။

ကျင့်ကြံခြင်းကမ္ဘာ၌ အသိပညာဗဟုသုတများစွာရှိပြီး ကျန်းဟန်သည် အခါအခွင့်သင့်သည့်အချိန်တိုင်း ဇီယန်အား ၎င်းတို့နှင့် မိတ်ဆက်ပေးရန် စိတ်ကူးထားသည်။ ထိုသို့ဖြင့် သူမသည် အသိပညာ အတွေ့အကြုံများကို တဖြည်းဖြည်း စုဆောင်းမိလာမည်ဖြစ်သည်။

"အင်း သိပြီ” ဇီယန်သည် ခေါင်းလေးကို အသာညိတ်လိုက်ပြီး ကျန်းဟန်၏လက်မောင်းအား ပွေ့ဖက်ကာ သူမ၏ခန္ဓာကိုယ်ဖြင့် ဖိလိုက်ပြီး ဂုဏ်ယူစွာပြောသည်။ "ကျွန်မ

ယောက်ျားက အင်မော်တယ်ပဲ။ ကျွန်မက သူ့အတွက် ကလေးတစ်ယောက် မွေးပေးခဲ့တယ်”

"ဟားဟားဟား...” ကျန်းဟန်သည် အကြိမ်အနည်းငယ်ရယ်မောလိုက်ပြီး ဇီယန်၏ခါးကို ဖက်ကာ လမ်းလျှောက်လာခဲ့သည်။

သူတို့ အပေါ်ထပ်သို့ ပြန်သွားကြ၏။

ကျန်းလီ၊ ကျိုးဖေး၊ ကျောက်ဖုန်းနှင့် ဝမ်မင်တို့ စကားပြောနေကြသည်။

မုန့်မုန့်သည် ယံ့ကျားရှင်း၏ဘေးရှိ ကုလားထိုင်တွင်ထိုင်ကာ ပုစွန်ကြော်တစ်ထုပ်ကို စားနေသည်။

"အဟမ်း” ဇီယန်နှင့် ကျန်းဟန်တို့ မုန့်မုန့်၏နောက်ဘက်ရှိ ထိုင်ခုံသို့ရောက်သည့်အခါ ဇီယန်က ချောင်းဟမ့်လိုက်သည်။

"ဟမ်” မုန့်မုန့် အံ့အားသင့်သွားပြီး မေမေ့အား လှည့်ကြည့်လိုက်၏။

မုန့်မုန့်သည် ကြည်လင်သည့်မျက်လုံးဝိုင်းများများကို ပြူးကျယ်ကာ အနည်းငယ်သာကျန်တော့သည့် ပုဇွန်ကြော်ထုပ်ကို ယုံကျားရှင်းဆီသို့ အမြန်ပေးရင်း ရေရွတ်လိုက်သည်။ "ဘွားဘွား သမီး မစားနိုင်တော့ဘူး။ မေမေက သမီးကို မုန့်တွေအများကြီး မစားရဘူးလို့ပြောထားတယ်။ သမီးကို မပေးတော့နဲ့"

"ဟားဟား....” မုန့်မုန့်၏ချစ်စဖွယ်အမူအရာကိုကြည့်ရင်း ယုံကျားရှင်း၊ ဝမ်ရနှင့် အခြားသူများအားလုံး ရယ်မောလိုက်ကြသည်။

"ရှောင်ယန်” ယုံကျားရှင်းက ရုတ်တရက် မတ်တပ်ရပ်ကာ ဇီယန်၏ဘေးသို့ သွားထိုင်ပြီး မေးသည်။ "မုန့်မုန့်က အသက်လေးနှစ်ပြည့်တော့မှာမလား”

"ဟုတ်တယ်” ဇီယန်က ပြန်ဖြေသည်။

"ဒါဆို... သူ မူကြို(KG)တက်ရတော့မှာမလား။ အခုကလေးတွေက အသက်သုံးနှစ်မှာ စပြီး မူကြိုတက်ကြတယ်

လေ။ သမီးက အလုပ်လုပ်နေရပြီး ရှောင်ဟန်က....” ယုံကျား ရှင်း ပြုံးလိုက်သည်။

သူမ၏ဆိုလိုရင်းမှာ ကျန်းဟန်က မုန့်မုန့်အား အလွန်ချစ် မြတ်နိုးအလိုလိုက်သူဖြစ်သည်။

"မုန့်မုန့်က ပေါင်းစည်းနေထိုင်မှုဘဝပုံစံကို တွေ့ကြုံခံစား ရမယ့်အချိန်ရောက်နေပြီ။ မူကြိုကို အငယ်တန်း၊ အလတ်တန်း နဲ့ အထက်တန်း ပြီးရင် မူလတန်းကျောင်းတက်ရမယ်” ယုံ ကျားရှင်းက ပြောသည်။

"အမ် မူကြိုလား” မုန့်မုန့်အံ့အားသင့်သွားပြီး ယုံကျားရှင်း အား မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ကြည့်လိုက် သည်။

သူမနှင့်ပတ်သက်သည့်တစ်စုံတစ်ရာကို သူတို့ဆွေးနွေးနေ ကြသည်အား သူမလေး သိရှိ၏။

"အန်တီပြောတာဟုတ်တယ်။ သမီးနောက်ကျရင် မုန့်မုန့် အတွက် မူကြိုကောင်းကောင်းရှာပေးရမယ်” ဒီယန်က ခေါင်းညိတ်သည်။

"မူကြိုပို့မှာလား” ကျန်းဟန်က အနာဂတ်ကို စိတ်ကူး ကြည့်လိုက်သည်။

မုန့်မုန့်က မူကြိုတက်နေပြီး ဒီယန်က အလုပ်သွားနေရင် နေ့ခင်းဘက်ကျ ဆိုင်မှာ ငါတစ်ယောက်တည်းဖြစ်နေမှာ လား...

အဲဒါက ကိစ္စမရှိဘူး။ ဒါပေမယ့် မူကြိုမှာ မုန့်မုန့်ကို တခြား ကလေးတွေက အနိုင်ကျင့်ရင် ဘယ်လိုလုပ်မလဲ...

သူမလေး ငိုရင်ရော။ သူမလေး အဖေဖြစ်သူကို တွေ့ချင် တဲ့အချိန်မှာ မတွေ့ရင်ရော...

ထိုအခါတွင် မုန့်မုန့်လေး ငိုနေလိမ့်မည်ဟု တွေးလိုက်ပြီး ကျန်းဟန်သည် ထိုအကြံပြုချက်ကို တန်း၍ ငြင်းရန် ဆုံးဖြတ်လိုက်သည်။

"သူ မသွားရပါဘူး" ကျန်းဟန်က ခေါင်းယမ်းကာ "အဲဒါက အသုံးမဝင်ဘူး။ သူ ကျောင်းမှာ သင်လို့ရတဲ့ဟာတွေ အကုန်လုံးကို ကျွန်တော်သင်ပေးနိုင်တယ်"

"အင်း... သမီး မသွားဘူး။ သမီးက ဖေဖေနဲ့မေမေနဲ့ အတူတူနေချင်တာ" မုန့်မုန့်ကလည်း ဝင်၍ မှတ်ချက်ပြုသည်။

"အာ..." ယုံကျားရှင်း အနည်းငယ် အကူအညီမဲ့သလို ခံစားလိုက်ရ၏။

"ရှောင်ဟန် မုန့်မုန့်က ပေါင်းစည်းနေထိုင်မှုပုံစံနဲ့ လိုက်လျောညီထွေရှိဖို့လိုအပ်တယ်လေ။ စားတာ၊ သောက်တာ၊ ဂိမ်းတွေအတူတူကစားတာ အဲဒါတွေက ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေတယ်။ အထူးသဖြင့် မိန်းကလေးတွေပဲ။ အသက်သုံးနှစ်က မူကြိုတက်

ဖို့ အကောင်းဆုံးအချိန်လို့ သိပ္ပံနည်းကျတွေ့ရှိချက်တွေက အတည်ပြုထားတာ” ဝမ်မင်က ဝင်ပြောသည်။

ကျန်းဟန်က ဝမ်မင်အား ကြည့်လိုက်ပြီး မေးသည်။ "ဦးလေး အဲဒါကို ယုံလား”

"အဲဒါက...” ဝမ်မင် အားတင်းကာ ပြုံးလိုက်သည်။ ကျန်းဟန်က မင်းသမီးလေးအား မူကြိုမတက်စေချင်ကြောင်း သိသာထင်ရှားသည်။ ၎င်းကို စဉ်းစားလိုက်ပြီး သူ ပြောလိုက်၏။ "ငါတို့ငယ်ငယ်တုန်းက မူကြိုကို နောက်ကျမှတက်ခဲ့တက်အတွက် တခြားမိသားစုက ရွယ်တူကလေးတွေထက် တစ်နှစ်လျော့ပြီး စာသင်ခဲ့ရတယ်။ ပြီးတော့ ငါတို့က တခြားမိသားစုက ရွယ်တူကလေးတွေနဲ့ ဆော့လေ့ရှိကြတယ်။ အဲဒါက စုပေါင်းနေထိုင်မှုဘဝပုံစံတစ်ခုလည်းဟုတ်တယ်လေ။ ဒါပေမယ့် အခုခေတ် မြို့ပြဖွံ့ဖြိုးမှုနဲ့အတူ စံတည်ဆောက်မှုပုံစံမှာ ကလေးတွေအများကြီးကို ထိတွေ့ဆက်ဆံဖို့ မဖြစ်နိုင်

တော့ဘူး။ အခု မုန့်မုန့်က တစ်ခါတစ်လေမှာ ဟိုဝဝကစ်ကစ် ကလေးမလေးနဲ့ကစားတတ်တာကို မင်း သတိပြုမိလား”

"မုန်မုန့်က မူကြိုတက်ရမယ့်အရွယ်ရောက်ပြီလို့ ငါလည်း ထင်တယ်။ မုန့်မုန့်က အရမ်းလှပြီး ချစ်ဖို့ကောင်းတာ သူ့ကို အနိုင်ကျင့်မယ့်သူရှိမှာမဟုတ်ပါဘူး။ အဲဒီထက် သဘောကျ မယ့်သူတွေပဲ အများကြီးရှိလိမ့်မယ်” ကျန်းလီက ပြောသည်။

"...”

ထိုသို့ဖြင့် ကျောက်ဖုန်းမှလွဲ၍ လူကြီးများအားလုံး ထိုကိစ္စ ကို ဝင်ရောက်ဆွေးနွေးငြင်းခုန်ကြသည်။

မုန့်မုန့်သည် ဘေးဘယ်ညာကြည့်ပြီး အနည်းငယ် စိတ်ရှုပ် ထွေးသွား၏။

အချေအတင်ဆွေးနွေးသူများကို အဖွဲ့နှစ်ဖွဲ့ခွဲနိုင်ပြီး တစ်ဖွဲ့ ကို ကျန်းဟန်က ခေါင်းဆောင်... မဟုတ်သေး။ ဆန့်ကျင့်ဘက် အဖွဲ့တွင် ကျန်းဟန်က တစ်ဦးတည်းသောအဖွဲ့ဝင်ဖြစ်သည်။

အခြားသူများက မဟာမိတ်များဖြစ်ကြ၏။

ကျန်းဟန်သည် တစ်ခါတစ်ရံ တိတ်ဆိတ်နေပြီး တစ်ခါတစ်ရံ ခေါင်းယမ်းနေသည်။

မဖြစ်ဘူး။ သူမ သွားလို့မရဘူး..

အဲဒါက အသုံးမဝင်ဘူး...

"..."

နောက်ဆုံးတွင် ဇီယန်က လျှော့လိုက်ပြီး ကျန်းဟန်အား စိုက်ကြည့်ကာ ပြောသည်။ "သူ အခုမသွားရင်တောင် နောက်ကျ သေချာပေါက် သွားရမှာပဲလေ။ ရှင်က သူ့ကို ဘယ်တော့မှ ကျောင်းတက်ခွင့်မပြုချင်ဘူးလား။ မုန့်မုန့် တစ်ယောက်တည်း အထီးကျန်နေရင် ဘယ်လိုလုပ်မလဲ။ သူ သူငယ်ချင်းဘယ်လိုဖွဲ့ရမလဲ မသိရင်ရော။ အခု ရှင်က ကျွန်မ မုန့်မုန့်ကို ကြိုးကြိုးစားစားသင်ပေးခဲ့တဲ့ အလေ့အကျင့်တချို့ ကို ရှင်ဖျက်လိုဖျက်ဆီးလုပ်ခဲ့တာကို သတိရသွားစေတယ်"

၎င်းကိုကြားသည့်အခါ ကျန်းဟန် စဉ်းစားလိုက်ပြီး သူ၏ဆုံးဖြတ်ချက်ကို စတင် သံသယဝင်လာသည်။

လူသားများသည် လူမှုပတ်ဝန်းကျင်ရှိသည့်သတ္တဝါများ ဖြစ်ကြ၏။ ကျင့်ကြံခြင်းကမ္ဘာတွင်ပင် အချို့သောမိသားစုကြီး များ၏နယ်မြေနှင့် မြို့ကြီးအသီးသီးမှ မျိုးဆက်သစ်ကလေး ငယ်များအားလုံး အတူတကွ စုပေါင်းနေထိုင်ကြရသည်။

ထို့ပြင် ကလေးဘဝဆိုသည်က လူတစ်ယောက်၏အကျင့် စရိုက်ကို ပုံဖော်ရန် အရေးကြီးသည့်အဆင့်တစ်ဖြစ်၏။

"သူက ဝမ်ရိဟာန်နဲ့အတူတူရှိနေတာ အဆင်ပြေနေတာပဲ မဟုတ်လား" ကျန်းဟန်က တုံ့ဆိုင်းစွာ မေးသည်။

"ဝမ်ရိဟာန်က အကျင့်စရိုက်ကောင်းတဲ့ကလေးပါ။ ဒါပေ ယ့် ကလေးတိုင်းက သူ့မလိုမဟုတ်ဘူးလေ" ဇီယန်က ပြန် ဖြေသည်။

ကျန်းဟန် တိတ်ဆိတ်သွား၏။

အားလုံးက သူ့အား ကြည့်နေကြသည်။

၁၀ စက္ကန့်ခန့်ကြာသည့်နောက် နောက်ဆုံးတွင် သူ၏စိတ်ကို အလျှော့ပေးလိုက်သည်။

"မင်းပြောတာမှန်တယ်" ကျန်းဟန် ခေါင်းညိတ်ပြီး "ဒါဆိုကိုယ် ကလေးတွေထပ်ရှာလိုက်မယ်။ မဟုတ်ဘူး။ ငါ မူကြိုကျောင်းတစ်ခု တစ်ခါတည်းတန်းဖွင့်လိုက်မယ်"

"ငါ့မှာ မူကြိုကျောင်းတစ်ခုရှိတယ်ဆိုတာ တခြားသူတွေသိရင် စားသောက်ဆိုင်တုန်းကလိုပဲ လျှောက်လွှာတင်ဖို့အပြေးအလွှားကြိုးစားကြမှာ"

"???"

အခြားသူများအားလုံး ခဏလောက် ဆွံ့အသွားကြသည်။

"အင်း..." ယုံကျားရှင်းမှာ ကျန်းဟန်၏အပြုအမူကြောင့် ဘာပြောရမှန်းမသိတော့။

"ဟုတ်တယ်။ ရှောင်ဟန်ရဲ့မူကြိုကလည်း မူကြိုတစ်ခုပဲလေ။ သူ့ရဲ့စိတ်ထားအရဆို သူက မူကြိုကျောင်းအုပ်ဖြစ်နိုင်တယ်။ ဒါပေမယ့် အဲ့ါက စိတ်ချရမယ်လို့ ငါမထင်ဘူး"

"လုံးဝမဖြစ်ဘူး" ဇီယန်က ရယ်ရမလား ငိုရမလား မသိတော့။ "အဲ့လိုဆိုရင် သူတို့က မုန့်မုန်ကို ကွဲကွဲပြားပြားဆက်ဆံကြလိမ့်မယ်။ ပြီးတော့ သူက ဒီလိုပတ်ဝန်းကျင်မျိုးမှာ ကောင်းကောင်းကြီးပြင်းနိုင်မှာ မဟုတ်ဘူး"

ကလေးများက ရိုးသားကြသော်လည်း သူတို့၏မိဘများက မုန့်မုန့်နှင့်ပတ်သက်ပြီး ဆက်ဆံရေးကောင်းတည်ဆောက်ရန် ချော့မော့သင်ပေးထားပါက မုန့်မုန့်သည် အကျင့်ဆိုးများကို အလွယ်တကူဖြင့် မွေးမြူမိလာပေလိမ့်မည်။

"အဲဒါကို မစိုးရိမ်ပါနဲ့။ နောက်မှ ပြောကြတာပေါ့" ကျန်းဟန် ခေါင်းယမ်းလိုက်သည်။

မုန့်မုန့်သည် ဘယ်ညာကြည့်လိုက်ပြီး သံယောင်လိုက်၏။ "သမီး မူကြိုတက်မယ်။ ဒါပေမယ့် ဖေဖေနဲ့မှ သွားမယ်"

ကျန်းဟန်က ပြုံးကာ မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်ပြီး ခေါင်းညိတ်သည်။ "အိုကေဗျာ။ ဖေဖေက မုန့်မုန့်နဲ့ လိုက်ခဲ့မှာပေါ့"

သူ့ရဲ့ကိုယ်ပိုင်မူကြိုကျောင်းကို သူ တက်လို့မရဘူးလေ...

ဒီတော့ သူက မူကြိုကျောင်းတစ်ခု တိုက်ရိုက်ဝယ်ဖို့ ဆုံးဖြတ်လိုက်တာလား...

ကျန်းဟန်၏သဘောထားက လူတိုင်းကို ပြောစရာစကားမဲ့သွားစေသည်။

မူကြိုကို ဘယ်အချိန်မှာ တက်သင့်တယ် မတက်သင့်ဘူးကို သူတို့ ထိုနည်းဖြင့် ဆွေးနွေးခဲ့ကြသည်...

သူတို့ စကားပြောနေကြစဉ် ကုန်တင်သင်္ဘောတစ်စီးက ကြမ်းတမ်းသော ပင်လယ်ပြင်၏အထက်အောက်လှိုင်းများအတိုင်းလိုက်၍ ဝေးကွာသည့်ပင်လယ်ပြင်၌ ရှိနေသည်ကို တွေ့လိုက်ကြရသည်။

-အပိုင်း(၅) အခန်း(၄၁၃-ခ) ပြီး

wunzinnosp

## [စာစဥ်(၃၆) အပိုင်း(၆)] အခန်း(၄၁၃-ဂ) မြောင်းအတွင်းနက်နက်(၂)

ပင်လယ်၏စွမ်းအားသည် စိတ်ကူးနိုင်စွမ်းထက် ကျော်လွန်ပြီး အလေးချိန် ၁၀ တန်အထက်ရှိသည့် ကုန်တင်သင်္ဘောတစ်စီးပင် တိမ်းမှောက်သွားနိုင်၏။

ခဏအကြာတွင် သူတို့၏သင်္ဘောသည် ကုန်တင်သင်္ဘော၏တစ်ဖက်ခြမ်းသို့ မောင်းနှင်သွားခဲ့သည်။

ရှူယုံနှင့် အခြားသူများသည် ကုန်တင်သင်္ဘော၏ ကုန်းပတ်ပေါ်တွင် ရပ်ကာ သူတို့အား လက်ပြနှုတ်ဆက်နေကြ၏။

"အဆင့်သင့်ဖြစ်ပြီလား" ကျောက်ဖုန်းက ကျယ်လောင်စွာ မေးသည်။

"အဆင်သင့်ပါပဲ" ရှုယုံက ပြန်ဖြေသည်။

"စကြရအောင်" ကျောက်ဖုန်းက လက်ဟန်ပြလိုက်သည်။

ရှုယုံက သင်္ဘောပေါ်ရှိလူများကို ရွှေ့ခိုင်းသည်။

လေးထောင်သံဘောင်ခြင်းကြီးရှစ်ခုသည် ရေထဲသို့ နစ်မြုပ်သွားပြီး ၎င်းတို့အားချည်ထားသည့် သံကြိုးထူကြီးများက အောက်ဘက်သို့ ဆက်၍ ဆင်းသွားခဲ့သည်။

"အတူသွားမလား" ကျန်းဟန် ဇီယန်ကိုကြည့်ကာ ပြုံး၍ မေးသည်။

"အင်း" ဇီယန်က ပြန်ဖြေ၏။

"အဲ ရှောင်ဟန် အဆင်ပြေရင် ငါလည်း တစ်ချက်လောက် ဆင်းကြည့်ချင်တယ်" ဝမ်မင်က အသာအယာချောင်းဟမ့် သည်။

ကျန်းဟန်က စဉ်းစားလိုက်ပြီးနောက် ခေါင်းညိတ်၏။ "ရပါတယ်"

ရေအနက်မှ မီတာ ၁၇၀၀ ခန့်ရှိပြီး ကျန်းဟန်အတွက် လူနှစ်ယောက်ကိုခေါ်သွားရန်မှာ လွယ်ကူသည်။

"ဒါဆို ငါလည်းလိုက်မယ်" ကျန်းလီက ဝမ်းသာအားရ ပြောသည်။

"ငါလည်း လိုက်ကြည့်ချင်တယ်"

"ညီမရောပဲ"

ကျိုးဖေးနှင့် ဝမ်ရတို့ကလည်း ဝင်၍ပြောသည်။ သူတို့လည်း ရေထဲမြုပ်နေသည့်သင်္ဘောကို စိတ်ဝင်စားကြ၏။

"သမီးရော သမီးရောလိုက်မယ်" မုန့်မုန့်ကလည်း မတ်တပ်ရပ်ကာ ပြောသည်။

ကျန်းဟန် အံ့အားသင့်သွားပြီး ခေါင်းယမ်းလိုက်၏။

ရေစိတ်ဝိညာဉ်ကျောက်တုံး၏အကူအညီဖြင့် လူနှစ်ယောက်ကို သူခေါ်သွားနိုင်သည်။ လူဦးရေဆက်၍တိုးလာပါက ရေဖယ်ရှားခြင်း၏အကျိုးသက်ရောက်မှုသည် များစွာလျော့ကျလာမည်ဖြစ်ပြီး ရေဖိအားဒဏ်ကို ခံစားကြရမည်ဖြစ်သည်။ ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအားဖြင့် လူများစွာကိုရေအောက်ထဲ လှုပ်ရှားစေနိုင်ရန် ထိန်းထားနိုင်သော်လည်း ၎င်းက ရတနာများဆယ်ယူခြင်းကို နှောင့်နှေးစေလိမ့်မည်ဖြစ်သည်။

နောက်ဆုံးတွင် ကျန်းဟန်သည် ဇီယန်နှင့် ဝမ်မင်ကို ခေါ်ကာ ရေအောက်ထဲဆင်းသွားခဲ့ပြီး လမ်းတွင် အပြာရောင်ဝေလငါးကြီးတစ်ကောင်ကို မြင်ခဲ့ကြရသည်။ ရေအနက်ထဲသို့ရောက်လာသည်နှင့်အမျှ အလင်းရောင်မှာ မှိန်ဖျော့လိုက်လာသည်။

ကောင်းစွာပြင်ဆင်ထားသော ကျန်းဟန်သည် အဓိကခါတ်မီးကို ဖွင့်လိုက်၏။

မကြာမီတွင် သူတို့ သဘော်ာပျက်ဆီသို့ ရောက်ခဲ့ကြ၏။

"အဲဒါရဲ့ဘေးမှာ မြွေကြီးတစ်ခုရှိနေတာလား။ သဘော်ာ သာ မြွေထဲကို ကျသွားရင် ငါတို့ လိုက်ယူလို့မရနိုင်ဘူး" ဝမ် မင်က နက်ရှိုင်းသည့် မြွေနက်ကြီးကိုမြင်သည့်အခါ အံ့အားသင့်သွားသည်။

ထိုသို့သောပတ်ဝန်းကျင်တွင် ဇီယန်သည် ဘယ်ညာကြည့် လိုက်ပြီး မြွေကြီးက အလွန်ကြောက်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။

ကျန်းဟန်သည် ပတ်ဝန်းကျင်ကို သူ၏ခတ်မီးဖြင့် ထိုး လိုက်ရာ သံဘောင်ခြင်းရှစ်ခုက သဘော်ာပျက်နှင့် မနီးမဝေး တွင် ရှိနေသည်ကို တွေ့လိုက်ရပြီးနောက် သူတို့နှစ်ယောက်ကို သူနှင့်အတူ သဘော်ာပျက်ထဲသို့ ခေါ်သွားခဲ့သည်။

ပထမဆုံး သူတို့ အတွင်းဘက်ဆုံးရှိ ကျောက်တုံးအိမ်သို့ သွားကြသည်။ ထိုအချိန်တွင် စိတ်ဝိညာဉ်ချီကုန်ဆုံးသွား သည့်အတွက် ကျောက်တုံးအိမ်တံခါး၏အစီအရင်မှာ

လုပ်ဆောင်ချက်ပျက်ရှင်းသွားပြီး အခန်းက ရေများဖြင့် ပြည့်နေသည်။ သို့သော် အလင်းရောင်ကတော့ အားကောင်း၏။

"အဲဒါဘာလဲ။ ညလင်းပုလဲတွေလား" ဇီယန်သည် ပုလဲများကိုကြည့်ပြီး အံ့သြတကြီးအော်လိုက်သည်။

"ဟုတ်တယ်" ကျန်းဟန်က ခေါင်းညိတ်ကာ ရယ်မောလိုက်ပြီး "အရည်သွေးက မဆိုးဘူး။ ကိုယ်တို့ တောင်ပေါ်ကို ပြန်ယူသွားပြီး အလှဆင်ဖို့ သုံးလို့ရတယ်"

"ဒါက ကျင့်ကြံသူနေအိမ်လား။ ညလင်းပုလဲ ၁၀၀ ကျော် တောင်ရှိတယ်" ဝမ်မင်သည် မျက်လုံးများ ပြူးကျယ်ကာ ပြောသည်။

ကျန်းဟန်သည် သူယူလာသည့် အိတ်ကြီးနှစ်လုံးကိုထုတ်ကာ လက်ကိုဝှေ့ယမ်းလိုက်ပြီး ညလက်ပုလင်းများကို ထည့်လိုက်သည်။

သုံးယောက်သား သင်္ဘောပေါ်ပြန်တက်ပြီး ရတနာခန်းထဲမှ ပစ္စည်းများကို စတင်သယ်ရွှေ့ကြသည်။

သံခြင်းကြီးရှစ်ခု ပြည့်သွားပြီးနောက် ကျန်းဟန်က သူတို့နှစ်ယောက်အားခေါ်ကာ ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ လျင်မြန်စွာ ပြန်တက်လာပြီး သင်္ဘောပေါ် တက်ခဲ့ကြသည်။

"အဲဒါတွေကို ဆွဲတင်လိုက်တော့" ကျန်းဟန်က လက်ပြကာ ပြောသည်။

"ဟုတ်ကဲ့" ကျောက်ဖုန်းက ခေါင်းညိတ်ပြီး ရှုယံ့နှင့် အခြားသူများကို အမိန့်ပေးလိုက်သည်။

ထိုနောက် ချိန်းကြိုးများကို ဆွဲတင်ကြသည်။

ရတနာများစွာရှိနေ၍ ၎င်းတို့အားလုံးကို သယ်ယူပို့ဆောင်ရန် နောက်ထပ် တစ်ခေါက်လာရန်လိုအပ်သည်။

ဤအားလပ်ချိန်ကို အခွင့်ကောင်းယူကာ ကျိုးဖေးနှင့် ကျန်းလီသည် ဇီယန်ဆီသို့ လျှောက်လာပြီး မေးမြန်းကြသည်။

"ဘယ်လိုလဲ။ အဲဒီမှာ ပျော်ဖို့ကောင်းလား။ သင်္ဘောထဲမှာ ရော မှာရောဘဝဲကြီးရှိလိုမျိုး အကောင်ကြီးတွေရှိနေလား"

"မရှိပါဘူး..." ဇီယန်က ပြုံးလိုက်ပြီး ပင်လယ်အောက်ထဲ တွင် သူမ မြင်တွေ့ခဲ့ရသမျှကို ပြောပြသည်။

ရတနာများစွာကို ကုန်တင်သင်္ဘောပေါ်သို့ ယူဆောင်လာ သည်အား တွေ့လိုက်ရသဖြင့် ကျိုးဖေးက အမြန်မေးသည်။ "အစ်မယန် နှင့် အောက်ကိုနောက်တစ်ခေါက် ထပ်ဆင်းချင် သေးလား"

"ဟင့်အင်း" ဇီယန်က ခေါင်းယမ်းသည်။

"ဒါဆို ငါလိုက်သွားမယ်။ ခဲအို ငါ့ကိုခေါ်သွားပေး"

"အစ်ကို ငါလည်းလိုက်မှာနော်"

"ဝမ်းကွဲ..."

ကျန်းဟန်သည် ၎င်းကို စဉ်းစားကြည့်လိုက်ပြီး နောက်ဆုံးတွင် သူတို့သုံးယောက်လုံးအား သူနှင့်အတူ ခေါ်သွားလိုက်သည်။

မိန်းကလေးသုံးယောက်သည် သဘော်ာပျက်ကို အံ့သြတကြီးကြည့်နေသည့်အချိန်တွင် ကျန်းဟန်က ကျန်ရတနာများကို သံခြင်းကြီးရှစ်ခုထဲသို့ ထည့်လိုက်သည်။

သူတို့ အပေါ်တက်ခါနီးတွင် သဘော်ာပျက်က အနည်းငယ်မြောက်တက်လာသကဲ့သို့ တုန်ခါသွားကာ ဘေးဘက်မြောင်းကြီးထဲသို့ ပြုတ်ကျသွားသည်။

ကျန်းဟန်က တစ်ဖက်သို့ မီးထိုးလိုက်ရာ သဘော်ာက တဖြည်းဖြည်း နစ်မြုပ်ကျဆင်းသွားပြီး နောက်ဆုံး၌ သူ၏အမြင်အာရုံမှ ပျောက်ကွယ်သွားတော့သည်။

သူ နောက်ထပ် နှစ်မိနစ်ခန့် စောင့်ကြည့်နေလိုက်၏။

ရုတ်တရက် မြောင်းကြီးအတွင်းပိုင်း၌ မမြင်နိုင်သည့် အလင်းတစ်ခု လက်ခနဲဖြစ်သွားသည်။

"အဲဒီမှာ ဘာရှိနေတာလဲ"

ကျန်းဟန်၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

-အခန်း(၄၁၃-ဂ)ပြီး

## အခန်း(၄၁၄-က) ကုန်အပြည့်ဖြင့် ပြန်လာခြင်း(၁)

မြောင်းကြီး၏အောက်ခြေမှာ အလွန်နက်ရှိုင်းကြောင်း သံသယရှိစရာပင်မလို။ ပင်လယ်ပြင်၏အောက်ခြေတွင် ဘာရှိသလဲ မည်သူမျှ မသိချေ။

သို့သော် ကျန်းဟန်သည် ထိုအလင်းတန်းကို သတိထားမိခဲ့၏။

ဤနှစ်များတစ်လျှောက် တိုးတက်လာသည့် သူ၏ပင်ကိုယ်သိစိတ်အရ ထိုနေရာတွင် တန်ဖိုးကြီးသည့် တစ်စုံတစ်ခုရှိနေသည်ဟု ခံစားနေရသည်။

အရင်တစ်ခေါက်က မြောင်းကြီး၏အစွန်းကို ငုံ့ကြည့်ခဲ့စဉ် ဖိနှိပ်မှုကို ခံစားခဲ့ရသည်။ ယခုတော့ အခြေခံတည်ဆောက်ခြင်းအစောပိုင်းအဆင့် ကျင့်ကြံသူတစ်ယောက်အနေဖြင့် သူသည် ထိုသို့သော ဖိနှိပ်မှုမျိုးကို မခံစားရတော့ဘဲ စူးစမ်းလေ့လာကြည့်ရန် ယုံကြည်မှုရှိနေသည်။

သို့သော် မိန်းကလေးသုံးဦးက ရှိနေဆဲဖြစ်၍ ကျန်းဟန်သည် သူတို့အား စွန့်စားခွင့်မပြုနိုင်ချေ။ သေချာစဉ်းစားပြီးနောက် သင်္ဘောဆီသို့ အရင်ပြန်သွားရန် ရွေးချယ်လိုက်သည်။

သင်္ဘောပေါ်ကို ပြန်ရောက်သည်နှင့် ကျန်းလီက စိတ်လှုပ်ရှားစွာပြောသည်။ "အား အရမ်းမိုက်တယ်။ သင်္ဘောပျက်ကြီးက အကြီးကြီးပဲ။ ငါတို့ ရတနာတွေသယ်ထုတ်ပြီးတာနဲ့ အဲဒါကြီးက ချက်ချင်း မြောင်းကြီးထဲ ပြုတ်ကျသွားတယ်။ အ

မှောင်ထုက ဝါးမျိုသွားသလိုပျိုးပဲ။ အရမ်းကြောက်ဖို့ကောင်းပေမယ့် အရမ်းမိုက်တယ်...”

မုန့်မုန့်က နှုတ်ခမ်းလေးကိုကိုက်ရင်း "ဟမ့် ဖေဖေ့ကို မချစ်တော့ဘူး။ ဖေဖေက မုန့်မုန့်ကို အဲဒီခေါ်မသွားပေးဘူး”

"ဟားဟားဟား...” ကျန်းဟန် ခေါင်းယမ်းကာ ရယ်မောလိုက်ပြီး မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်သည်။ "ဖေဖေ ပြီးရင် သမီးနဲ့ ကစားပေးပါ့မယ်။ အောက်မှာက အရမ်းမှောင်မည်းနေတာ။ အဲဒီမှာ ဘာမှလှတာမရှိဘူး။ ဖေဖေက သမီးကို ပိုကောင်းတဲ့နေရာ ခေါ်သွားပေးမယ်”

"အင်း... ဒါဆို လက်ချင်းချိတ်ပြီး ကတိပေးရမယ်”

"ကောင်းပါပြီဗျာ” ကျန်းဟန်က သူ၏လက်သန်းကို ဆန့်ထုတ်ပေးလိုက်သည်။

"ချိတ်ကိုဆွဲပြီး…အဲ… အန်တီလီလီ အဲဒါပြီးတော့ ဘာလဲ။ ဪ် သိပြီ။ ချိတ်ကိုဆွဲပြီး နှစ်တစ်ရာကြာအောင် ကတိတည်ဖို့အတွက် အဲဒါတွေကို ရှင်းပစ်ရမယ်…"

ထိုစာကြောင်းကို ကျန်းလီက သင်ပေးထားခြင်းဖြစ်သည်။ မုန့်မုန့်သည် ၎င်းက ဘာကိုဆိုလိုသလဲမသိသောကြောင့် သူမ မေ့သွားသည်နှင့် ပြန်မေးတတ်သည်။

ကျန်းလီမျာ ခေါင်းရှုပ်သွား၏။

"ချိတ်ကိုဆွဲပြီး နှစ်တစ်ရာကြာအောင် ကတိတည်ဖို့အတွက် အဲဒါတွေကို ရှင်းပစ်ရမယ်" ဟူသည်မှာ မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းလာသည့် ကလေးများဆိုသည့် ကာရန်စကားလုံးဖြစ်ပြီး ၎င်းက ဘာကြောင့် ကတိတည်ရန် အဓိပ္ပာယ်ပေါက်သွားသလဲ သူမ သိချေ။

ထို့ကြောင့် ထိုစာကြောင်းကို အင်တာနက်တွင်ရှာကြည့်ကာ ၎င်းက ဝက်ဝုတ္တိတစ်ခုဖြစ်ကြောင်း သိလိုက်ရသည်။ "ချိတ်ကိုဆွဲပြီး" ဆိုသည်မှာ "ချိတ်ကောက်က အကွေးဖြစ်ပြီး

ပစ္စည်းများ ချိတ်ရန် အသုံးပြုနိုင်သည်” ဆိုသည် စာကြောင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ "အဲဒါတွေကို ရှင်းပစ်ရမယ်” ဆိုသည်မှာ သတ်ပစ်ရမည်ကို ဆိုလိုခြင်းမဟုတ်ဘဲ "အဲဒါတွေ” ဆိုသည့်စကားက ရှေးဟောင်းကြေးဒင်္ဂါးများကို ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝါကျတစ်ကြောင်းလုံးမှာ ကြေးနီဒင်္ဂါးများ ကြိုးသီခြင်းလုပ်ငန်းစဉ်ကို ဖော်ပြခြင်းဖြစ်ပြီး ပေးထားသည့်ကတိကို ဘယ်တော့မှ ပြောင်းလဲမည်မဟုတ်ကြောင်း အဓိပ္ပာယ်ရသည်။

ကျန်းလီက "အဲဒါတွေကို ရှင်းပစ်ရမယ်” ဆိုသည်အား သတ်ပစ်ရမည်ဟု အမြဲတမ်းထင်နေခဲ့သည့်အတွက် အနည်းငယ် အပြစ်ရှိစိတ်ခံစားခဲ့ရသည်။

ကျောက်ဖုန်းသည် ယခု သဘော်ပေါ်တွင် ရှိပြီး သူ၏ဘေးနားရှိ ကုန်တင်သင်္ဘောအား သံကြိုးများ ဆွဲတင်ရန် လက်ပြနေသည်။

တစ်ချိန်တည်းမှာပင် ပထမဆယ်ယူထားသော ရတနာသေတ္တာများနှင့်အတူ အစကတည်းက ကွဲကြေနေသည့်ရတနာသေတ္တာများကို အကာအကွယ်လွှာပါရှိသည့် ကွန်တိန်နာများထဲသို့ ထည့်သွင်းခဲ့သည်။ အချို့သော ရတနာသေတ္တာများမှာ အလွန်ပျက်ဆီးနေပြီး ကျန်းဟန်မှာ အတွင်းရှိ ရှေးဟောင်းရွှေဒင်္ဂါးတစ်ဖူးကိုသာ တွေ့ခဲ့ရကာ ၎င်းတို့၏ခုနှစ်အတိအကျကိုတော့ မသိချေ။

အချို့သောသေတ္တာများတွင် ကြွေထည်များဖြင့် ပြည့်နေသည်။ သေတ္တာများကို သယ်ဆောင်သည့် အလုပ်သမားများက အလွန်ဂရုစိုက်သော်လည်း အတွင်းရှိ ကြွေထည်များကွဲကြေသံကို ကြားနေရဆဲဖြစ်သည်။

ကြေးညိုအချို့မှာ ပင်လယ်ရေကြောင့် သံကြေးတတ်နေပြီး စိန်ရွှေလက်ဝတ်ရတနာများသာ အခြေအနေကောင်းမွန်သည်။

ပထမအသုတ်တွင် ရတနာများစွာပါပြီး တန်ဖိုးမှာ အံ့သြလောက်စရာပင်။

"ငါ့ကို ဒီမှာစောင့်နေ။ ငါ အောက်ပြန်ဆင်းဦးမယ်။ ဆယ်မိနစ်ကနေ တစ်နာရီအတွင်း ပြန်လာခဲ့မယ်" ကျန်းဟန်က အချိန်ကို ကြည့်ကာ ပြောသည်။

"ရှင် ဘာလုပ်မလို့လဲ" ဇီယန်က မေးသည်။

"ကိုယ် တစ်ခုခုတွေ့ခဲ့တယ်" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

"ဒါဆို သတိထားနော်။ အန္တရာယ်ရှိရင် အောက်ကို မဆင်းပါနဲ့" ဇီယန် စိုးရိမ်သွားသည်။

ပင်လယ်ကြမ်းပြင်သည် မှောင်မည်းနေသည့် ဧရိယာတစ်ခုရှိပြီး ဘာကိုမှမမြင်ရချေ။ သူမတစ်ယောက်တည်းသာ ကျန်နေခဲ့ရပါက သူမ အလွန်ထိတ်လန့်မိပေလိမ့်မည်။

"မစိုးရိမ်ပါနဲ့။ ကိုယ်က တစ်ချက်လောက် ဆင်းကြည့်ရုံပါပဲ" ကျန်းဟန် ပြုံးလိုက်သည်။

"အမ်" ဗီယန်၏ဘေးနားရှိ မုန့်မုန့်က သူတို့အား ခဏလောက် စောင့်ကြည့်နေပြီး ထူးခြားသည့်တစ်စုံတစ်ရာကို တွေ့ရှိသွားသည်။ သူမလေးက စိုးရိမ်သည့်လေသံဖြင့် ဝင်ပြောသည်။ "အိုး အန္တရာယ်များတယ်။ ဖေဖေ အောက်ကိုမဆင်းပါနဲ့ မဆင်းနဲ့နော်"

"ဟားဟားဟား..." ကျန်းဟန် မရယ်ဘဲမနေနိုင်တော့။ သူ့သမီးလေး၏ ဂရုစိုက်ပေးခံရသည်ကို အလွန်ပျော်ရွှင်သည်။

မုန့်မုန့်၏ခေါင်းလေးကို ပုတ်ရင်း ကျန်းဟန်က ပြောလိုက်သည်။ "အန္တရာယ်မရှိပါဘူး။ ဖေဖေက နည်းနည်းစစ်ဆေးကြည့်ပြီး ခဏနေ ပြန်လာမှာ။ မုန့်မုန့်က ဒီမှာ ကောင်းကောင်းနေခဲ့ရမယ်နော်"

"..."

မိနစ်အနည်းငယ်ကြာ စကားပြောပြီးနောက် ကျန်းဟန်သည် သင်္ဘောတစ်ဖက်သို့ သွားကာ ပင်လယ်ထဲသို့ ခုန်ဆင်းသွားသည်။

ဤတစ်ကြိမ်တွင် ဝန်ထုပ်ဝန်ပိုးမရှိသဖြင့် လျင်မြန်စွာ ကူးခတ်သွားပြီး တကယ်ငါးတစ်ကောင်ပမာ ရေနဲထဲသို့ ဆင်းသွားသည်။

မကြာမီတွင် သူသည် သင်္ဘောပျောက်၏နေရာသို့ ရောက်ရှိလာပြီး ကျောက်တုံးအိမ်မှာ ပျောက်ကွယ်နေခဲ့သည်။

ကျန်းဟန်က ရပ်တန့်မနေဘဲ မြောင်းကြီးထဲသို့ ဆက်၍ကူးသွားပြီး အစောက အလင်းရောင်လင်းလက်သွားသည့်နေရာသို့ ဦးတည်သွားသည်။

တစ်ချိန်တည်းမှာပင် ပုံမှန်အခြေအနေတွင် မီတာ ၅၀ ဖြန့်ကျက်နိုင်ပြီး ရေနက်ထဲတွင် မီတာ ၃၀ ဖြန့်ကျက်နိုင်သော ကျန်းဟန်၏စိတ်ဝိညာဉ်အာရုံက ခန္ဓာကိုယ်အပြင်ဘက်သို့ ပျံ့နှံ့သွားခဲ့သည်။ သူ၏စိတ်ဝိညာဉ်စွမ်းအားနှင့်အတူတူပင် မီတာ

၅၀ အတွင်း၌ ၎င်း၏အထွတ်အထိပ်တိုက်ခိုက်မှုကို ထိန်းသိမ်းထားနိုင်ပြီး မီတာ ၃၀ အတွင်းတွင် ခုခံနိုင်စွမ်းကို ထိန်းသိမ်းထားနိုင်သည်။ သို့သော် ပို၍ဝေးလေလေ ကျန်းဟန်၏စိတ်ဝိညဉ်စွမ်းအား ထိန်းချုပ်မှုက နိမ့်ကျလေဖြစ်သည်။

ကျန်းဟန်သည် သူ၏စိတ်ဝိညဉ်အာရုံကြောင့် သူ့ကိုယ်သူ ယုံကြည်မှုရှိပြီး အကြပ်အတည်းတစ်စုံတစ်ရာဖြစ်လာပါက တတ်နိုင်သမျှ အမြန်ဆုံး ပြန်ဆုတ်ခွာမည်ဖြစ်သည်။

ရိုးရိုးသားသားပြောရလျှင် သူသည် ဖခင်တစ်ယောက်ဖြစ်လာပြီးနောက် သူ၏စွမ်းဆောင်ရည်မှာ ကျင့်ကြံခြင်းကမ္ဘာ တုန်းကနှင့် အတော်လေးကွာခြားသည်ကို သူသိသည်။

ကျင့်ကြံခြင်းကမ္ဘာတွေင် သူ့ကိုယ်သူ ဘေးကင်းသည်ဖြစ်စေ မကင်းသည်ဖြစ်စေ သူဝင်ရောက်လေ့ရှိပြီး ပို၍အန္တရာယ်များလေ အခွင့်အရေးပိုကောင်းလေဖြစ်သည်။ ကျန်းဟန်သည် သူ၏စွမ်းရည်အပြင် သေခြင်းတရားကိုမကြောက်သည် သူ၏စိတ်ခတ်ခိုင်မာမှုကို အားကိုးခဲ့သည်။

ယခုတွင်တော့ သူသည် သေခြင်းတရားကို ကြောက်ရွံ့နေပြီဖြစ်၏။

ကျန်းဟန်သည် တစ်ယောက်တည်းမဟုတ်တော့ချေ။ သူ့တွင် ဇီယန်၊ မုန့်မုန့်၊ ကျန်းလီနှင့် သူ၏မိဘများရှိနေပြီဖြစ်ကာ သူ သတိထားရမည်ဖြစ်သည်။

ကျန်းဟန်သည် ယခင်ကတည်းက သတိထားခဲ့သော်လည်း ယခုတော့ ပို၍သတိထားလာခဲ့သည်။

ထို့ကြောင့် အနက်တစ်ခုသို့ ရောက်သည့်အခါ ကျန်းဟန် အရှိန်လျှော့ချလိုက်၏။

မြောင်းကြီး၏အောက်ခြေနှင့် နီးကပ်လာသလို သူ ခံစားရသည်။

"ဝုန်း"

ရုတ်တရက် သူ၏စိတ်ဝိညာဉ်အာရုံက တစ်စုံတစ်ရာကို ထိတွေ့သွားပြီး သူ၏အောက်ဘက်၌ တသိမ့်သိမ့်တုန်သွားသည်။

"ဟမ်"

ကျန်းဟန်၏မျက်လုံးများ၌ အံ့အားသင့်သည့်အလင်းများ တောက်ပလာပြီး ရုတ်တရက် အေးခဲသွားသည်။

"ပင်လယ်ကြမ်းပြင်မှာ စိတ်ဝိညာဉ်မြေကွက်လား"

ကျန်းဟန်သည် ပျော်ရွှင်မှုအား ဖုံးကွယ်မထားနိုင်တော့။

ထိုစိတ်ဝိညာဉ်မြေကွက်ထဲရှိ စိတ်ဝိညာဉ်ချီဓာတ်ကြောင့် ကျန်းဟန် အနည်းငယ် အံ့အားသင့်သွားသည်။ ၎င်းက စိတ်ဝိညာဉ်ဆေးပင်များကဲ့သို့သော စိတ်ဝိညာဉ်ရတနာအချို့မှာ ဤနေရာတွင် ကြီးထွားနေဆဲဖြစ်ကြောင်း ဆိုလိုနေသည်။

ထို့ကြောင့် ကျန်းဟန်သည် အောက်သို့ဆင်းကာ ဓာတ်မီးဖြင့် ဧရိယာတစ်ဝိုက်ကို ထိုးကြည့်လိုက်သည်။ လဆန်းတောင်၏ဆယ်ပုံတစ်ပုံခန့်ရှိသော ရေအောက်တောင်ကုန်းတစ်ခုရှိနေကြောင်း သူ တွေ့လိုက်ရသည်။

"ကောင်းကင်ဖုံးလွှမ်းအစီအရင်လား။ စိတ်ဝိညာဉ်မြေကွက်ကို ပိုင်ဆိုင်ပြီး ဒီအစီအရင်ကို ခင်းခဲ့တဲ့ ကျင့်ကြံသူက ရှန်းထျန်းအဆင့် ဒါမှမဟုတ် အဲဒီအထက်မှာ ရှိရမယ်"

ကျန်းဟန် ခေါင်းကိုအသာယမ်းလိုက်သည်။

မြေကွက်က ကျောက်တုံးအိမ်၏အောက်တွင် ရှိနေသည့်အတွက် ၎င်းကို အိမ်ပိုင်ရှင်က ပိုင်ဆိုင်ခြင်းဖြစ်ရပေမည်။ ကျန်းဟန်သည် ဧရိယာတစ်ခုလုံးကို အလင်းရောင်ထိုးရန် ကြိုးစားလိုက်သော်လည်း အမှောင်ထု၏နယ်နိမိတ်စည်းအား မတွေ့ခဲ့ရချေ။

-အပိုင်း(၆) အခန်း(၄၁၄-က)ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၇)] အခန်း(၄၁၄-ခ) ကုန်အပြည့်ဖြင့် ပြန်လာခြင်း(၂)

မြောင်းကြီးသည် ဥမင်ပုံသဏ္ဌာန်ဖြစ်ပုံရ၏။ ဝင်ပေါက်မှာ မီတာ ၁၀၀ ခန့်ကျယ်သော်လည်း အလယ်ပိုင်းက ၃၀ မီတာခန့်သာ ကျယ်ပြီး အောက်ခြေက ပို၍ ကျယ်သည်။

အလင်းရောင်မရှိသည့်အတွက် ပတ်ပတ်လည်တစ်ခုလုံး မှောင်မည်းနေသည်။ အတက်နှင့်အဆင်းမှလွဲ၍ ကျန်းဟန်အတွက် အခြားဦးတည်ရာမရှိချေ။

၎င်းက အခြားကမ္ဘာတစ်ခုလိုပင်။

သို့သော် ကျန်းဟန်အတွက် ဤမြင်ကွင်းက အဆန်း မဟုတ်ချေ။

"အစီအရင်က မဆိုးပါဘူး။ တခြားတစ်ယောက်သာဆို ဒါကို ချိုးဖြတ်ဖို့ ခက်လိမ့်မယ်…"

ကျန်းဟန်က ခပ်ရေးရေးပြုံးလိုက်ပြီး သူ၏လက်ဖဝါးကို ရှေ့သို့ဆန့်ထုတ်၍ စိတ်ဝိညာဉ်စွမ်းအားကို တွန်းထုတ်လိုက်သည်။ ရုတ်တရက် သူ၏ရှေ့တွင် အဟာတစ်ခုပေါ်လာပြီး ထို နေရာ၌ သုခဘုံတစ်ခုရှိနေသလို အလင်းရောင်ဖျော့ဖျော့ ပေါ်လာသည်။

ကျန်းဟန်က မဆိုင်းမတွပင် ထိုအဟာထဲသို့ ခုန်ဝင် လိုက်၏။

ကျန်းဟန် မြေပြင်ပေါ်ဆင်းသက်လိုက်သည့်အချိန်တွင် အပင်များဖြင့် ပြည့်နေသည့် တောင်ကုန်းတစ်ခုကို တွေ့လိုက် ရပြီး မီတာ ၃၀ ခန့် အချင်းဝက်ရှိသော ပန်းကန်လုံးပုံစံအကာ တစ်ခုဖြင့် ပင်လယ်ရေများကို တားဆီထားသည်။ ဤ တောင်ကုန်းပေါ်တွင် မီတာအနည်းငယ်တိုင်း၌ သစ်ပင်တစ်ပင် ရှိပြီး စုစုပေါင်း အပင်အရေအတွက် ထောင်ဂဏန်းရှိသည်။ သစ်ပင်တစ်ပင်စီ၏ထိပ်တွင် ညလင်းပုလင်းများ ထွန်းထားပြီး ၎င်းက အလင်းပင်လယ်ကြီးအဖြစ် စုစည်းနေသည်။

"မဆိုးပါဘူး”

တောင်ကုန်းပေါ်တွင် စိတ်ဝိညာဉ်ဆေးပင်များစွာ ရှိနေသည်ကို တွေ့လိုက်ရသဖြင့် ကျန်းဟန်၏မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။ အများစုမှာ ပထမအဆင့် စိတ်ဝိညာဉ်ရတနာများဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ ဒုတိယအဆင့် စိတ်ဝိညာရတနာများဖြစ်ကာ ၎င်းတို့ထဲမှ ကိုးပင်သည်တော့ တတိယအဆင့် စိတ်ဝိညာဉ်ရတနာများဖြစ်သည်။

ဤစိတ်ဝိညာဉ်ဆေးပင်များက ကျန်းဟန်အတွက် သိပ်ပြီး အသုံးမဝင်သော်လည်း ၎င်းတို့က ထိပ်တန်းအရင်းမြစ်များဖြစ်ကာ လုံခြုံရေးအဖွဲ့မှလူများအတွက် ကြီးမားသည့်ကံကြမ္မာကောင်းတစ်ခုဖြစ်သည်။

အထူးသဖြင့် တတိယအဆင့်စိတ်ဝိညာဉ်ရတနာကိုးပင်ဖြင့် ပြုလုပ်သည့် ဆေးလုံးများမှာ တာဟေးနှင့် ရှောင်ဟေး သို့မဟုတ် ဇီယန်၊ ကျောက်ဖုန်းနှင့် ယံ့ကျားရှင်းတို့အား ပေး

နိုင်သည်။ ကျန်ရှိသည့်အရင်းမြစ်များစွာက လုံခြုံရေးအဖွဲ့၏ခွန်အားကို မြှင့်တင်ရန် လုံလောက်ပေသည်။

"ဟမ်”

ရုတ်တရက် ကျန်းဟန်၏မျက်လုံးများက တောင်ထိပ်ရှိ ကျောက်ပြားအား စိုက်ကြည့်လိုက်သည်။

ကျောက်ပြားပေါ်တွင် စကားလုံးအချို့ကို ရေးထိုးထား၏။

"တိမ်နှင့်မိုးကို ထိန်းချုပ်ခြင်း”

"ဒီမှာ ဒီလိုဟာမျိုးရှိတာလား” ကျန်းဟန် ခပ်ရေးရေးပြုံးလိုက်ပြီး မျက်လုံးများကို မိုတ်ကာ တောင်ပေါ်သို့ ခြေဆောင့်နင်းလိုက်သည်။

"ထွက်ခဲ့စမ်း”

ရုတ်တရက်

"ဂါး”

ကျန်းဟန်သည် အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရပြီး ကျောက်ပြားက တောက်ပလာကာ တုန်ခါလာသည်။

သူ၏စိတ်ဝိညာဉ်အာရုံဖြင့် စစ်ဆေးကြည့်ပြီးနောက် ၎င်းက ရေနဂါးတစ်ကောင်၏ဝိညာဉ်ဖြစ်ကြောင်း ကျန်းဟန် တွေ့ရှိသွားသည်။

ကျောင်းဟု သိကြသည့် ရေနဂါးမှာ ရေသားရဲတစ်ကောင်ဖြစ်ပြီး နဂါးအနွယ်ဝင်ဖြစ်သည်။ ၎င်းတွင် အကြေးခွံများရှိပြီး မြစ်များနှင့် ပင်လယ်များကို မှောက်ခုံလှန်ပစ်နိုင်စွမ်းရှိသည်။

အရွယ်ရောက်ပြီးသော ရေနဂါးတစ်ကောင်သည် အနည်းငယ် ရှန်းထျန်းအဆင့်အထက် ရှိသည်။

သူ့ရှေ့ရှိ နဂါးမှာ ဤနေရာတွင် စောင့်ကြပ်ရန် အထူးစီစဉ်ထားသော အသိစိတ်မဲ့နေသည့် ဝိညာဉ်တစ်ခုဖြစ်နေသည်မှာ နမြောစရာပင်။

ထိုသို့ဆိုလျှင်ပင် ဤရေနဂါး၏ဝိညာဉ်မှာ ဂရန်းမာစတာ အစောပိုင်းအဆင့် စွမ်းအားရှိ၏။

သိသာစွာပင် သူသည် မသေဆုံးမီက ရှန်းထျန်းအဆင့်တွင် ရှိနေခဲ့မည်မှာ သေချာသည်။

"ကျောက်တုံးအိမ်ပိုင်ရှင်ကို ငါ လျှော့တွက်မိပုံပဲ။ ကြည့်ရတာ သူက အနည်းဆုံး ရှန်းထျန်းအလယ်အဆင့်ဖြစ်လိမ့်မယ်”

"ဒီလိုကျင့်ကြံသူကို ဘယ်လိုကျင့်ကြံခြင်းနည်းလမ်းကများ သတ်နိုင်ပါလိမ့်”

"ဂါး”

ကျန်းဟန် တွေးနေစဉ် ရေနဂါးဝိညာဉ်သည် ရုတ်တရက် လှုပ်ရှားလာပြီး သူ့ထံ ပြေးဝင်လာ၏။

ကျန်းဟန်၏မျက်လုံးများမှာ အစိမ်းရောင်အလင်းများ လက်သွားပြီး သူ၏စိတ်ဝိညာဉ်စွမ်းအားကို ၁၀ မီတာမြင့်သည့်

လက်ဖဝါးကြီးအဖြစ် ပြောင်းလဲကာ ရေနဂါးဝိညာဉ်အား ရိုက်ချ လိုက်သည်။

"ဖြောင်း”

ရေနဂါးဝိညာဉ်မှာ တုန်ယင်သွားပြီး ၎င်း၏စွမ်းအင် ၃၀ ရာခိုင်နှုန်း ဆုံးရှုံးသွားသည်။

ကျန်းဟန်သည် အတွေ့အကြုံအရ နောက်ထပ် ရိုက်ချက် နှစ်ချက်နှင့်အတူ ၎င်းအား စိတ်ဝိညာဉ်အာရုံဖြင့် ဖျက်ဆီးမည် ဖြစ်သည်။

ကျန်းဟန် ဒုတိယအကြိမ် ရိုက်ခါနီးတွင် ရုတ်တရက် သူ ရပ်တန့်သွားသည်။

ရေနဂါးကို ဘာလို့ဖမ်းမထားရမှာလဲ...

ငါ့ရဲ့ ကဒ်ပြားလက်နက်မှာ အဲဒါကို ပေါင်းစပ်လို့ရတာပဲ...

ကျန်းဟန်သည် စိတ်ဝိဉာဉ်အာရုံကို နှိုးဆွလိုက်ပြီး အနက်ရောင်ကတတ်တစ်ခုက သူ၏ဂျာကင်ထဲမှ ပျံထွက်လာကာ ရေနဂါးရှေ့သို့ ပျံဝဲသွားသည်။

ထိုနောက် ကျန်းဟန် ညာလက်ကို မြှောက်လိုက်သည်။

အနီးအနားရှိ သစ်ပင်များပေါ်တွင် တင်ထားသည့် ညလင်းပုလဲ ၉၉ လုံးသည် လေထဲသို ပျံ့တက်လာသည်။

ကျန်းဟန်၏မျက်လုံးများက တောက်ပနေပြီး ညာလက်အား လက်သီးဆုပ်လိုက်သည်။

"ချင်းမင်စည်းတံဆိပ်”

သူလက်သီးဆုပ်လိုက်ချိန်တွင် ကျန်းဟန်၏စိတ်ဝိဉာဉ်စွမ်းအားများမှာ စိတ်ဝိဉာဉ်အာရုံဖြင့် အနည်းငယ်ရောထွေးသွားပြီး ပြေးထွက်လာသည်။

ညလင်းပုလဲ ၉၉ လုံးမှာ အစိတ်စိတ်အမွှာမွှာကွဲသွားပြီး ကျန်းဟန်၏ထိန်းချုပ်မှုအောက်၌ နဂါးဝိဉာဉ်အပေါ် စိမ်းပြာ

ရောင်အလင်းဖြင့် ရှုပ်ထွေးနေသည့် တရုတ်စာလုံး အမှတ်အသားတစ်ခု ရုတ်တရက် ပေါ်လာသည်။ အမှတ်အသားသည် နဂါးဝိဉာဉ်ကို ချက်ချင်း ရိုက်နှိပ်သွားပြီး ၎င်းအား ပိုမိုသေးငယ်သွားစေကာ နောက်ဆုံးတွင် အနက်ရောင်ကတ်ထဲသို့ စုပ်ယူခံလိုက်ရသည်။

နဂါးဝိဉာဉ်အား အပြည့်အဝစုပ်ယူပြီးသည့်အချိန်တွင် ကတ်ပြားပေါ်၌ နဂါးပုံစံတစ်ခု ပေါ်လာသည်။ ပုံစံငယ်မှာ အဆက်မပြတ် ကူးခတ်လှုပ်ရှားနေပြီး ရုန်းကန်ကာ ဖောက်ထွက်ရန် ကြိုးစားနေသော်လည်း ရုတ်တရက်ပေါ်လာသည့် စိမ်းပြာရောင်အလင်းက ၎င်းအား ဖိနှိပ်သွားသည်။

ချင်မင်စည်းတံဆိပ်သည် ဝိဉာဉ်ကိုဖိနှိပ်ရန် အသုံးပြုသည့် အထူးနည်းလမ်းတစ်ခုဖြစ်ပြီး ပြုလုပ်သူ၏ခွန်အားက ဖိနှိပ်ခံရသူထက် များစွာ မြင့်မားရမည်ဖြစ်သည်။ သို့မဟုတ် ဖိနှိပ်ခံရသည့်ဝိဉာဉ်က အလွန်အားနည်းနေရမည်ဖြစ်သည်။

ထိုအချိန်တွင် ကျန်းဟန်သည် ရေနဂါးဝိညာဉ်ကို အလွယ်တကူဖိနှိပ်နိုင်ခဲ့သည်မှာ သိသာထင်ရှား၏။

"ရိတ်သိမ်းချိန်ရောက်ပြီ" ကျန်းဟန်က တောင်ပေါ်ရှိ စိတ်ဝိညာဉ်ဆေးပင်များကို ကြည့်လိုက်သည်။

လယ်သမားများ၏နည်းလမ်းဖြင့် ကျန်းဟန်သည် အမြင့် တစ်မီတာအထက်ရှိသော ပထမအဆင့် စိတ်ဝိညာဉ်ဆေးပင် များဖြင့် အခြား အဆင့်မြင့်ဆေးပင်များကို တွင် ညလင်းပုလဲ အလုံး ၂၀ ကျော်ထည့်လိုက်ပြီး ၎င်းဆလင်ဒါများကို ဆေးပင် အရှည်များဖြင့် ချည်လိုက်သည်။

အားလုံးပြီးသည့်အခါ ကျန်းဟန်သည် ကြိုးရှည်ကြီးနှင့်တူ သည့် စိတ်ဝိညာဉ်မြက်ပင်၏အစွန်းတစ်ဖက်ကို ဆွဲကာ ပင်လယ်ထဲသို့ ပြန်ဝင်သွားပြီး အမြန် ကူးခတ်သွားသည်။

ထိုမြင်ကွင်းကို အခြားသူများ မြင်လိုက်ရပါက ကြက်သေ သွားကြပေမည်။

လူတစ်ယောက်က မီတာ ၁၀၀ ကျော်ရှည်တဲ့တစ်ခုခုကို ဆွဲပြီး ပင်လယ်နက်ထဲမှာ ရေကူးနေတာလား...

ကျန်းဟန်အတွက်တော့ စိတ်ဝိညာဉ်မြေကွက်က တကယ့်အံ့အားသင့်စရာပင်။

ကျန်းဟန် မီတာတစ်ရာကျော် ကူးခတ်ပြီးသွားသည့်အချိန်၌...

"ဝုန်း ဝုန်း ဝုန်း"

ရုတ်တရက် သူ၏ညာဘက်ဆီမှ ဆူညံသံတစ်ခု ထွက်ပေါ်လာသည်။

ဤအမှောင်ကမ္ဘာထဲတွင် ဆူညံ့သံများမှာ အလွန်ကျယ်လောင်ပြတ်သားသည်။

အသံက သတ္တုများတစ်ခုနှင့်တစ်ခု ပွတ်တိုက်သံလိုပင်။

ဤနေရာတွင် မည်သည့်အသံကို ကြားရနိုင်ပါမည်နည်း။

သေချာပေါက် ၎င်းက လျှို့ဝှက်ဆန်းကြယ်ပြီး ထူးဆန်းလေသည်။

"အဲဒါဘာလဲ”

ကျန်းဟန်သည် အသံလာရာဆီသို့ ကြည့်လိုက်၏။

ကျန်းဟန်သည် သူ၏စိတ်ဝိညာဉ်အာရုံကို အမြင့်ဆုံးထိတိုးမြှင့်ကာ မီတာ ၃၀ အကွာကို ကြည့်ရှုလိုက်သည်။

ရုတ်တရက်...

ကြီးမားသည့်အရိပ်တစ်ခုက ကျန်းဟန်၏စိတ်ဝိညာဉ်အာရုံလွှမ်းခြုံရာသို့ ပြေးဝင်လာသည်။

"ဟမ်” ကျန်းဟန် ဘေးသို့ ဆုတ်လိုက်သည်။

"သဘော်ာတစ်စီးလား”

ကျန်းဟန် မျက်မှောင်ကြုတ်ကာ ဓာတ်မီးကိုဖွင့်လိုက်သည်။

ကြီးမားသည့် တောင်ပုံစံသဘော်ကြီးက သူ့ရှေ့တွင် ဘေးတိုက် ရွေ့လျားနေသည်ကိုမြင်လိုက်ရသည်။

သဘော်ကြီးသည် တောင်ကဲ့သို့ ကြီးမားသော်လည်း အလွန်ပျက်စီးနေကာ အပေါက်များစွာလည်း ရှိနေသည်။

သဘော်ကပျက်နေပြီး ဗလာကျင်းနေသည်။

သဘော်တစ်စင်းလုံးမှာ ရေခဲတောင်ကြီးပမာ အလွန်အေးစက်နေသည့် ချီကို ထုတ်လွှတ်နေသည်။

"မောင်းသူမဲ့သဘော်လား"

"မဟုတ်ဘူး"

"အဲ့လိုမျိုးမဟုတ်ဘူး"

ကျန်းဟန်တွင် ခံစားချက်တစ်ခုရှိနေသည်။

သူ့အား မျက်လုံးများစွာက စောင့်ကြည့်နေသည့်ခံစားချက်ပင်။

သဘော်ာပေါ်မှ မြင်ကွင်းလိုင်းများစွာ ထွက်ပေါ်လာသည်။

သဘော်ာပေါ်တွင် ဘာမှမရှိခြင်းမဟုတ်ချေ။ တစ်စုံတစ်ရာရှိနေလေသည်။ ပစ္စည်းအမြောက်အများပင်။

ကျန်းဟန်၏မျက်လုံးများက တောက်ပနေသည်။

သူ၏မျက်လုံးများက သဘော်ာအတိုင်း လိုက်၍ ရွေ့လျားနေပြီး မှိန်ဖျော့ဖျော့ပုံရိပ်များက သဘော်ာပေါ်တွင် ပျောက်သွားသည်အား တွေ့လိုက်ရ၏။

သိသာစွာပင် ထိုမြင်ကွင်းများက ၎င်းတို့ထံမှ ဆင်းသက်လာခြင်းဖြစ်သည်။

သူတို့က ကျန်းဟန်အား တစ်ခုခုပြောချင်နေပုံရ၏။

ဒါမှမဟုတ် ကျန်းဟန်အား သဘော်ာပေါ် တက်စေချင်ပုံရသည်။

အချိန်အတော်ကြာပြီးနောက် သဘော်မှာ ကျန်းဟန်၏ရှေ့မှ ဖြတ်ကျော်သွားပြီး တဖြည်းဖြည်းနှင့် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

"ကျိန်စာသင်္ဘောလား"

ထိုကဲ့သို့သောသင်္ဘောပေါ်သို့ တက်ခြင်းက အလွန်အန္တရာယ်များသော်လည်း သင်္ဘောပေါ်မှ တစ်စုံတစ်ရာ ရရှိရန်လည်း ဖြစ်နိုင်သည်။

အကယ်၍ ကျန်းဟန်သာ ပြန်လည်မမွေးလာမီကဆိုပါက သူ သင်္ဘောပေါ်သို့ တက်ကြည့်ပေလိမ့်မည်။

သို့သော် ယခုတော့ ၎င်းကို လွှတ်ထားလိုက်ရန် ဆုံးဖြတ်ခဲ့၏။

ကျန်းဟန်သည် ခေါင်းကိုအသာယမ်းကာ ဆက်၍ ကူးခတ်သွားသည်။

အခြေခံတည်ဆောက်ခြင်းအစောပိုင်းအဆင့် ကျင့်ကြံသူတစ်ယောက်အနေဖြင့် ကျန်းဟန်သည် သဘော်အား မဆင်မခြင်စူးစမ်းလေ့လာခြင်းက အလွန်အန္တရာယ်များကြောင်း သဘောပေါက်ထားပြီး သူ၏လုံခြုံရေးကို အာမခံနိုင်မည်လား မသေချာချေ။ ထို့ပြင် ဤကဲ့သို့ ကျိန်စာသဘော်များမှာ အဖိုးတန်သည့်အရာ ဘာမျှမရှိတတ်ချေ။

ထိုအချိန်တွင် သဘော်ပေါ်၌...

ဇီယန်သည် လက်ပတ်နာရီကို နှစ်မိနစ်တစ်ကြိမ် ကြည့်နေပြီး အခြားသူများနှင့် စကားမပြောတော့ဘဲ လေထုက အစပိုင်းကထက် ပို၍ လေးနက်လာခဲ့သည်။

"မိနစ်လေးဆယ်ကျော်နေပြီ။ သူ ဘာလို့ ပြန်မလာသေးတာလဲ" ဇီယန်က စိုးရိမ်တကြီးဖြင့် နှုတ်ခမ်းကို ကိုက်လိုက်၏။

ထိုအချိန်တွင် ကျန်းဟန်၏အသံက ကုန်းပတ်အဝမှ ထွက်ပေါ်လာသည်။ "အင်း ကိုယ်ပြန်လာပါပြီ"

"ဝှစ် ဝှစ် ဝှစ်"

လူတိုင်း လှည့်ကြည့်လိုက်ကြပြီး သူတို့၏မျက်လုံးများက ကျန်းဟန်အား စိုက်ကြည့်နေကြသည်။

"ဖေဖေပြန်လာပြီ" မုန့်မုန့်မှာ ပျော်ရွှင်သွားသည်။

အခြားသူများလည်း စိတ်သက်သာရာရသွားကြ၏။

သို့သော် မကြာခင်ပင် သူတို့ အေးခဲသွားကြပြန်သည်။

ကျန်းဟန်သည် ပင်လယ်ထဲသို့တန်းလန်းဖြစ်နေသည့် ကြိုးတစ်ချောင်းကို ကိုင်ထားသည်။ သူ ကုန်းပတ်ပေါ်ရောက်သည့်အခါ အပင်အစည်းလိုက်ကို ပင်လယ်ထဲမှ ဆွဲတင်လိုက်၏။

"အဲဒါဘာလဲ" လူအုပ်ကြီးက သူ့ဆီ လျှောက်သွားပြီး စပ်စုကြသည်။

"အရှည်ကြီးပဲ" ထိုအပင်များကို အပေါ်သို့ဆွဲတင်ပြီး ကုန်းပတ်နောက်တစ်ထပ်အထိ ရောက်သွားသည်အား မြင်လိုက်ရသဖြင့် သူတို့ အနည်းငယ် အံ့အားသင့်သွားကြသည်။

"ဒါတွေကို သူ အောက်ကနေ ယူလာတာလား"

"ဟူး..."

ဝမ်မင် အသက်ပြင်းပြင်းရှူလိုက်ပြီး ပန်းနုရောင်အရွက်တစ်ရွက်ကို ကောက်ယူကာ သေသေချာချာကြည့်လိုက်သည်။ ခဏအကြာတွင် သူ၏မျက်နှာ ပြောင်းလဲသွားပြီး စကားလုံးအနည်းငယ် ထွက်ကျလာသည်။ "သဘာဝအဖိုးတန်ပစ္စည်းတွေ"

"ရှောင်ဟန် ဒီဟာတွေအားလုံးက သဘာဝအဖိုးတန်ပစ္စည်းတွေလား" ဝမ်မင်၏မျက်လုံးများ ပြူးကျယ်သွားသည်။

"ဟုတ်တယ်" ကျန်းဟန် ဆေးပင်အစည်းများကို ဆက်လက်ဆွဲတင်ရင်း ခေါင်းညိတ်သည်။

ထိုခဏအတွင်း ဝမ်မင်၏အာခေဋ္ဌိတ်သံကိုသာ သူ၏နား ထဲတွင် ကြားနေခဲ့ရသည်။

"ဆေးပင်တွေအများကြီးပဲ။ သဘာဝတန်ဖိုးကြီးပစ္စည်း တွေအများကြီးနဲ့ဆို တကယ့်အကျိုးရှိတဲ့ ခရီးတစ်ခုဖြစ်ရမယ်"

"မပြီးသေးဘူးလား။ ဒီလောက်ဆို တော်လောက်နေပြီ"

"မင်း မပြီးသေးဘူးလား"

"အခုထိ မပြီးသေးဘူးပေါ့။ ဘုရားရေ ဆေးပင်တွေ များ လိုက်ချည်လား"

"ဒါ...ဒါက... အရမ်းများလွန်းတယ်။ တခြားဟာတွေရှိ သေးလား။ ဟူး... ပြီးသွားပြီပေါ့။ ဒါတွေကိုက တော်တော်များ လွန်းနေပြီ"

ဝမ်မင်သည် ကျန်းဟန်၏အနားတွင် ရပ်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေသည်။

အစပိုင်းတွင် သူ အသံတိုးတိုးဖြင့် ပြောနေခဲ့သော်လည်း နောက်ဆုံးတွင် အသံကျယ်ကျယ်ထွက်လာတော့သည်။ "သဘာဝတန်ဖိုးကြီးပစ္စည်းတွေ ဒီလောက်အများကြီးကို ငါ့ဘဝမှာ ပထမဆုံးတွေ့ဖူးတာပဲ"

"အိုး ဒီကုန်းပတ်မှာ နေရာမရှိတော့ဘူး" ဝမ်ရက တအံ့တသြဖြင့် ပြုံးလိုက်သည်။

"ဆရာက အံ့သြစရာပဲ" ကျောက်ဖုန်းလည်း အံ့အားသင့်နေသည်။

ဤနေရာရှိ ပမာဏမှာ ယခင်အချိန်က နည်းပြလျို့ဆီကရသည်ထက် ငါးဆပိုများသည်။ ကျန်းဟန်သည် ၎င်းတို့အား ဟင်းရွက်ကန်းစွန်းပမာ အစည်းလိုက်ချည်ထားခဲ့သည်။ "ဒါက ငါ့ဆရာရဲ့ပုံစံပဲ"

ဇီယန်လည်း အနည်းငယ် မှင်တက်နေခဲ့သည်။ ကျန်းဟန်က ဒီလောက်များသည့်ပစ္စည်းများကို ပြန်ယူလာလိမ့်မည်ဟု သူမ မမျှော်လင့်ထားချေ။

"ဖေဖေ ဖေဖေ" မုန့်မုန့်သည် ဘေးဘယ်ညာလိုက်ကြည့်နေပြီး ရုတ်တရက် တစ်ဖက်ကို ညွှန်ပြကာ ပြောသည်။ "အဲဒီထဲမှာ ဘောလုံးရှိတယ်ထင်တယ်"

"အထဲမှာ ဘောလုံးတွေရှိတယ်။ သမီး ကစားချင်လို့လား" ကျန်းဟန်က လက်ကိုခါလိုက်ပြီး မုန့်မုန့်အား ပွေ့ချီလိုက်သည်။

"အင်း ကစားချင်တယ်" မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

"အဲဒီထဲက တစ်ခုကို ဖွင့်ကြည့်ကြမယ်" ကျန်းဟန်က မုန့်မုန့်အား ပွေ့ချီပြီး ထိုနေရာသို့ လျှောက်သွားကာ ညလင်းပုလဲများပါရှိသည် ဆလင်ဒါသစ်ရွက်လိပ်ကို ဖွင့်ပြီး ပုလဲ ၂၆ လုံးကို သွန်ချလိုက်သည်။

"ဝိုး လှလိုက်တာ။ အဲဒါ ဘာလဲ" ကျန်းလီက တစ်လုံးကောက်ယူလိုက်ပြီး သိချင်စိတ်ပြင်းစွာ မေးသည်။ "ဝိုင်းစက်နေတာပဲ။ ဒါက ညလင်းပုလဲမဟုတ်လား"

"ဟုတ်တယ်" ကျန်းဟန်က ခေါင်းညိတ်သည်။

"ဒီလိုအရည်အသွေးမြင့်တဲ့ ညလင်းပုလဲတွေလား" ဝမ်ရကလည်း တစ်လုံးကောက်ယူကာ အံ့ဩတကြီးရေရွတ်သည်။ "အရမ်းလှတာပဲ"

ထိုသို့ဖြင့် သူတို့အားလုံး တစ်ယောက်တစ်လုံးကောက်ယူကာ သေချာကြည့်ရှုကြသည်။

ကျောက်ဖုန်းက သူတို့လိုလိုက်မလုပ်ချေ။ သူ၏စီစဉ်မှုအောက်တွင် ကုန်တင်သင်္ဘောနှင့် ဖိမ်ခံသင်္ဘောသည် ပြန်လာခဲ့ကြပြီး လင်းရှယ်အား အကြောင်းကြားလိုက်သည်။

လင်းရှယ်က ဆိပ်ကမ်းကို ကုန်ပစ္စည်းလာယူရန် တစ်ယောက်ယောက် စီစဉ်ပေးသည်။

ရတနာများမှာ တန်ချိန် ၃၀ ခန့်ရှိကြောင်း ကြားလိုက်ရတော့ လင်းရှယ် အံ့အားသင့်သွားပြီး သူမ၏အဖေကို ပြော

ပြသည်။ ထို့ကြောင့် ဥက္ကဌလင်းက သူမနှင့်အတူလိုက်သွားရန် လူတစ်ယောက် စီစဉ်ပေးခဲ့သည်။

ဇိမ်ခံသဘော်ာ ပြန်လာသည့်အချိန်တွင် မုန့်မုန့်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ မေးသည်။ "ဖေဖေ ည လင်းပုလဲက ဘာလဲဟင်”

"အဲဒါ ကျောက်မြက်ရတနာတစ်မျိုးပေါ့။ အလင်းရောင် ထွက်နိုင်တယ်လေ” ကျန်းဟန်က ပြန်ဖြေသည်။

"ဒါက လင်းလည်းမလင်းဘူး” မုန့်မုန့် စိတ်ရှုပ်ထွေး သွား၏။

-အပိုင်း(၇) အခန်း(၄၁၄-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၈)] အခန်း(၄၁၄-၈) ကုန်အပြည့်ဖြင့် ပြန်လာခြင်း(၃)

"ဒီဆိုလိုရင် သမီး အဲဒါ လင်းနေတာကို ကြည့်လို့ရတယ်" ကျန်းဟန်က ရယ်မောလိုက်ပြီး ပုလဲအား သူ၏ကုတ်အင်္ကျီထဲသို့ ထဲကာ မုန့်မုန့်၏ခေါင်းလေးကို အထဲသို့ ပို့လိုက်သည်။ မုန့်မုန့်၏အံ့သြသွားသည့်အသံကို ချက်ချင်း ကြားလိုက်ရ၏။ "ဝိုး လင်းတယ် ဖေဖေ အဲဒါလင်းနေတယ်။ အရမ်းမိုက်တာပဲ..."

"..."

မုန့်မုန့်နှင့် အချိန်အတော်ကြာအောင် ကစားပြီးနောက် လူတိုင်း ပက်လက်ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ကြသည်။ ကုန်းပတ်ပေါ်တွင် စိတ်ဝိညာဉ်ဆေးပင်များဖြင့် ပြည့်လုနီးပါး ဖြစ်နေ၍ အခြားလှုပ်ရှားမှုများလုပ်ရန် နေရာမရှိချေ။

မုန့်မုန့်က ဇီယန်၊ ယုံကျားရှင်းတို့နှင့် ကစားနေသည့်အချိန်တွင် ဝမ်မင်သည် ကျန်းဟန်အနားသို့ ချဉ်းကပ်ကာ မေးသည်။

"ရှောင်ဟန် ဒီသဘာဝတန်ဖိုးကြီးပစ္စည်းတွေရဲ့အဆင့်က ဘယ်လောက်လဲ”

"သူတို့ထဲက အများစုက နက်နဲအဆင့်မှာ။ ၂၀ ရာခိုင်နှုန်းအောက်က မြေအဆင့်၊ ကိုးပင်က ကောင်းကင်အဆင့်” ကျွန်းဟန်က ပြန်ဖြေသည်။

"တကယ်လား” ဝမ်မင် အံ့သြသွားသည်။

သူ၏နှုတ်ခမ်းထောင့်မှာ တဆတ်ဆတ်တုန်နေပြီး ကျွန်းဟန်အား ငေးကြောင်ကြည့်နေရင်း ရေရွတ်လိုက်သည်။

"ဒါဆို... ရှောင်ဟန် မင်း ခုနကဆင်းသွားပြီး ပြန်တက်လာတော့ သဘာဝပစ္စည်းတွေအများကြီး ပြန်ယူလာတယ်ပေါ့”

"ဟူး.. မင်းဘာလို့ ဒီလောက် ကံကောင်းနေတာလဲ”

ဝမ်မင် လုံးဝ စိတ်ရှုပ်ထွေးသွားသည်။

ငါအရင်က သိုင်းလောကအတုမှာ နေခဲ့မိတာများလား...

ဒီအချိန်အတွင်း ငါ ဘာတွေကြုံတွေ့ခဲ့ရတာလဲ...

သဘာဝတန်ဖိုးကြီးပစ္စည်းတွေလား...

ဘယ်လိုလုပ် အဲဒါတွေက တန်ဖိုးမရှိသလိုဖြစ်နေရတာလဲ...

မဟုတ်ဘူး။ ရှောင်ဟန်ရဲ့အမြင်မှာပဲ အဲဒါတွေက တန်ဖိုးမရှိတာ...

နတ်အဆင့်ရတနာ၊ ထွတ်မြတ်အဆင့်ရတနာ၊ ကောင်းကင်အဆင့်ရတနာ၊ မြေအဆင့်ရတနာ၊ နက်နဲအဆင့်ရတနာ... အဲဒါတွေထဲမှာ ရှောင်ဟန်မှာမရှိတာကို မရှိဘူး။

အဲဒါတွေက ရတနာတွေရော ဟုတ်သေးရဲ့လား..

ဟားဟားဟား...

-အခန်း(၄၁၄-၈)ပြီး

## အခန်း(၄၁၅-က) တန်ဖိုး(၁)

ဝမ်မင်သည် အမျိုးမျိုးသော အတွေးများနှင့် လုံးထွေးနေစဉ် ရုတ်တရက် သူ အံ့အားသင့်သွားပြန်သည်။

"ရှောင်ဟန် မင်း ဆေးလုံးဖော်စပ်တတ်တယ်လေ။ ဒီသဘာဝပစ္စည်တွေအားလုံးကို ဆေးလုံးဖော်စပ်လို့ရလား"

"ဟူး.."

ကျန်းဟန် ပြန်မဖြေခင်တွင် ဝမ်မင်မှာ သွားများအေးစက်သွားသလို ခံစားလိုက်ရသည်။ သူသည် ပင်လယ်ပြင်အား မှုန်မှိုင်းသည့်မျက်လုံးများဖြင့် ကြည့်လိုက်ပြီး ရေရွတ်သည်။ "ဒါက စက်ချိန်းနဲ့ စက်သွားလိုပဲ။ အရမ်းကို...."

ဝမ်မင်သည် ယခု ချုံးချုံးကျသွားသည်။

တစ်စုံတစ်ယောက်က သဘာဝတန်ဖိုးကြီးပစ္စည်းများ ရှာဖွေရရှိလာသည့်အခါ ၎င်းတို့အား ဈေးကောင်းဖြင့် တိုက်ရိုက် ရောင်းချမည် သို့မဟုတ် ငွေအမြောက်အများသုံးကာ

ကောင်းကင်ဆေးလုံးဂိုဏ်းမှ မော်ဆေးပညာရှင်ကို ဆေးလုံး ဖော်စပ်ပေးရန် တောင်းဆိုမည် ဖြစ်ကြောင်း သူ ကြားသိခဲ့ရ ဖူးသည်။

ထို့ပြင် မော်ဆေးပညာ၏ အောင်မြင်မှုနှုန်းက ၁၀၀ ရာခိုင်နှုန်းမဟုတ်ချေ။ သဘောတူညီချက်အရ ဆေးဖော်စပ်မှု မအောင်မြင်ပါက သဘာဝတန်ဖိုးကြီးပစ္စည်းများကို ဆုံးရှုံးမည် ဖြစ်ပြီး ပြန်လျှော်ပေးမည်မဟုတ်ချေ။

ကျောက်လောင်းကစားသကဲ့သို့ပင် စွန့်စားမှုကြီးပြီး စိတ် လှုပ်ရှားမှုများကို ကြုံတွေ့ခံစားရမည်ဖြစ်သည်။

ဒါပေမယ့် ရှောင်ဟန်က ဒီပစ္စည်းတွေကို ရောင်းဖို့ လုံးဝ စဉ်းစားနေဖို့မလိုဘူး။ သူက ဒါတွေကို ဆေးလုံးဖော်စပ်ဖို့ သုံး နိုင်တယ်...

သူရဲ့ဆေးလုံးဖော်စပ်တဲ့စွမ်းရည်က ဝက်ပါစွမ်းရည်ထပ် ပို ကောင်းတယ်လို့ပြောတယ်...

ဝမ်မင်သည် ကျန်းဟန်အား မရေရာမှုအချို့ဖြင့် ကြည့်လိုက်၏။

ရှောင်ဟန်က ဆန်းကြယ်မြူခိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ် ရှန်းချီတျန်ကို သူ့ရဲ့ဝက်ပါစွမ်းရည်နဲ့ အနိုင်ယူခဲ့တယ်။

သူ့ရဲ့ ဆေးလုံးဖော်စမ်မှုစွမ်းရည်က ဝက်ပါစွမ်းရည်ထက်ပိုကောင်းတယ်လို့ပြောတယ်။

ဝမ်မင်သည် သူ၏လောကကြီးအပေါ်အမြင် ကွဲကြေသွားသလို ခံစားလိုက်ရ၏။

နှိုင်းယှဉ်မှုက နာကျင်စေတယ်။

ထိုအချိန်တွင် မုန့်မုန့်က ရုတ်တရက် ပျော်ရွှင်စွာ သီချင်းဆိုလေသည်။ “Let it go.. Let it go… Can’t hold it back anymore….. ဘွားဘွား Frozen ကို ကြားဖူးလား”

"ဟင့်အင်း အဲဒါ ဘာများလဲ” ယုံကျားရှင်းက ပြုံး၍ မေးသည်။

"တရုတ်လိုဆိုရင် ရေခဲနဲ့နှင်း ရဲ့ အံ့ဩဖွယ်ပုံပြင်များလို့ ခေါ်တယ်။ နှင်းမှော်ပညာ၊ ရေခဲနဲ့ နှင်း စွန့်စားခန်း ဇာတ်လမ်း။ ရေခဲဘုရင်မ၊ နှင်းဘုရင်မ ဒါမှမဟုတ် ရေခဲနဲ့နှင်းဘုရင်မလို့ ခေါ်တယ်။ ဘွားဘွား အဲဒီနာမည်တွေကို မကြားဖူးဘူးလား" မုန့်မုန့်က စိတ်ဝင်တစားမေးသည်။

"မကြားဖူးဘူး။ အဲဒါ ရုပ်ရှင်လား" ယုံကျားရှင်းက ပြန်ဖြေသည်။

"ဟုတ်တယ်။ သမီး မင်းသမီး အယ်လ်ဆာကို အရမ်းကြိုက်တာ။ သူက မှော်ပညာသုံးပြီး နှင်းတွေဖန်တီးနိုင်တယ်။ နောက်ကျရင် ဘွားဘွားကို မုန့်မုန့် ရုပ်ရှင်ရုံ ခေါ်သွားပေးမယ်" မုန့်မုန့်က လေးလေးနက်နက်ဖြင့် ပြောသည်။

"အိုး မုန့်မုန့်က ဘွားဘွားကို ရုပ်ရှင်ရုံခေါ်သွားမယ်ဆိုတော့ အရမ်းဝမ်းသာတာပဲ" ယုံကျားရှင်းက ပြုံးကာ ပြောလိုက်သည်။ သူမ၏ အမူအရာနှင့် မျက်လုံးများမှတဆင့် မုန့်မုန့်အား ချစ်သည့် သူမ၏ချစ်ခင်မှုများကို မြင်နိုင်သည်။

ထိုအချိန်တွင် ကျန်းဟန်က ခဏစဉ်းစားလိုက်ပြီး ကျောက်ဖုန်းအား ပြောလိုက်သည်။ "ရှောင်ဖုန်း ကုမ္ပဏီမှာ ရုပ်ရှင်ရုံတစ်ခု ဆောက်လိုက်ပါ"

သူ့အနေဖြင့် အပြင်မှ ရုပ်ရှင်ရုံတစ်ရုံလုံးကို ဘွတ်ကင်လုပ်၍ရနိုင်သော်လည်း စီးပွားဖြစ်ရုပ်ရှင်ရုံတစ်ခုတွင် မုန့်မုန့်မှာ သူမစိတ်ကြိုက် ကြည့်ရှုနိုင်မည်မဟုတ်ချေ။ ကျန်းဟန်သည် သူကိုယ်တိုင် ရုပ်ရှင်ရုံဆောက်ပြီး မုန့်မုန့်အား သူမကြည့်ချင်တာကြည့်ခွင့်ရအောင် လုပ်ပေးလိုက်ကာ ပိုကောင်းမည်ဟု တွေးလိုက်သည်။

တစ်ချိန်တည်းမှာပင် ကျန်းဟန်သည် လဆန်းတောင်အား ဒုတိယအကြိမ် ပြန်လည်တည်ဆောက်ချိန်၌ မုန့်မုန့်အတွက် အပန်းဖြေဥယျာဉ်တစ်ခု ဆောက်သင့်သလားဟု တွေးနေခဲ့သည်။

အဲဒါ အကြံကောင်းပဲ။

မုန့်မုန့်ရဲ့အပန်းဖြေဥယျာဉ်မှာ သေချာပေါက် သာမန်အပန်းဖြေပစ္စည်းတွေပဲ ရှိနေမှာမဟုတ်ဘူး။ ငါ့သမီးက အဲဒီမှာ ပိုပြီး ပျော်ရွှင်သင့်တယ်။

မှော်ကမ္ဘာလား

အဲဒီအတွက် သုံးလို့ရတဲ့ အစီအရင်တွေအများကြီးရှိပေမယ့် သလင်းကျောက်တွေ အများကြီးလိုတယ်...

ကံကောင်းတာက တောင်ရဲ့အောက်ခြေမှာ သလင်းကျောက်မိုင်းတွေရဲ့ ရွေ့ပြေးပုံစံတစ်ခုရှိနေပြီဆိုတော့ အနာဂတ်မှာ ထွက်ရှိလာမယ့် သလင်းကျောက်တွေကို အသုံးပြုနိုင်တယ်။ ဒီတော့ ဒီအကြံက စီစဉ်ရကျိုးနပ်ပါတယ်။

အကြီးစား အပန်းဖြေဥယျာဉ်တစ်ခု ဆောက်မယ်ဆိုရင် လဆန်းတောင်ရဲ့ ဧရိယာက လုံလောက်မှုမရှိဘူး။ ဒုတိယအကြိမ် ပြန်လည်တည်ဆောက်ခြင်းဖြစ်စဉ်အတွင်းမှာ အရှေ့ဘက်နဲ့ မြောက်ဘက်က တောင်တန်းနှစ်ခုကို ဆောက်လုပ်ရေးဧရိယာတွေအဖြစ် တည့်သွင်းရလိမ့်မည်။

ထို့ကြောင့် ကျန်းဟန်သည် ပျော်ရွှင်ဖွယ်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ကျန်းဟန်၏စကားကို ကြားသည့်အခါ အခြားသူများမှာ အမူအရာအမျိုးမျိုးဖြစ်ကုန်၏။

မုန့်မုန့်က ဘွားဘွားကို ရုပ်ရှင်ရုံခေါ်သွားမယ်ပြောလိုက်တာနဲ့ သူက ရုပ်ရှင်ရုံဆောက်ဖို့ ဆုံးဖြတ်လိုက်တာလား....

ငွေတွင်းကြီးပဲ...

ထိုစကားကို ကြားပြီးနောက် လူတိုင်းသည် ကျန်းဟန်က လေးလေးနက်နက် စဉ်းစားနေသည်ကို မြင်ပြီး စတင် စိုးရိမ်လာကြသည်။

သူ ကြီးကြီးမားမားတစ်ခုခု လုပ်ဖို့ ကြံနေတာလား...

ဧယန်သည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး အကူအညီမဲ့စွာ ပြုံ ဂကာ ကျန်းဟန်အား တိတ်တဆိတ် မျက်စောင်းထိုးလိုက် သည်။ "ရှင်က မုန့်မုန့်ကို အလိုလိုက်ဖို့ပဲသိတယ်”

ကျန်းဟန်က ပြန်ကြည့်လိုက်ပြီး "ကိုယ်က မင်းကိုလည်း အလိုလိုက်ပါတယ်”

ဇီယန်သည် အောက်နှုတ်ခမ်းကို အသာလေးစူလိုက်ပြီး ကျန်းဟန်၏အလိုလိုက်မှုကို မခံစားရကြောင်း ပြသလိုက်သည်။

ကျန်းဟန်၏မျက်လုံးများမှာ ပေကလပ်ပေကလပ်လုပ်ပြလိုက်သည်။ ဆိုလိုသည်မှာ

ညကျရင် မင်းကို ခံစားချက်ကောင်းကောင်းရအောင် ကိုယ်လုပ်ပေးမယ်

ဇီယန်၏မျက်နှာလှလှလေးမှာ နီရဲသွား၏။

လင်မယားနှစ်ယောက် မျက်လုံးချင်း ပရောပရည်လုပ်နေသည်ကို မည်သူမျှ သတိမထားမိကြဘဲ သူတို့အချင်းချင်း စကားပြောရင်း အံ့သြရင်း အလုပ်ရှုပ်နေကြသည်။

"ဟုတ်ကဲ့" ကျောက်ဖုန်းက ခေါင်းညိတ်ကာ ဖုန်းကိုထုတ်လိုက်ပြီး ၎င်းကို စီစဉ်ရန် ဖုန်းခေါ်သည်။

"ဖေဖေ မုန့်မုန့်အတွက် ရုပ်ရှင်ရုံဆောက်ပေးမှာလား" မုန့်မုန့်သည် ကျန်းဟန်အား အကြိမ်အနည်းငယ် ကြည့်လိုက်ပြီး ဝမ်းသာအားရဖြင့် မေးသည်။

"အင်း ဆောက်ပေးမှာပေါ့" ကျန်းဟန်က ရယ်မောကာ ပြန်ဖြေသည်။

"အဲဒါ မုန့်မုန့်အတွက် သီးသန့်ဆောက်ထားတဲ့ ရုပ်ရှင်ရုံလား" မုန့်မုန့်၏မျက်လုံးဝိုင်းများမှာ တောက်ပလာသည်။

"အဲဒါက မုန့်မုန့်အတွက် သီးသန့်ဆောက်ထားတာ" ကျန်းဟန်က ခေါင်းညိတ်သည်။

"အရမ်းကောင်းတယ်ဖေ။ ဖေဖေက အကောင်းဆုံးပဲ။ ဖေဖေ သမီးကိုချီ" မုန့်မုန့်သည် သူမ၏လက်ကလေးနှစ်ဖက်ကို ကျန်းဟန်ဆီသို့ ဆန့်တန်းလိုက်၏။

ကျန်းဟာန်က မတ်တပ်ရပ်ကာ လျှောက်သွားလိုက်ပြီး မုန့်မုန့်အား ပွေ့ချီလိုက်သည်။

"မွ မွ မွ” မုန့်မုန့်က ကျန်းဟာန်၏ပါးပြင်ကို အကြိမ်အနည်းငယ် နမ်းလိုက်သည်။

ကိုယ့်သမီးဖြစ်သူ၏အနမ်းခံရသည့်အခါ မိဘများ မည်သို့ခံစားရသနည်း။

ကျန်းဟာန်မှာ အလွန်ပျော်ရွှင်နေသည်။

"အင်း သမီးမှာ ကိုယ်ပိုင်ရုပ်ရှင်ရုံရှိလာတော့မယ်” မုန့်မုန့်သည် ကျန်းဟာန်၏ရင်ခွင်ထဲတွင် အလွန်ရွှင်မြူးပျော်ရွှင်နေသည်။

လူကြီးများမှာ မရယ်ဘဲမနေနိုင်ကြတော့။

ရာသီဥတုမှာ ကြည်လင်နေပြီး လှိုင်းလုံးများကလည်း သိပ်ပြီး မပြင်းထန်ချေ။ သို့သော် တစ်နာရီကျော်ကြာ မောင်းနှင်ပြီး

နောက်တွင် လှိုင်းလုံးများက ၁၀ မီတာအထိ မြင့်တက်လာသည်။

ဧယန် အနည်းငယ် စိတ်လှုပ်ရှားသွား၏။

သူမ ပင်လယ်ပြင်ကိုကြည့်ပြီး ပြောသည်။ "အခုချိန် လှိုင်းစီးရရင် တော်တော်ကောင်းမယ်နော်"

ဤတစ်ကြိမ်တွင် သူမ ပင်လယ်ပြင်အား မကြောက်ရွံ့တော့ချေ။ အကြီးဆုံးလှိုင်းလုံးကြီးများကိုပင် မကြောက်ချေ။

သူမ၏ခင်ပွန်းဖြစ်သူက သူမအား ပင်လယ်ကြမ်းပြင်ထိ ခေါ်ဆောင်သွားခဲ့ပြီးဖြစ်သဖြင့် လှိုင်းလုံးများက ဘာမှမဟုတ်တော့ချေ။

"မင်းစီးချင်ရင် စီးကြည့်လေ" ကျန်းဟန် ပြုံးလိုက်သည်။

"ဒါဆို ကျွန်တော် အောက်ဆင်းပြီး လှိုင်းစီးဘုတ်ရှိမရှိ မေးကြည့်လိုက်မယ်" ကျောက်ဖုန်းက ပြောပြောဆိုဆိုဖြင့် သင်္ဘောအောက်ထပ်သို့ အမြန်ဆင်းသွားသည်။

ခဏအကြာတွင် သူသည် လှိုင်းစီးဘုတ်နှစ်ခုကို ကိုင်ကာ ပြန်ရောက်လာ၏။

"လှိုင်းစီးဘုတ် နှစ်ခုရှိတယ်" ကျောက်ဖုန်းက ပြောသည်။

"ဒါဆို ဆင်းပြီး ပျော်ကြတာပေါ့" ကျန်းဟန်က ဇီယန်အား ပြုံးကာ ကြည့်လိုက်သည်။

"အိုကေ"

"သမီးလည်းလိုက်မယ် သမီးလည်းလိုက်မယ်" မုန့်မုန့်က ကျန်းဟန်၏ရင်ခွင်ထဲမှ အော်လိုက်သည်။

ဇီယန် တုံ့ဆိုင်းသွားပြီး ကျန်းဟန်အား ကြည့်လိုက်၏။

"ဖေဖေတို့နဲ့ လိုက်ခဲ့" ကျန်းဟန်က ပြုံးကာ ပြောသည်။

"အဆင်ပြေပါ့မလား" ဇီယန်က တုံ့ဆိုင်းသွားသည်။

ကျန်းဟန် ပြန်မဖြေခင်တွင် မုန့်မုန့်က ပြောသည်။ "ရတယ် ရတယ် ဖေဖေက အစွမ်းအထက်ဆုံးပဲ။ ဖေဖေက သမီးတို့ကို ခေါ်သွားပေးမှာ”

"ဟားဟားဟား...” ကျန်းဟန် ရယ်မောလိုက်သည်။

မုန့်မုန့်အား ဘယ်လက်ဖြင့် ပွေ့ချီကာ ဇီယန်အား ညာလက်ဖြင့် ဖက်လိုက်သည်။ ကျန်းဟန် ခဏလောက်စဉ်းစားလိုက်ပြီး ပင်လယ်ထဲသို့တန်း၍ သွားမည့်အစား အောက်ထပ်ကုန်းပတ်ကို သွားလိုက်သည်။

ကျောက်ဖုန်းက လှိုင်းစီးဘုတ်များနှင့်အတူ သူ့နောက်မှ လိုက်လာ၏။

ဦးတည်ရာသို့ရောက်သည်နှင့် ကျန်းဟန်က ကျောက်ဖုန်းအား လှည့်ကြည့်ကာ ပြောသည်။ "အဲဒါတွေကို ပစ်ချလိုက်”

"ဟုတ်ကဲ့”

ကျောက်ဖုန်းက လှိုင်းစီးဘုတ်ကို တန်း၍ ပစ်ချလိုက်၏။

လှိုင်းစီးဘုတ်သည် ရေအောက်သို့ တန်း၍ ကျောက်သွား သော်လည်း နောက်ဆုံးတွင် မီတာတစ်ဒါဇင်ခန့် မျှောသွား သည်။

ထိုအချိန်အတွင်း၌ ကျန်းဟန်က လှိုင်းစီးဘုတ်ကို အမီလိုက်ခုန်သွားသည်။

"အိုး နိုး" ကျန်းဟန်၏ရင်ခွင်ထဲရှိ မုန့်မုန့်မှာ လန့်သွားပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

ထိုနောက် မင်းသမီးလေးမှာ ဖေဖေ၏လက်ကိုဆွဲထားပြီး ပင်လယ်ထဲတွင် ဆိုင်ကယ်စီးနေရသလို အလွန်စိတ်ဝင်စားဖို့ ကောင်းသည်အား တွေ့ရှိသွား၏။

၎င်းကို စဉ်းစားလိုက်ပြီးနောက် ကျန်းဟန်သည် ဇီယန် အား မုန့်မုန့်ကို ချီခိုင်းလိုက်ပြီး ဇီယန်ကို သူ၏ရင်ခွင်ထဲသို့ အလျားလိုက် ပွေ့ချီလိုက်သည်။ တစ်ချိန်တည်းမှာပင် ကျန်း ဟန်၏လက်က ဇီယန်၏လက်မောင်းကို သိုင်းဖက်ကာ မုန့် မုန့်၏လက်မောင်းလေးကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်သည်။

ထိုနောက် လှိုင်းလုံးများပေါ်တွင် သူတို့မိသားစု၏ ရယ်မောသံများ ထွက်ပေါ်လာတော့သည်။

"အာ... အစ်ကို ငါးမန်းတွေ" ရုတ်တရက် သင်္ဘောပေါ်မှ ကျန်းဟန်၏အော်သံ ထွက်ပေါ်လာသည်။

"ငါးမန်းတွေလား" ဇီယန်က သိချင်စိတ်ဖြင့် ပတ်ပတ်လည်အား ကြည့်ရှုလိုက်ရာ နောက်ဆုံးတွင် ညာဘက် မီတာ ၂ဝ ကျော်အကွာ၌ ငါးမန်းတောင်များကို တွေ့လိုက်ရသည်။

"ငါးမန်းတွေ" ဇီယန်က ကျန်းဟန်အား သတိပေးသည်။

"ဟမ် ငါးမန်းတွေလား။ ဖေဖေ မြန်မြန်။ ငါးမန်းတွေလာနေပြီ" မုန့်မုန့်က ထိတ်လန့်သွားပြီး ကျန်းဟန်အား အမြန်သွားရန် တိုက်တွန်းလိုက်သည်။

"အင်း စိတ်မပူနဲ့။ သူတို့က ဖြတ်သွားရုံပါ" ကျန်းဟန်က ခေါင်းကို အသာယမ်းလိုက်ပြီး လှိုင်းစီးဘုတ်ကို ဆက်၍ ထိန်းချုပ်လိုက်သည်။

ထိုငါးမန်းများမှာ သူအစောပိုင်းက တွေ့ခဲ့ရသည့် အကောင်များဖြစ်သည်။

ခေါင်းဆောင်လာသည့်ငါးမန်းမှာ အမာရွတ်များနှင့်ငါးမန်း ဖြစ်၏။

သူတို့ရောက်လာသည့်အချိန်တွင် အစပိုင်း၌ သူတို့က အနားသို့ကပ်လာရန် ပြင်နေကြောင်း ကျန်းဟန် သတိပြု မိသည်။ သို့သော် သူတို့က ကျန်းဟန်အား ရှင်းရှင်းလင်းလင်း မြင်လိုက်ရပြီးနောက် ထိတ်လန့်သွားကြသည်။

"ချီးပဲ အဲဒါ ဟိုမုန်းစရာကောင်းတဲ့လူသားပဲ"

"ပင်လယ်ထဲမှာ တိုက်ခိုက်မှာလား"

"ညီအစ်ကိုတို့ ပင်လယ်အရှင်သခင်ရဲ့စွမ်းအားကို ပြပေးလိုက်ကြစို့"

ခေါင်းဆောင်ငါးမန်းက ခေါင်းကို ခါယမ်းလိုက်ရာ ရုတ်တရက် ငါးမန်းများစွာ လှုပ်ရှားလာကြသည်။

သူတို့သည် ကျန်းဟန်၏ဘေးမှ မီတာ ၂၀ အကွာတွင် စနစ်တကျ ချီတက်လာကြသည်။

"ဝှစ်"

ခေါင်းဆောင်ငါးမန်းသည် ရေကိုဖြတ်လာပြီး သူ၏တစ်ကိုယ်လုံးက ပင်လယ်ထဲမှ ခုန်ထွက်လာသည်။ ထိုနောက် ရေများ မှုတ်ထုတ်ဖြန်းလိုက်ရင်း ပြန်ကျလာသည်။

ထိုနောက် ဒုတိယတစ်ကောင်၊ တတိယတစ်ကောင်...

၎င်းတို့မှာ ခုန်ပေါက်နေသည့် လင်းပိုင်များကဲ့သို့ပင်။

"အမ် သူတို့ဘာလုပ်နေကြတာလဲ" မုန့်ုမန့်က မျက်လုံးဝိုင်းကြီးများကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဘေးသို့ သိချင်စိတ်ဖြင့် ကြည့်လိုက်သည်။

"သူတို့... ကစားနေကြတာ" ဇီယန်က ဘေးသို့ကြည့်ရင်း ပြန်ဖြေသည်။

"..."

-အပိုင်း(၈) အခန်း(၄၁၅-က) ပြီး

wunzinnosp

[စာစဉ်(၃၆) အပိုင်း(၉)] အခန်း(၄၁၅-ခ) တန်ဖိုး(၂)

သူတို့နှစ်ဦးအပြင် လှေပေါ်ရှိ ကျန်းလီနှင့် အခြားသူများလည်း ကြက်သေသေသွားကြသည်။

"ဒီငါးမန်းတွေက ဖျော်ဖြေနေတာလား"

သူတို့၏အကြည့်များအောက်တွင် ငါးမန်းများက နှစ်ကြိမ်ခုန်ကြသည်။ တတိယအကြိမ်တွင်တော့ သူတို့ ပင်လဲထဲမှ အတူတကွခုန်ထွက်ကြပြီး သူတို့၏အမြီးက ကျန်းဟန်ဆီသို့ ဦးတည်၍ ရေများကို ပြင်းထန်စွာ ရိုက်ခတ်သွားသည်။

ပင်လယ်ရေမှာ လှိုင်းတက်လာပြီး ကျန်းဟန်အပေါ်သို့ သွန်ကျလာ၏။

"နောက်ဆုတ်"

"ဝှစ်"

ငါးမန်းများသည် သူတို့ခေါင်းဆောင်၏အမိန့်အောက်တွင် လျင်မြန်စွာ ပြန်၍ ကူးခတ်သွားကြသည်။

ကျန်းဟန် မရယ်ဘဲမနေနိုင်တော့။ အကျပ်အတည်းရောက်လာသည့်အချိန်တွင် သူ၏မျက်လုံးထဲ၌ အလင်းတန်းတစ်ခု လက်ခနဲဖြစ်သွားပြီး ပင်လယ်ရေများက လမ်းကြောင်း

ပြောင်းသွားကာ သူတို့ရှေ့ ငါးမီတာအကျော်သို့ ကျဆင်းသွားသည်။ သူတို့အပေါ် သက်ရောက်မှုတစ်စုံတစ်ရာမရှိချေ။

"ခစ် ငါးမန်းလူဆိုးတွေ” မုန့်မုန့်က ရယ်မောလိုက်သည်။

ကျန်းဟန်၏ရင်ခွင်ထဲမှ ဇီယန်က ခေါင်းလေးကို အသာမော့ကာ ကျန်းဟန်၏ပါးကို နမ်းလိုက်ပြီး ပြောသည်။ "သွားကြရအောင်”

"ကောင်းပြီ” ကျန်းဟန်က ခေါင်းညိတ်ကာ သင်္ဘောဆီသို့ ကူးသွားလိုက်သည်။

သင်္ဘောပေါ် ပြန်ရောက်သည့်အခါ ပက်လက်ကုလားထိုင်ပေါ်ထိုင်နေသည့် အခြားလူများက ပင်လယ်လေညှင်းခံရင်း အအေးသောက်ကာ အပန်းဖြေနေကြသည်ကို တွေ့လိုက်ရ၏။

ဝမ်မင်က သက်ပြင်းချသည်။

"ဒီလိုမျိုး အေးအေးဆေးဆေးအပန်းမဖြေရတာ တော်တော်ကြာပြီ”

ညနေ ငါးနာရီခန့်တွင် သူတို့ တောင်ပိုင်းခရိုင်ဆိပ်ကမ်းသို့ ရောက်ရှိလာကြသည်။

ထိုအချိန်တွင် လင်းရှယ်နှင့် သူမ၏ဖခင်တို့က ကုန်ပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာပြီး စာရင်းသွင်းခြင်းလုပ်ငန်းစဉ် ပြီးဆုံးသွားသည်။ တစ်လမ်းလုံး ကစားလာသောကြောင့် ကျန်းဟန်နှင့် အခြားသူများက ကုန်တင်သင်္ဘောထက် တစ်နာရီနောက်ကျပြီးမှ ရောက်လာခြင်းဖြစ်သည်။

သင်္ဘောပေါ်မှဆင်းပြီးနောက် ကျောက်ဖုန်းက ထရပ်ကားတစ်စီးစီစဉ်ပြီး ဖိမ်ခံသင်္ဘောပေါ်ရှိ အရင်းမြစ်များအားလုံးကို လဆန်းတောင်သို့ ပို့ရန် အားဟူနှင့်အခြားသူများကို ဖုန်းခေါ်သည်။

သင်္ဘောက ရေနက်ပင်လယ်ကွေ့ကလပ်သို့ ပြန်သွားမည်ဖြစ်၍ ကျန်းဟန်နှင့် အခြားသူများလည်း ဆိပ်ကမ်းတွင် ဆင်းနေခဲ့ကြသည်။

"သူဌေး" ထိုအချိန်တွင် ရှုယုံသည် မျက်လုံးများအစိမ်းရောင်တောက်လျက် သူတို့ဆီ ပြေးလာသည်။

"ကျွန်တော်တို့မှာ လက်ဝတ်ရတနာ တန်ချိန် ၃၀၊ ရှေးဟောင်းရွှေဒင်္ဂါးတစ်တန်နဲ့၊ ငွေဒင်္ဂါးအမြောက်အများကို ရေတွက်လို့ပြီးပြီ။ စုစုပေါင်း ယွမ် ၂.၂ ဘီလီယံတန်ကြေးရှိတယ်။ ဥက္ကဋ္ဌလင်းက အဲဒါတွေအားလုံးကို ဝယ်ဖို့ ရည်ရွယ်ထားတယ်။ သူက ၁.၅ ဘီလီယံ အရင်ဆုံးပေးချေထားပြီး ကျန်တဲ့ငွေကို လဝက်အတွင်း ပေးချေရမှာပါ။ ရှေးဟောင်းပစ္စည်းတွေလည်း အများကြီးရှိသေးတယ်။ ဒါပေမယ့် ၉၀ ရာခိုင်နှုန်းက အပြည့်အစုံမဟုတ်တော့လို့ တန်ဖိုးတော့မရှိဘူး။ အဲဒီထဲက နည်းနည်းလောက်ပဲ လေလံတင်ရောင်းလို့ရနိုင်တယ်"

ရှုယုံက မရပ်မနားပြောသည်။

"ဒါဆို အဲဒါတွေကို ချန်ထားလိုက်ပါ" ကျန်းဟန် လက်ကကိုဝှေ့ယမ်းကာ ပြောလိုက်သည်။ စာရင်းအား ကြည့်နေဖို့ပင်စိတ်မဝင်စားချေ။

"သူတို့နဲ့ ဈေးနှုန်းကို ထပ်ပြီးဆွေးနွေးလိုက်ရမလား" ရှုယုံက ခဏလောက်စဉ်းစားကာ ပြောသည်။ "ဈေးကနည်းနည်းလောက် ထပ်တက်နိုင်မယ်လို့ ကျွန်တော်ထင်တယ်"

"အဲ့လိုပဲလုပ်လိုက်ပါ" ကျန်းဟန်သည် ဈေးနှုန်းက သူမျှော်လင့်ထားသည်နှင့် နီးစပ်မှုရှိသဖြင့် ခေါင်းကိုယမ်းလိုက်သည်။ ပြန်လည်ညှိနှိုင်းပြီးပါက သေချာပေါက် ငွေပို၍ရနိုင်ကြောင်း သိသော်လည်း ကျန်းဟန်သည် ထိုကဲ့သို့သော ငွေပမာဏအနည်းငယ်ကို ညှိနှိုင်းနေရန် မလိုချေ။

ယခင်ရှိပြီးငွေများအပြင် ယွမ် ၂.၂ ဘီလီယံနှင့် ရှေးဟောင်းပစ္စည်းလေလံပွဲမှ ရလာမည့် ယွမ် ၃ ဘီလီယံခန့်ကာ သေးငယ်သည့်ပမာဏမဟုတ်ချေ။ ကျန်းဟန်သည် အနာဂတ်တွင် ငွေကြေးအတွက် စိတ်ပူနေစရာမလို။

ထိုကိန်းဂဏန်းအရ သူ လုပ်ရမည်မှာ ပိုက်ဆံသုံးခြင်းပင်။

ထိုစိတ်ဝိညာဉ်ဆေးပင်များကို ဆေးလုံးများအဖြစ် ပြောင်းလဲပြီး ရောင်းချနေသမျှကာလပတ်လုံး သူ့အတွက်

နောက်ထပ် ယွမ် ၁၀ ဘီလီယံအထိ ဝင်ငွေရနိုင်သည်ဟုဆို လျှင် အပိုပြောနေခြင်းမဟုတ်ချေ။

သေချာပေါက် ငွေသည် အရေးကြီး၏။ သို့သော် သိုင်း ပညာသည် အဆင့်တစ်ခုအထိ ရောက်ရှိလာသည့်အချိန်တွင် ၎င်းတို့၏ရတနာများအပေါ် လိုချင်မှုက ငွေထက် ကျော် လွန်သွားပေလိမ့်မည်။ ကျင့်ကြံခြင်းကမ္ဘာတွင်လည်း ထို့အတူ ပင်။ သူတို့၏ရတနာများကို အသုံးမဝင်သည့်စက္ကူများအတွက် မည်သူမျှ လဲလှယ်လိမ့်မည်မဟုတ်ချေ။

သလင်းကျောက်တစ်တုံးသည် အောက်ခြေအဆင့် ကျင့်ကြံသူတစ်ယောက်အတွက် ငွေသားနှင့် ညီမျှသော်လည်း အဆင့်မြင့်ကျင့်ကြံသူများအတွက်တော့ သလင်းကျောက်က အသုံးမဝင်တော့ဘဲ ပစ္စည်းချင်းသာဖလှယ်ကြတော့သည်။

"အိမ်ပြန်ပြီး ညစာစားရအောင်” ကျန်းဟန်က မုန့်မုန့်ကို ပွေ့ချီကာ ရှေ့ဆုံးမှ လျှောက်သွားသည်။

"ညစာစားကြမယ်” မုန့်မုန့်မှာ ရွှင်မြူးသွား၏။

"ဒီည ဘာစားချင်လဲ" ကျန်းဟန်က မုန့်မုန့်ကို မေးသည်။

"အင်း... ဝက်ခြေထောက်ကင်၊ ဘဲကင် ပြီးတော့ ဟိုဟာ..." မုန့်မုန့်သည် ဟင်းနာမည်ကို မေ့သွားပြီး စဉ်းစားနေသည်။

"ရုံးပတီသီး" ကျန်းဟန်က သူမအား ဝင်၍ထောက်ပေးသည်။

"ဟုတ်တယ် ရုံးပတီသီး။ မေမေက အဲဒါကို အရမ်းကြိုက်တာ။ မုန့်မုန့်လည်း အရမ်းကြိုက်တယ်"

ကျန်းဟန် ရယ်မောလိုက်ပြီး Rolls-Royce Phantom ကားရှည်ကြီးထဲသို့ ဦးဆောင်ဝင်သွားသည်။

သူတို့နောက်မှလိုက်လာသည့် ယုံကျားရှင်းမှာ ပြုံးသွား၏။

မုန့်မုန့်ကသာလျှင် ကျန်းဟန်၏အချစ်ဆုံးဖြစ်ကြောင်း သူမ ခံစားနိုင်သည်။

ပုံမှန်ဆိုရင် အခု ငါ ဒီကိုရောက်နေတာ။ ကိုယ့်အဒေါ်ကို ဘာစားချင်လဲ အရင်မေးရမှာမလား။

ဒါပေမယ့် ကျန်းဟာန်ကတော့ ထုံးစံအတိုင်း ဇီယန်နဲ့မုန့်မုန့်ကိုပဲ အရင်မေးတယ်...

ကျန်းဟာန်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က ဇီယန်လည်း ထိုသို့ခံစားခဲ့ရသည်။

သူတို့ ကားပေါ်တက်ပြီးနောက် လဆန်းပင်လယ်ကွေ့သို့ တန်း၍ မောင်းသွားကြသည်။ ညနေ ၅ နာရီခွဲတွင် စားသောက်ဆိုင်သို့ ရောက်လာကြပြီး ဆိုင်ရှေ့တွင် တန်းစီနေသူ အများအပြားရောက်နေပြီဖြစ်သည်။

သားသားနားနားဝတ်ဆင်ထားသူများ ပို၍များလာ၏။

"မင်္ဂလာပါ မစ္စတာကျန်း” ကျန်းဟာန်ကိုမြင်သည့်အခါ သူတို့ ချက်ချင်းမတ်တပ်ရပ်ပြီး သူ့အား လေးလေးစားစား နှုတ်ဆက်ကြသည်။

စားသုံးသူဟောင်းများကလည်း မတ်တပ်ရပ်ကာ နှုတ်ဆက်ကြသည်။ "မင်္ဂလာပါ သူဌေး”

သူတို့ ဆိုင်ထဲသို့ ဝင်သွားသည့်အခါ ဗီအိုင်ပီအဖွဲ့ဝင်အများစုမှာ ထိုင်နေကြပြီဖြစ်သည်။

ဝမ်ကျားဝမ်၏မိသားစုနှင့် ဝမ်ကျားရွှမ်၏မိသားစုလည်း ဝမ်ချမ်း၏စားပွဲ၌ ထိုင်နေကြသည်။ စားပွဲပေါ်တွင် ဝိုင်နီပုလင်းလေးပုလင်းနှင့် လက်ဖက်ခြောက်ဘူးတစ်ဘူးပါသည့် လက်ဆောင်ဘူးနှစ်ခုရှိသည်။

ထိုလက်ဆောင်များအားလုံးမှာ ဝမ်ကျားရွှမ်က အထူးပြင်ဆင်ထားသည့် လက်ဆောင်များဖြစ်သည်။ ကျန်းဟန်က သူတို့၏ပြဿနာကို ယခင်တစ်ခေါက် ဖြေရှင်းပေးပြီးကတည်းက သူမ ကျန်းဟန်၏ကျေးဇူးကို ပြန်ဆပ်ရန် စောင့်ဆိုင်းနေခဲ့သည်။

ယနေ့ စားသောက်ဆိုင်သို့ သူတို့ ထပ်မံရောက်ရှိသည့် အချိန်တွင် သည်မှာ အလွန်ထူးဆန်းနေသည်ကို သူတို့အားလုံး ခံစားမိကြသည်။

"တန်းစီနေတဲ့လူတွေက ဘယ်သူတွေလဲ။ ဒီမှာ ငါတို့ထက် အဆင့်အတန်းပိုမြင့်တဲ့လူတွေ ဘာလို့ အများကြီးရှိနေတာလဲ"

ဝမ်ကျားဝမ်က သူတို့အား ပြောသည်။ "သိပ်ပြီး မအံ့သြပါနဲ့။ ဒီမြင်ကွင်းက ဒီမှာ နေ့တိုင်းမြင်တွေ့နေကျပဲ..."

"မစ္စတာကျန်း" ကျန်းဟန် ဝင်လာသည်ကိုမြင်တော့ ဝမ်ကျားရှမ်က သူ့အား နွေးထွေးသည့်အပြုံးဖြင့် ကြိုဆို နှုတ်ဆက်သည်။

"မုန့်မုန့် မုန့်မုန့်" ဝမ်ရိဟန်က အခြားသူများကို လျစ်လျူရှု ကာ မုန့်မုန့်ထံ တန်း၍လျှောက်သွားသည်။

ဝမ်ရိဟန်၏နောက်မှလိုက်လာသည့် ဝူကွမ်းက ရှက်ရွံ့စွာ ဖြင့် "မုန့်မုန့် ငါ နင့်ကို အရမ်းလွမ်းနေတာ" ဟု ပြောသည်။

ဝမ်ကျားရွှမ်မှာ ဝူကွမ်းအား စိုက်ကြည့်လိုက်ပြီး ဖျစ်ညှစ်ပြုံးလိုက်၏။

မစ္စတာကျန်းသည် မုန့်မုန့်ကို အချစ်ဆုံးဖြစ်ကြောင်း သူမသိရှိထားပြီး ဝမ်ကျားဝမ်က ထိုအကြောင်းကို အကြိမ်ပေါင်းများစွာ ပြောထားသည်။

"မင်္ဂလာပါ" ကျန်းဟန်က ပြုံးပြလိုက်ပြီး ဇီယန်အား ကြည့်ကာ ပြောသည်။ "အပေါ်သွားနှင့်လိုက်။ ကိုယ် ချက်ပြုတ်လိုက်ဦးမယ်။ ၆ နာရီခွဲလောက်ကျရင် ညစာစားကြမယ်"

စကားပြောနေရင်းဖြင့် ကျန်းဟန်သည် မုန့်မုန့်အား သူ၏လက်မောင်းပေါ်မှ အောက်သို့ ချပေးလိုက်သည်။ ကလေးသုံးယောက်မှာ အတူတကွ စတင်စကားပြောကြသည်။

"အပေါ်သွားပြီး စကားပြောရအောင်" ဇီယန်က ပြုံးကာ အပေါ်ထပ်သို့ ဦးဆောင်တက်သွားသည်။

ကျန်းဟန်သည် မီးဖိုချောင်ထဲသို့ သွား၏။ ကျောက်ဖုန်းက အမဲသားတုံး ၂၀ ကျော်၊ ဝက်ခြေထောက်ငါးချောင်း၊ ကြက်တောင်ပံ့တစ်ပန်းကန်၊ ရုံးပတီသီး၊ သခွားသီး စသဖြင့် ပါဝင်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။

ကျန်းဟန် ချက်ပြုတ်ခါနီးတွင်...

လျန်ဟောင်က ထကာ သူ့ဆီ လျှောက်သွားသည်။

"အဲ သူဌေး" သူက တိုးတိုးလေးပြော၏။ "မာစတာဟဲ ဟဲချန်က သူဌေးဆီကို မနက်ဖြန် လာလည်ချင်နေတယ်။ သူက သူဌေးနဲ့ မိတ်ဆွေဖွဲ့ပြီး စကားပြောချင်တာ။ မိသားစုကြီးတွေက စက်ဘုပူနိုင်ငံသားတချို့လည်း သူနဲ့ပါလာလိမ့်မယ်။ အဲဒါ သူဌေးအတွက် အဆင်ပြေပါ့မလားလို့"

"အဆင်မပြေဘူး" ကျန်းဟန်က ငြင်းသည်။

ကျန်းဟန်သည် မနက်ဖြန်တွင် ဆေးလုံးစတင်ပြုလုပ်တော့မည်ဖြစ်၏။ ထိုစိတ်ဝိညာဉ်ဆေးပင်များမှာ နူတ်ပစ်ပြီး

နောက်တွင် ၎င်းတို့၏အကောင်းဆုံးအခြေအနေကို နှစ်ရက်သာ ထိန်းသိမ်းထားနိုင်သည်။ မဟုတ်ပါက ဆေးလုံး၏အကျိုးသက်ရောက်မှုက များစွာလျော့ကျသွားပေလိမ့်မည်။ ထို့ပြင် ဆေးပင်များစွာရှိနေသောကြောင့် ကျန်းဟန်သည် ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန် အချိန်အနည်းငယ် လိုအပ်၏။

"အာ... ကောင်းပြီ။ ငါ ပြီးရင် သူ့ကို ပြောလိုက်ပါမယ်” လျန်ဟောင်၏နှုတ်ခမ်းမှာ အနည်းငယ်တုန်ခါသွားပြီး အားတင်း၍ပြုံးကာ ပြန်ထွက်သွားသည်။

"နေဦး” ကျန်းဟန်က ရုတ်တရက် ခေါင်းမော့လာပြီး "သူတို့ကို ကျောက်ဖုန်းဆီ ဆက်သွယ်ခိုင်းလိုက်။ မနက်ဖြန် မနက်ခင်းမှာ ငါ သူတို့ကို တွေ့လို့ရတယ်”

"တကယ်လား” လျန်ဟောင် ဝမ်းသာအားရဖြင့် ခေါင်းညိတ်ပြသည်။ "ကောင်းပြီ ကောင်းပြီ ငါ သူ့ကို ချက်ချင်းပြောလိုက်မယ်”

-အခန်း(၄၁၅-ခ)ပြီး

# အခန်း(၄၁၆-က) အပြီးသတ်ပြောင်းလဲခြင်း(၁)

လျန်ဟောင်သည် ဝမ်းသာအားရဖြင့် သူ၏ထိုင်ခုံဆီပြန်ပြေးသွားကာ ဟဲချန်အား အကြောင်းကြားရန် ဖုန်းကို ထုတ်လိုက်သည်။

ဖုန်းဆက်၍မရပါက ညဘက် ပြန်ရောက်ပြီးမှ ဟဲချန်ကို အကြောင်းကြားမည်ဖြစ်သည်။ သို့သော် သူ ဖုန်းဆက်၍ ရခဲ့လျှင် ချက်ချင်းအကြောင်းကြားမည်ဖြစ်၏။

တကယ်တမ်းတွင် ဟဲချန်သည် စကော်ပူ၌ နာမည်ကြီးသြဇာကြီးမားသူဖြစ်သည်။ လျန်ဟောင်အနေဖြင့် သူ၏အကြီးအကဲများနှင့်အတူ လိုက်သွားခြင်းမရှိပါက ဟဲချန်နှင့် တွေ့ရန် အရည်အချင်းမပြည့်မီချေ။

ယခု ကျန်းဟန်၏အကျိုးအားကြောင့် ဟဲချန်သည် လျန်ဟောင်ကို အကူအညီတောင်းနေခဲ့ရပြီး သူသာ အောင်မြင်ခဲ့ပါ

က ဟဲချန်က သူ့အပေါ်သဘောထား ယခင်နှင့်တူတော့မည် မဟုတ်ချေ။

ယခု သူ အလွန်ပျော်ရွှင်နေပြီး ဟဲချန်၏နံပတ်ကို တန်း၍ ဆက်လိုက်သည်။ "မာစတာဟဲ သူဌေးက လက်ခံလိုက်ပြီ။ မနက်ဖြန်ကျရင် တွေ့ဖို့အချိန်ကို သေချာအောင်လုပ်လိုက်ပါ မယ်…"

သူမအစ်ကို၏စိတ်လှုပ်ရှားနေပုံကိုမြင်တော့ လျန်မုန့်ချီ နှုတ်ခမ်းစူလိုက်သည်။ "နင်ဘယ်လိုဖြစ်လို့ ဒီလောက်စိတ် လှုပ်ရှားနေတာလဲ"

"ဟားဟား…" လျန်ဟောင် ရယ်မောကာ "ငါ့အခု ဘယ်လို လုပ် မပျော်ဘဲရှိမှာလဲ။ နောက်ဆုံးတော့ ငါ မာစတာဟဲကို ကူညီပေးလိုက်နိုင်ပြီလေ"

"နင်ဘာလို့ မာစတာဟဲကိုပဲ အမြဲတမ်းစဉ်းစားနေတာလဲ။ အလားအလာအကောင်းဆုံးလူက နင့်နောက်မှာရှိနေတာလေ။

နင့်ညီမသဘောကျဖူးတဲ့လူက ဘယ်လိုလူမျိုးဖြစ်မလဲ” လျန်မုန့်ချီက ခေါင်းယမ်းကာ ပြောသည်။

"သူက အံ့ဩဖို့ကောင်းရုံတင်မဟုတ်ဘူး... ဇီမိသားစုသာ ဒီအကြောင်းကိုသိရင် သူတို့ သုံးရက်သုံးညလောက် အောက်ပွဲခံနေကြလိမ့်မယ်” လျန်ဟောင်က ခေါင်းကိုယမ်းလိုက်သည်။

"ဇီယန်က သူ့မိသားစုနဲ့ ဆက်ဆံရေးမကောင်းဘူးဆို” လျန်မုန့်ချီက အသံတိုးတိုးဖြင့် မေးသည်။

"အဲဒါ ပုံမှန်ပဲလေ။ ဇီမိသားစုက နှစ်ပေါင်းတစ်ရာနီးပါး တည်ရှိလာပြီး စည်းမျဉ်းတွေအများကြီးသတ်မှတ်ထားတာ။ ဒါပေမယ့် ကျန်းဟန်က စည်းမျဉ်းတွေအားလုံးကို လျစ်လျူရှုထားနိုင်တယ်” လျန်ဟောင် ခေါင်းယမ်းသည်။

"ဟုတ်တယ်။ အစ်မယန်က သူ့မိသားစုကို အကြောင်းမကြားရသေးဘူးဆိုတော့ သူ့မှာ အခက်အခဲတွေရှိနေတာဖြစ်မယ်။ သူက ဒီအကြောင်းကို သူတို့ကို မသိစေချင်တာ ဒါမှမဟုတ် သူတို့ကိုပြောဖို့ အချိန်ကောင်းကို စောင့်နေတာဖြစ်

လိမ့်မယ်” လျှန်မုန့်ချီက ခေါင်းယမ်းကာ သက်ပြင်းချသည်။ "သူတို့ရဲ့မင်္ဂလာပွဲကို ဘယ်တော့မှ ကျင်းပမလဲမသိဘူး။ သူတို့ရဲ့ဘဝက အရမ်းကို ရှိမန်တစ်ဆန်လွန်းနေပြီးပြီ။ သူတို့ရဲ့ မင်္ဂလာပွဲက စိတ်ကူးမကြည့်နိုင်လောက်အောင် လမ်းနားမှာ သေချာတယ်”

"သူတို့ရဲ့မင်္ဂလာပွဲကို နင်က ဘာလို့ သူတို့ထက်ပိုပြီး မျှော်လင့်နေတာလဲ” လျှန်ဟောင်က ခေါင်းယမ်းကာ ပြုံး၍ ပြောသည်။ "နင်ပြောတာမှန်တယ်။ မနက်ဖြန်ကျရင် မာစတာ ဟဲနဲ့ တခြားသူတွေကို ကြိုပြီးပြောထားရမယ်။ မဟုတ်ရင် အဲဒီ အကောင်ကြီးကြီးတွေ စက်ဘီးပူပြန်ရောက်တာနဲ့ ဇီမိသားစုကို ဒီအကြောင်း သွားပြောမှာ သေချာတယ်”

"ငါတို့ပြန်ရောက်ပြီ” ယူချင်းချင်းနှင့် ကျောက်ဒါပဲတို့ လက်ထဲတွင် အအေးခွက်လေးခွက်ကိုင်ကာ ပြန်လာကြသည်။

ယနေ့ ညစာက အအေးလေးဖြင့် စားရလျှင် ပို၍ကောင်းမွန်ပေမည်။

ကျန်းဟန်သည် ဟင်းချက်ရာတွင် အလွန်အလေးအနက်ထားသည်။

ကျန်းဟန်၏စားသောက်ဆိုင်ဧရိယာမှာ အကန့်အသတ်ရှိပြီး မီးဖိုထားရန် နေရာမရှိသဖြင့် ဘဲကင်ပြုလုပ်ရန် ကျောက်ဖုန်းက ဘေးခြံမှ စားသောက်ဆိုင်တွင် စီစဉ်ခဲ့သည်။ အိမ်နီးချင်းစားသောက်ဆိုင်၏မီးဖိုကို သူ ငှားသည့်အချိန်တိုင်း မန်နေဂျာမှာ အလွန်ဝမ်းသာအားရဖြစ်လေသည်။

ကျန်းဟန်သည် ဘဲကင်းမှလွဲ၍ ဝက်ခြေထောက်ကင်နှင့် အခြားဟင်းလျာများကို တာဝန်ယူသည်။

သာမန်စားဖိုမှူးတစ်ယောက်အတွက် ဟင်းအမယ်ပေါင်းများစွာကို ချက်ပြုတ်ရန် အချိန်အများကြီးယူရသော်လည်း ကျန်းဟန်၏ချက်ပြုတ်မှုအရှိန်က အလွန်မြန်ဆန်ပြီး လုပ်ငန်းစဉ်အားကို စနစ်တကျပြုလုပ်သည်။

ဟင်းပွဲများကိုစောင့်နေစဉ် ကျန်းဟန်သည် ဖုန်းကိုထုတ်ကာ လဲ့ထျန်းနန်၏နံပါတ်အား ခေါ်လိုက်၏။ "ဒါရိုက်တာလဲ့"

"ဒါရိုက်တာကျန်း" လဲ့ထျန်းနန်၏ ရွှင်မြူးနေသည့်အသံက ဖုန်းထဲမှ ထွက်ပေါ်လာသည်။

၎င်းကိုကြားတော့ ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်သည်။ "ဒါရိုက်တာလဲ့က ငါ့ဆီကို တံဆိပ်တောင်ပို့ပေးထားပြီး ပြီဆိုတော့ တော်တော်လေးပြင်ဆင်ထားတာပဲ။ ငါက ဒါရိုက်တာတစ်ယောက်ဆိုတော့ ငါ့မှာ ဘယ်လိုအကျိုးခံစားခွင့်တွေရှိလဲ" ကျန်းဟန်က မေးသည်။

"အကျိုးခံစားခွင့်တွေက အက်ပ်ထဲမှာ အသေးစိတ်ဖော်ပြထားပြီးပြီ။ နှစ်စဉ် အမှတ် ၁၀၀,၀၀၀ အပိုရမယ်။ ပြီးတော့...."

-အပိုင်း(၉) အခန်း(၄၁၆-က) ပြီး

wunzinnosp

## [စာစဥ်(၃၆) အပိုင်း(၁၀)] အခန်း(၄၁၆-ခ) အပြီးသတ် ပြောင်းလဲခြင်း(၂)

"အဲဒါဆို ရပြီ။ ငါ့ဘာသာပဲ စစ်ကြည့်လိုက်မယ်။ ဒါပဲ” ကျန်းဟန် ဖုန်းကိုတန်း၍ ချလိုက်သည်။ ထိုနောက် လုံခြုံရေး တပ်ဖွဲ့စင်တာ၏အကဲပ်ကို ဖွင့်လိုက်ရာ အောက်တွင် ဖော်ပြ ထားသည့် အမှတ် ၁၁၃,၄၈၂ ကို တွေ့လိုက်ရသည်။

အမှတ်ပေါင်း ၁၀၀,၀၀၀ ကျော်ထဲက ၁၀,၀၀၀ ကျော်မှာ ရှုယုံနှင့် နည်းပြလျိုတို့ ဒီအတောအတွင်း သူတို့လူများနှင့် တာဝန်များ ပြုလုပ်၍ ရရှိထားခြင်းဖြစ်သည်။

"ကျွန်ုပ်၏သူငယ်ချင်းများ” တွင် မဖတ်ရသေးသည့် မက်ဆေ့ချ် ၉၉၉+ ရှိနေသည်။

ကျန်းဟန် ၎င်းကို နှိပ်လိုက်ရာ အားလုံးက သူငယ်ချင်းဖြစ် ခွင့်တောင်းဆိုမှုများဖြစ်ကြောင်း တွေ့လိုက်ရသည်။

"လူဘယ်လောက်များများက ငါနဲ့သူငယ်ချင်းဖြစ်ချင်နေတာလဲဟ"

ကျန်းဟန်သည် မဖတ်ရသေးသည့်မက်ဆေ့ချ်များကို လျစ်လျူရှုရန်အား တန်း၍ နိပ်လိုက်ပြီး အမှတ် ၅၀,၀၀၀ ကို ကာကွယ်သူလန်ထံသို့ လွှဲပြောင်းပေးလိုက်သည်။

သို့သော် ကာကွယ်သူလန်က လက်မခံချေ။

ကျန်းဟန်သည် ကာကွယ်လန် အွန်လိုင်းပေါ်မရှိဟုယူဆကာ ဖုန်းကို ဘေးချရန် ပြင်လိုက်သည်။

သို့သော် ကာကွယ်သူလန်က အသံမက်ဆေ့ချ်တစ်ခု ပို့လာ၏။

"ဒါရိုက်တာကျန်း အဲဒါက အမှတ်တွေအများကြီးပဲမဟုတ်လား"

၎င်းကို ကြားတော့ ကျန်းဟန်က ချက်ချင်း စာရိုက်လိုက်သည်။ "အကြွေးဆပ်တာ ဘာ၀ကျပါတယ်။ လက်ခံလိုက်ပါ"

"အင်း ကျုပ်လက်ခံလိုက်မယ်” ကာကွယ်သူလန် အားတင်းပြုံးလိုက်၏။

ထူးဆန်းတောင်ထိပ်ကျွန်းတိုက်ပွဲအပြီးတွင် သူသည် အချိန်အတော်ကြာ ပဟေဠိဖြစ်ခဲ့သည်။ မမျှော်လင့်ထားစွာဖြင့် ကာကွယ်သူကျန်းမှာ သန်မာသည့်ဂရန်းမာစတာတစ်ယောက် ဖြစ်နေ၏။

ထိုအချိန်က ကျန်းဟန်၏ထိန်းချုပ်မှုအောက်ရှိ ထူးဆန်းသောကတ်ပြားသည် ဟဲချင်းတန်၏ခန္ဓာကိုယ်အပြင် ဘက်သို့ တန်း၍ ပျံ့ထွက်လာခဲ့သည်။ ကာကွယ်သူလန်မှာ ထို မြင်ကွင်းကို ပြန်တွေးမိတိုင်း ရင်တုန်ရ၏။

ကျန်းဟန်က အမှတ် ၅၀,၀၀၀ လက်ခံခဲ့သည့်အချိန်တွင် နောင်အခါ၌ ကျန်းဟန်ထံမှ အကူအညီပြန်တောင်းရန် အကြောင်းပြချက်ရှိမည်ဟု သူမျှော်လင့်ခဲ့သည်။

အကောင်ကြီးကြီးတစ်ယောက်ထံမှ အကူအညီရရက်မှာ အခွင့်အရေးသိပ်မရှိချေ။

ကံမကောင်းစွာဖြင့် ကျန်းဟန်က သူ့စည်းမျဉ်းနှင့်သူရှိသူဖြစ်သည်။

ကျန်းဟန်က "အကြွေးဆပ်တာ သဘာဝကျပါတယ်" ဟု ပြောလိုက်ကတည်းက ကျန်းဟန်တွင် သူ့၌ ကိုယ်ပိုင်အောက်ဆုံးစည်းနှင့် စဉ်းမျဉ်းစည်းကမ်းရှိသူဖြစ်ကြောင်း သူသိလိုက်သည်။

"ငါက အဲဒါကို သတိမထားမိခဲ့ဘူး..." ကာကွယ်သူလန် အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်သည်။

အခြားတစ်ဖက်တွင် ကျန်းဟန်သည် ကာကွယ်သူလန်၏အမှတ်များကို ပြန်ပေးပြီးနောက် ကျန်ရှိသည့်အမှတ်များကို မီးကျောက်တုံးငါးခုဖြင့် လဲလှယ်ခဲ့သည်။

ထိုနောက် ဆက်၍ ချက်ပြုတ်သည်။ ထိုအချိန်တွင် ကျောက်ဖုန်းဝင်လာပြီး ဗန်ကားနှစ်စီးက တံခါးဝတွင် ရပ်သွားသည်။

ဗန်ကားများပေါ်တွင် တောင်ပေါ်မှ ပန်းပင်များနှင့် မြက်ပင်များယူဆောင်လာပြီး အခြားထရပ်ကားပေါ်တွင် ပန်းအိုးအလှဆင်စင်များတင်ဆောင်လာသည်။

နေ့ခင်းတုန်းက ဇီယန်၊ ကျန်းလီနှင့် ကျိုးဖေးတို့ တောင်ပေါ်ရှိ ပန်းပင်များအကြောင်း ဆွေးနွေးကြပြီးနောက် ၎င်းတို့အား စားသောက်ဆိုင်တွင် အလှဆင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ကျန်းဟန်၏သဘောတူညီမှုကို ရရှိပြီးနောက် ၎င်းကိုစီစဉ်ရန် ကျောက်ဖုန်းအား ပြောခဲ့သည်။

ဇီယန်သည် နှင်းဆီပန်းများမှလွဲ၍ အခြားပန်းများကို ဘူလာနိုင်ကြောင်း ကျောက်ဖုန်းအား သေချာပြောထားသည်။

အဘယ်ကြောင့်နည်း။

ဒုတိယထပ်တွင် နှင်းဆီပွင့် ၉၉၉ ပွင့်ပါရှိသည့် ပန်းစည်းမှာ လန်းနေသေးသောကြောင့်ပင်။

စားသောက်ဆိုင်ထဲတွင် အချစ်ကိုကိုယ်စားပြုသည့်အရာမှာ ထိုနှင်းဆီပန်းစည်းတစ်ခုတည်းသာကျန်နေလိမ့်မည်ဟု သူမ မျှော်လင့်ခဲ့၏။

ကျန်းဟန်က သူမ၏အချစ်ဦးဖြစ်သည့်အတွက် တစ်ခါတစ်ရံ ဇီယန်သည် မိန်းကလေးငယ်တစ်ယောက်ပမာ ပြုမူတတ်၏။ ယေဘုယျအားဖြင့် အမျိုးသမီးများသည် သူတို့၏အချစ်ဦးကို ပို၍ အချစ်ပိုတတ်ကြသည်။ ဇီယန်သည် နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ရပြီးနောက် အလွန်စိတ်ခတ်ခိုင်မာသော်လည်း ကျန်းဟန်၏ကြင်နာယုယမှုအောက်တွင် မိန်းကလေးငယ်တစ်ယောက်အဖြစ်နေရခြင်းကို နှစ်ခြိုက်သည်။

ကျန်းဟန်သည် ဇီယန်၏ပြောင်းလဲလာမှုကို သဘောကျနေပြီး အထူးသဖြင့် သူတို့၏ အိပ်ရာပေါ်မှ အနေအထားပုံစံများမှာ စတင်တိုးတက်လာခဲ့သည်။

ကျန်းဟာန်သည် နောင်တွင် သူတို့နှစ်ဦးအတူရှိရန် အချိန်များစွာရှိနေသောကြောင့် အလျင်စလိုမဖြစ်ဘဲ သူနှင့်ထိုင်တန်သည့်အရာကို ရရှိမည်ဟုယုံကြည်သည်။

စားသောက်ဆိုင်ထဲကို ဝင်လာပြီးနောက် ကျောက်ဖုန်းသည် လျန်မုန့်ချီကို ကြည့်ကာ ပြုံးပြလိုက်သည်။

လျန်ဟောင်သည် သူတို့စားပွဲဝိုင်းတွင်ထိုင်နေသဖြင့် ကျောက်ဖုန်းအတွက် နေရာမရှိတော့ချေ။ ကျောက်ဖုန်းသည် တစ်ခါတစ်ရံ စားပွဲကြီးကြီးများကို လဲချိန်တန်ပြီဟု တွေးမိတတ်၏။

စားသောက်ဆိုင်၏အရွယ်အစားကို ပြန်စဥ်းစားပြီးနောက် ကျောက်ဖုန်း ထိုအကြံကို လက်လျှော့လိုက်သည်။ စားပွဲများ ပိုကြီးလာပါက စားသောက်ဆိုင်ထဲတွင် လူအလွန်များသွားပေလိမ့်မည်။

အားလုံးကို နှုတ်ဆက်ပြီးနောက် ကျောက်ဖုန်းသည် မီးဖိုချောင်ကောင်တာသို့ တန်း၍ လျှောက်သွား၏။ "ဆရာ

အဲဒီရတနာတွေအားလုံးကို တောင်ပေါ်ပို့ခဲ့ပြီး ပန်းနဲ့ အဆင်တန်ဆာတချို့ ပြန်ယူလာခဲ့တယ်။ စုစုပေါင်း ညလင်းပုလဲ ၁၁၃၆ လုံးရှိပြီး ၂၂ လုံး ပြန်ယူလာခဲ့တယ်”

"အင်း” ကျန်းဟန်က ခေါင်းညိတ်သည်။

ထိုအချိန်တွင် ကျန်းဟန်သည် နောက်ဆုံးဟင်းပွဲကို ချက်ပြီးသွားပြီး ကျောက်ဖုန်းနှင့်အတူ ဟင်းပန်းကန်များအား ဒုတိယထပ်သို့ သယ်သွားသည်။

ယခုတစ်ခေါက်တွင် ကလေးသုံးယောက်ရှိနေသဖြင့် ဒုတိယထပ်၏လေထုမှာ အလွန်သက်ဝင်လှုပ်ရှားနေသည်။

ဝဝကစ်ကစ်ဝမ်ရိဟန်သည် မုန့်မုန့်နှင့်အတူ ပျော်ရွှင်နေပြီး ကျယ်လောင်စွာ စကားပြောနေသည်။ ဆန့်ကျင်ဘက်အားဖြင့် ဝူကွမ်းမှာ အလွန်ရှက်တတ်ကာ သူမတို့နှစ်ဦး၏အစေခံပမာ ပြုမူနေသည်။

လူကြီးများမှာ စကားပြောနေသည်ကို ရပ်တန့်ပြီး ကလေး သုံးယောက်ကစားနေသည်ကို ကြည့်နေကြ၏။

ကျန်းဟန်နှင့် ကျောက်ဖုန်း ဟင်းပွဲများ ယူလာသည်ကို မြင်တော့ ဝမ်ရှန်နှင့် ကျန်းလီတို့ အောက်သို့ဆင်းကာ ကူညီ ပေးလိုက်ကြပြီး ခဏအတွင်း စားပွဲဝိုင်းပြည့်သွားသည်။

စားပွဲပေါ်ရှိ အရသာရှိသောအစားအသောက်များကိုကြည့် ရင်း အားလုံး သွားရည်ကျလာကြသည်။

ဝမ်ကျားရွှမ်နှင့် သူမ၏ခင်ပွန်းမှာ အနည်းငယ် အနေခက် နေဆဲဖြစ်သည်။ ဤသည်က ကျန်းဟန်၏စားသောက်ဆိုင်ကို သူတို့ ပထမဆုံးအကြိမ်လာခြင်းဖြစ်သည်။

ကျန်းဟန်က ချက်ပြုတ်တည်ခင်းပေးသည်ကိုမြင်တော့ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြရင်း တုန် လှုပ်သွားကြသည်။ "မစ္စတာကျန်းလို ကြီးမြတ်တဲ့လူက ဘဝ ကိုနားလည်တဲ့ လူကောင်းတစ်ယောက်ဖြစ်နေတာ လေးစား စရာပဲ”

သူတို့သည် အဆင့်အတန်းမြင့်သူများမဟုတ်သော်လည်း အိမ်ဖော်အမြောက်အများကို ငှားရမ်းထားသည့် မိတ်ဆွေအချို့ကို တွေးလိုက်မိကြသည်။ သူတို့က အနည်းငယ်ပင် ဇီဇာကြောင်ကာ ကိုယ်တိုင်ချက်ပြုတ်ဖို့ဆို လုံးဝမဖြစ်နိုင်ချေ။

ယခုမူ အရသာရှိသည့်အစားအသောက်များဖြင့် ပြည့်နေသောစားပွဲဝိုင်းကိုမြင်သည့်အခါ သူတို့ ခဏလောက်အားကျမိသွားကြသည်။ တစ်ခါတစ်ရံ ကိုယ်တိုင်ချက်ပြုတ်ခြင်းက မိမိကိုယ်ပျိုးထောင်ပေးခြင်းတစ်မျိုးဖြစ်သည်။

"ရှောင်ဟန်က ဟင်းတွေအများကြီးချက်နိုင်တာ အံ့သြစရာပဲ" ယုံကျားရှင်းသည် ကျန်းဟန်အား ပြုံးပြလိုက်၏။

"ဟုတ်တယ် ဟုတ်တယ်" မုန့်မုန့်ကခေါင်းညိတ်ကာ ဂုဏ်ယူစွာဖြင့် ပြောသည်။ "သမီးဖေဖေက အစွမ်းအထက်ဆုံးပဲ"

ထိုစကားမှာ မုန့်မုန့်၏လက်သုံးစကားနီးပါးပင်။

သို့သော် ကျန်းဟန်သည်တော့ ထိုစကားကို ကြားရသည့် အချိန်တိုင်း အမြဲတမ်းပျော်ရွှင်ခဲ့သည်။

တစ်ခါတစ်ရံ ကျန်းဟန်သည် နောက်ထပ်အားထုတ်မှုများ ပြုလုပ်ရန် စိတ်ကူးအချို့ပင် ပေါ်လာတတ်သည်။

မုန့်မုန့်လေးစားချစ်ခင်သည့် ပြီးပြည့်စုံသော ဖခင်တစ် ယောက်အဖြစ် အမြဲတမ်းရှိလိုခဲ့သည်။

သို့သော် တစ်နေ့တွင် သူ၏သမီးက သူ့ထက် ပို၍ အောင်မြင်လာပြီး သူ့အား အကူအညီပေးသူဖြစ်လာခဲ့မည်ဟု လည်း သူမျှော်လင့်မိသည်။

မိဘတိုင်းသည် သူတို့၏သားသမီးများကို လူအများကြား၌ နဂါးနှင့်ဖီးနစ်ဖြစ်လာစေရန် မျှော်လင့်တတ်ကြသည်။

ကျန်းဟန်သည် မုန့်မုန့်ကြီးပြင်းလာသည်ကို တစ်ဆင့်ချင်း ကြည့်ရှုခဲ့ရပြီးချိန်တွင်ပင် သူမအား ချစ်စရာကလေးမလေး မင်းသမီးလေးအဖြစ် ဆက်လက်မြင်နေဦးမည်ဖြစ်ကြောင်းဟု

မသိခဲ့ချေ။ တကယ်တမ်းတွင် ၎င်းက "ဖခင်" ၏ အခိပ္ပာယ်ဖြင့် စကြောင်း ကျန်းဟန်သိရှိသည်။

လူတိုင်း စတင်စားသောက်ကြပြီး စကားမပြောကြတော့။

ဝက်ခြေထောက်ကင် တစ်ယောက်တစ်ခုစီနှင့် ကလေးသုံးယောက်မှာ နှုတ်ခမ်းများတွင် ဆီရစ်နေကြသည်။ ဝမ်ရိဟန်၏မျက်နှာလေးပင် ဆီများဖြင့် ပေကျံနေ၏။ သို့သော် သူမလေးက မထူးမခြားနားပင်ပြောသည်။ "အရမ်းအရသာရှိတယ်"

ည ၈ နာရီခန့် ညစာစားပြီးနောက် သူတို့ ဆိုဖာပေါ်ထိုင်ကာ လက်ဖက်ရည်သောက်ကြပြီး ကလေးသုံးယောက်က အရုပ်များဖြင့် ကစားကြသည်။ ၈ နာရီ ၃၀ မိနစ်တွင် ဝမ်ကျားဝမ်က သူတို့အား ပြန်ခေါ်သွားသည်။

ညနေကတည်းက သူတို့ အိမ်ခန်းသုံးခန်းနှင့် ဟောခန်းတစ်ခုရှိသည့် ဝမ်ချမ်း၏အိမ်တွင် တစ်ညနေရန် စီစဉ်ထားခဲ့သည်။

ဇီယန်က ကျန်းလီကိုကြည့်ကာ ပြောသည်။ "ပန်းတွေ ရောက်နေပြီ။ နေရာသွားချရအောင်”

"အင်း သွားကြမယ်” ကျိုးဖေးက တင်ပါးကိုပုတ်ကာ မတ်တပ်ရပ်လိုက်သည်။

"သမီးလည်းလိုက်မယ်။ သွားကြမယ်” မုန့်မုန့်က ဆိုဖာပေါ်မှဆင်းကာ လှေကားဆီသို့ ပြေးသွားသည်။

သူမလေး ခြေလှမ်းနှစ်လှမ်း ပြေးပြီးသည်နှင့် ကျန်းဟန်က လှမ်းဖမ်းလိုက်ပြီး သူမလေးကို ပွေ့ချီလိုက်သည်။

ကျန်းဟန်က နှုတ်ခမ်းထက်တွင် အပြုံးတစ်ခုချိတ်ဆွဲကာ လှေကားဆီသို့ အမြန်လျှောက်သွားပြီး ပြောလိုက်သည်။ "သွားကြမယ်။ ဖေဖေတို့က ပထမဆုံးရောက်မယ့်သူတွေပဲ”

"အင်း သမီးတို့က ပထမဆုံးပဲ။ သမီးတို့ကအမြန်ဆုံး ဖေဖေနဲ့သမီးက အမြန်ဆုံးပဲ” မုန့်မုန့်မှာ ရွှင်မြူးစွာအော်ဟစ်ရင်း မျက်လုံးဝိုင်းဝိုင်းများဖြင့် နောက်ကိုပြန်ကြည့်သည်။

မင်းသမီးလေး၏အမှုအရာအရ အောက်ထပ်သို့ အရင်ဆုံးဆင်းရသည်က ပျော်စရာအကောင်းဆုံးကိစ္စတစ်ခုလိုပင်။

တစ်ခါတစ်လေ ကလေးများက စိတ်ကျေနပ်လွယ်ကူလေသည်။

ဇီယန်နှင့်အခြားသူများမှာ ရယ်မောလိုက်ကြပြီး အောက်ထပ်သို့ ဆင်းလာကြသည်။

ထိုအချိန်တွင် ဆိုင်၏အောက်ထပ်၌ ကျောက်ဖုန်းးက အဖွဲ့ဝင်စားပွဲ၌ ဖုန်းထိုင်ကြည့်နေသည်။

လူအုပ်ကြီးဆင်းလာသည်ကိုမြင်တော့ သူ မတ်တပ်ထရပ်ကာ သူတို့အား အပြင်သို့ဦးဆောင်ခေါ်သွားသည်။

ကုန်ပစ္စည်းများအားလုံးကို ဗန်ကားပေါ်မှ ချ၏။

ထိုအထဲတွင် ပန်းပင်များ၊ မြင်ပင်များ၊ မြေဆီလွှာများ၊ စိတ်ဝိညာဉ်ရေပုံများ၊ ညလင်းပုလဲများပါရှိသည်။

"ဒါဆို လုံလောက်ပါပြီ" ကျော်ဖုန်းက ဇီယန်ကအား ကြည့်ကာ ပြောသည်။ "ဟိုထရပ်ကားပေါ်က ပန်းအိုးစင်တွေကို ကြည့်ကြည့်ပါဦး။ ပုံစံနဲ့ အရွယ်အစားက အမျိုးမျိုးရှိ။ သူဌေးကတော် လိုအပ်တဲ့ဟာကို ရွေးလိုက်ပါ"

"ကောင်းပြီ" ဇီယန်က ခေါင်းညိတ်ကာ သူမဘေးရှိ ထရပ်ကားကို ကြည့်လိုက်သည်။

"ဒီအရှည်တစ်ခုကို စန္ဒယားရဲ့ ညာဘက်ဘေးမှာ ထားလိုက်ပါ။ အဲဒါဆို စားပွဲတွေနဲ့ ခြားပြီးသားဖြစ်သွားမယ်။ အဲ့ပေါ်မှာ မြောင်းကွက်တွေနဲ့ဆိုတော့ ပန်းပင်နည်းနည်းရယ် ညလင်းပုလဲနှစ်ခုရယ်နဲ့ မြက်တွေခင်းလို့ရတယ်" ဇီယန်က ထရပ်ကားပေါ်မှ စင်တစ်ခုကို ညွှန်ပြသည်။

"ကျွန်တော် ယူလိုက်ပါမယ်" ကျော်ဖုန်းက ဘယ်ဘက်ရှိထရပ်ကားပေါ်မှ တန်း၍ခုန်လိုက်ပြီး စင်ကို အောက်ချလိုက်သည်။

"ဒီစင်အရှည်ကို မီးဖိုချောင်ရဲ့ ဘယ်ဘက်ခြမ်းမှာ ထားလို့ရတယ်" ဇီယန်က ပို၍ရှည်သည့် စင်ကို ညွှန်ပြသည်။

ကျိုးဖေးကလည်း စင်တစ်ခုကို ညွှန်ပြကာ "ဒီအတိုနှစ်ခုကို ပြတင်းပေါက်နှစ်ခုနားမှာ ထားလို့ရတယ်"

"ဟုတ်တယ်။ အဲဒီတစ်ခုရော" ဇီယန်က ခေါင်းညိတ်သည်။

ထိုသို့ဖြင့် သူတို့ စတင်ရွေးချယ်ကြ၏။ အခြားသူများကလည်း အကြံဉာဏ်များပေးကြပြီး ဇီယန်ကတော့ နောက်ဆုံးဆုံးဖြတ်ချက်ချရသည်။ သူမက ပြောရေးဆိုခွင့်ရှိသည့် အိမ်ရှင်မဖြစ်သည်မဟုတ်ပါလား။

ကျန်းဟန်က မုန့်မုန့်ကို ပွေ့ချီထားရင်း မတ်တပ်ရပ်နေသည်။

မုန့်မုန့်က သူမ၏လက်ကလေးကို ရံဖန်ရံခါ ဝှေ့ယမ်းပြရင်းဝင်ပြောသည်။ "အဲဒါတွေအကုန်လုံး...."

ရွေးချယ်ပြီးနောက်တွင် ဇီယန်၊ ကျိုးဖေး၊ ကျန်းလီနှင့် ဝမ်ရတို့ စတင်အလုပ်လုပ်ကြသည်။ အခြားသူများကို လုပ်ခိုင်းမည့်အစား သူတို့ကိုယ်တိုင် လက်အိတ်များဝတ်ကာ လုပ်ကိုင်ကြသည်။

ဇီယန်သည် ပန်းများကို စီတတ်သည့်အတွက်ကြောင့် ပန်းရွေ့စိုက်ခြင်းက သူမအတွက် အလွန်ရိုးရှင်းကာ မြေဆီလွှာသာ လိုအပ်သည်။

အခြားသူများ အလုပ်ရှုပ်နေချိန်တွင် ကျန်းဟန်နှင့် မုန့်မုန့်တို့က စန္ဒယားရှေ့တွင် ထိုင်လိုက်ကြသည်။

ကျန်းဟန်က စန္ဒယားတီးပြီး မုန့်မုန့်က သီချင်းလေးညည်းနေသည်။

ဇီယန်သည် စန္ဒယား၏ညာဘက်ခြမ်းရှိ စင်ပေါ်၌ ပန်းပင်လေးပင် ကို ပထမဆုံး စိုက်ပျိုးသည်။ မြင်ပင်များကို စိုက်တော့မည့်အချိန်တွင်တော့ သူမ စဉ်းစားရင်း နှုတ်ခမ်းလေးစူကာ အနည်းငယ်စိတ်ရှုပ်သွားသည်။

ကျန်းဟန် စန္ဒယားတစ်ပုဒ်တီးပြီးသည်နှင့် သူမ ပြောလိုက်သည်။ "ကျန်းဟန် ဒီမှာလာကြည့်ပါဦး။ မြက်တွေကြားက အကျယ်က နည်းနည်းကြီးနေလားလို့"

ငင်းကိုကြားတော့ ကျန်းဟန်က မတပ်တပ်ရပ်ကာ စင်ကိုကြည့်လိုက်ပြီး ပြုံး၍ ပြောသည်။ "မဆိုးပါဘူး။ သပ်ရပ်ပြီး လှပယ်"

"အရမ်းလှတယ်။ မေမေက အံ့သြဖို့ကောင်းတာပဲ" မုန့်မုန့်ကလည်း သူမအား ချီကျူး၏။

ငင်းကိုကြားတော့ ဇီယန်အလွန်ပျော်ရွှင်သွားသည်။ သူမရယ်မောကာ "ဒါပေမယ့် နည်းနည်းလေး ကျဲနေသလားလို့။ တောင်ပေါ်က မြက်ခင်းလောက် မထူဘူး"

"အတူတူလုပ်ကြတာပေါ့" ကျန်းဟန်က ပြုံးလိုက်ပြီး မုန့်မုန့်အား အောက်ချပေးလိုက်သည်။ သူမလေးအား ညလင်းပုလဲတစ်လုံးဖြင့် ကစားနေစေ၏။ ထိုနောက် ဇီယန်၏ဘေးသို့လျှောက်သွားသည်။ စင်ထိပ်ရှိ စတုဂံပုံးအတွင်းရှိ မျက်များကို

စတင်စုစည်းလိုက်သည်။ တဖြည်းဖြည်းနှင့် မြက်များမှာ ပိုမို ထူထပ်လာ၏။

"ဒါဆို ကျွန်မ မြက်တွေကိုင်ထားပေးမယ်” ဇီယန်က ပြောပြောဆိုဆိုဖြင့် မွေးရနံ့မြက်ပင် လက်တစ်ဆုပ်ကိုယူကာ ကျန်းဟန်၏ဘေးတွင် ရပ်လိုက်သည်။ ကျန်းဟန်ပြီးသွားသည့် အခါ သူ့အား မြက်ပင်များပေးသည်။

တကယ်တမ်းတွင် ဤရိုးရှင်းသည့်အလုပ်များကို ကျန်းဟန် ချက်ချင်းပြီးသွားအောင် လုပ်နိုင်၏။

သို့သော် သူသည် ဇီယန်နှင့်အတူ ဤကဲ့သို့ ဖြည်းဖြည်း ချင်းလုပ်ရသည်ကို သဘောကျသည်။

အရေးကြီးသည့်အရာမှာ ရလဒ်မဟုတ်ဘဲ လုပ်ငန်းစဉ် ဖြစ်သည်။

၎င်းက လူတစ်ယောက်၏ဘဝနှင့်တူ၏။ သင်ခံစား သက်ဝင်သည့်အရာ ၎င်းကိုယ်တိုင်ဖြစ်သည်။

နောက်ဆုံးတွင် စင်တစ်ခုအား ပြုလုပ်ပြီးသွားသည့်နောက် ဇီယန်နှင့် ကျန်းဟန်တို့ နောက်စင်တစ်ခုသို့ သွားကြသည်။ ၁၀ နာရီထိုးသည်အထိ အလုပ်လုပ်ပြီးနောက် စားသောက်ဆိုင်၏ပထမထပ်နှင့် ဒုတိယထပ်မှာ လုံးဝပြောင်းလဲသွားသည်။

ဤအလှဆင်မှုများက စားသောက်ဆိုင်၏အသက်ဝင်မှုကို များစွာ တိုးတက်သွားစေသည်။

"ကျွန်မတို့ မီးပိတ်ပြီး တစ်ချက်လောက် ကြည့်ကြည့်ကြမလား" သူတို့ ပထမထပ်တွင် ထိုင်သည့်အချိန်၌ ဇီယန်က ညလင်းပုလဲများကို ကြည့်ရင်း ရလဒ်ကို စိတ်ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။

"အိုကေ" ကျိုးဖေးက ထကာ နောက်ဘက်သို့ လျှောက်သွားသည်။ "ငါ မီးပိတ်လိုက်မယ်နော်"

မီးများ ပိတ်သွား၏။

-အပိုင်း(၁၀) အခန်း(၄၁၆-ခ)ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၁၁)] အခန်း(၄၁၆-ဂ) အပြီးသတ် ပြောင်းလဲခြင်း(၃)

ပထမထပ်ရှိ ညလင်းပုလဲ ၁၂ လုံးသည် ခပ်ဖျော့ဖျော့ အလင်းရောင် စတင်တောက်ပလာသည်။

"ဝိုး လှလိုက်တာ" မုန့်မုန့်က မျက်တော်တဖျပ်ဖျပ်ခတ်ကာ ရွှင်မြူးစွာပြောသည်။

"အံ့သြဖို့ကောင်းလိုက်တာ"

"..."

လူအုပ်ကြီးမှာ အံ့အားသင့်သွားကြ၏။

၎င်းက အလွန်ထူးခြားသည့်အတွေ့အကြုံပင်။

မိနစ်အနည်းငယ်ကြာအောင် ကြည့်ရှုပြီးနောက် ထမင်းစားခန်းမီးများကို ပြန်ဖွင့်လိုက်ကြသည်။ အချိန်က ၁၀ နာရီခွဲခန့်ရှိပြီဖြစ်၍ သူတို့ အိမ်ပြန်ကြသည်။

ကျန်းလီက ဤရက်ပိုင်း အလုပ်သွားရန် အစီအစဉ်မရှိချေ။ ကုမ္ပဏီ၏ပင်မအဆောက်အဦးဘေးနားရှိ အထပ်နိမ့် အဆောက်အဦးမှာ ပြီးတော့မည်ဖြစ်သည်။ ကျန်းလီသည် ထို အကြောင်းကို စဉ်းစားပြီး သူမကိုယ်သူမ အနားယူခွင့်ပေးရန် ဆုံးဖြတ်လိုက်သည်။

ည ၁၀ နာရီခွဲတွင် ကျန်းဟန်သည် မုန့်မုန့်ကိုချီ၍ ဇီယန်နှင့်အတူ ဒုတိယထပ်သို့ တက်လာခဲ့သည်။

ယခုတော့ ဇီယန်သည် ကျန်းဟန်၏ရှေ့၌ ညဝတ်အကျီလဲရန် ရှက်ရွံ့မနေတော့ချေ။

မုန့်မုန့်အား ညဝတ်အကျီဝတ်ပေးပြီးနောက် သားအမိနှစ်ယောက် အိပ်ယာထဲသို့ အမြန်ဝင်သွားကြပြီး ကျန်းဟန်က နောက်ဆုံးဖြစ်သည်။

"ကိုယ် ပုံပြင်ကို ဆက်ပြောမယ်။ လူပုဘုရင်နဲ့.....”

ပုံပြင်အား ၁၀ မိနစ်ကျော်ကြာ ပြောပြပြီးနောက် သားအမိနှစ်ယောက်လုံး အိပ်ပျော်နေကြောင်း ကျန်းဟန် တွေ့လိုက်ရသည်။

ကျန်းဟန်သည် ချစ်ကြည်နူးတစ်တီတူးရန် ကြံစည်ထားခဲ့သည်ဖြစ်၍ ခါးသီးစွာပြုံးရင်း ခေါင်းကိုခါယမ်းလိုက်သည်။

ဇီယန်သည် မနေ့ညက အလွန်ပင်ပန်းခဲ့ပြီး အသံပင်မထွက်နိုင်တော့အောင်ဖြစ်ခဲ့ရသည်။ ယခု သူမ အိပ်ရေးပျက်ထားသောကြောင့် အနည်းငယ် ပင်ပန်းနေလိမ့်မည်။

သို့သော် ကျန်းဟန်သည် ဇီယန်၏ခန္ဓာကိုယ်ထဲရှိ လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်များကြောင့် စိတ်ရှုပ်ထွေးနေခဲ့ရသည်။ သူမ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေမှာ အလွန်သာမန်ဖြစ်၏။ သူမ စကားအပြောများသည့်အခါ သူမ၏အသံမှာခြောက်လာပြီး သာမန်လူများကဲ့သို့ပင် သူမလည်း ဖျားနာလာမည်ဖြစ်သည်။ ယန်ချင်ရေ ဘူးပေါင်းများစွာကို သောက်ပြီး

သည့်တိုင် သူမ၏အသားအရေမှလွဲ၍ သူမ၏ကျန်းမာရေးက တိုးတက်လာခြင်းမရှိချေ။

"မနက်ဖြန် သူ့အတွက် ဆေးလုံးတချို့ ဖော်စပ်ပေးရမယ်..."

ကျန်းဟန်သည် ဇီယန်အား ဆေးလုံးများကိုစုပ်ယူစေပြီး သူမ၏ခွန်အားကို မြှင့်တင်ရန် စီစဉ်ထားသည်။

သူမကိုယ်တိုင် စွမ်းအားရှိမှသာလျှင် သူမ အချိန်တိုင်း ဘေးကင်းနိုင်မည်ဖြစ်သည်။

ညမှာ တိတ်ဆိတ်စွာဖြင့် ကုန်ဆုံးသွား၏။

နောက်တစ်နေ့မနက်...

ကျန်းဟန် မနက်စာပြင်ဆင်ရန် ပထမဆုံး အိပ်ရာထခဲ့သည်။

ခုနှစ်နာရီထိုးတွင် သားအမိနှစ်ယောက် အိပ်ရာထလာကြ၏။

"မျက်နှာသစ် သွားတိုက်၊ မျက်နှာသစ် သွားတိုက် သွားတိုက် သွားလေးတွေဖြူဖွေး...” ဇီယန်က မုန့်မုန့်၏သွားများကို တိုက်ပေးပြီးနောက်တွင် မင်းသမီးလေးသည် ပျော်ရွှင်စွာဖြင့် သီချင်းညည်း၏။

ဇီယန်သည် မင်းသမီးလေးအား အရင်ဆုံး သန့်ရှင်းရေး လုပ်ပေးပြီးနောက် သူမကိုယ်သူမ ကိုယ်လက်သန့်စင်သည်။ သူမလည်း ခေါင်းဖြီးရင်းနှင့် သီချင်းသံစဉ်လေးညည်းသည်။ "အမ်း...အမ်း...အာ...”

တေးသွားအချို့ညည်းကြည့်ပြီးနောက်တွင် ဇီယန် ရုတ်တရက် အေးခဲသွားသည်။

သူမ ခဏလောက်စဉ်းစားပြီးနောက် ရုတ်တရက် သူမ၏မျက်လုံးဝိုင်းများက တောက်ပလာသည်။

"အိုး ဟုတ်တယ်” သူမ အံဆွဲထဲမှ ဘောပင်နှင့် စာရွက်ကို အမြန်ရှာကာ စာကြောင်းအချို့ ချရေးလိုက်သည်။

ထိုနောက် သူမ စာသားများကို အကြိမ်မ်အနည်းငယ် ဆိုညည်းကြည့်သည်။ သူမ၏မျက်လုံးများထဲမှ အလင်းရောက်မှာ ပို၍ပို၍ တောက်ပလာ၏။

သူမ ဖုန်းကို အမြန်ထုတ်ကာ ကျိုးဖေး၏နံပါတ်ကို ခေါ်လိုက်သည်။ "ဖေဖေး နင် အပြင်ထွက်လာပြီလား။ မထွက်သေးဘူးလား။ အရမ်းကောင်းတဘ်။ ငါ့ကို ဂစ်တာတစ်လက် ယူလာပေးပါလား။ ငါ သီချင်းရေးဖို့ အိုင်ဒီယာပေါ်လာလို့"

သူမရေးထားသည့် စာကြောင်းတိုလေးများကို ကြည့်ပြီး ဆိုညည်းကြည့်ရင်း လှေကားဆီသို့ အမြန်ပြေးသွားသည်။ "ယောက်ျားရေ ယောက်ျား ဒီကိုလာပါဦး"

"ဖေဖေရေ ဒီကိုလာပါဦး" မုန့်မုန့်သည် ဇီယန်၏လေသံကို လိုက်တု၍ခေါ်သည်။

၎င်းကိုကြားတော့ ကျန်းဟန် လုပ်လက်စအလုပ်ကိုချကာ လှေကားဆီ လျှောက်သွားလိုက်သည်။

"ဘာဖြစ်လို့လဲ" ကျန်းဟာန်က မေးသည်။

"ကျွန်မရဲ့ သံစဉ်ကို နားထောင်ကြည့်။ ဟူး...ဟူး...ဟူး... ဟူး...." ဇီယန်က သံစဉ်အချို့ ညည်းဆိုပြပြီးနောက် ကျန်းဟာန်အား မျှော်လင့်ချက်ဖြင့် ကြည့်လိုက်သည်။ "ဘယ်လိုလဲ"

"အမ်" ကျန်းဟာန်မှာ ကြောင်အသွား၏။ သူ ခဏလောက် စဉ်းစားပြီး ဇီယန်အား ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။ "အင်း အရမ်းကောင်းတယ်။ ငါ့မိန်းမက အရမ်းတော်တာပဲ။ ဒီသီချင်းက ရေပန်းစားလာမှာ သေချာတယ်"

"ခစ်ခစ်..." ချီးကျူးခံလိုက်ရသည့်အတွက် ဇီယန် အလွန်ပျော်ရွှင်သွားသည်။ "ဒါဆို ကျွန်မ ဒီမနက် ရှင့်ကိုအချိန်မပေးနိုင်တော့ဘူး။ ဒီသီချင်းကို ပြီးအောင်ရေးရမယ်"

"အင်း သိပ်ပြီး အပင်ပန်းမခံပါနဲ့။ ကိုယ် မနက်စာအရင်ပြင်လိုက်မယ်" ကျန်းဟာန်က ရယ်မောကာ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

မနက်စာပြင်ဆင်ပြီးနောက်တွင် ကျန်းလီ၊ ယုံကျားရှင်းနှင့် အခြားသူများလည်း ရောက်ရှိလာခဲ့သည်။

မနက်စာစားပြီးနောက်တွင် ကျိုးဖေးနှင့် ဇီယန်က စားသောက်ဆိုင်တွင် နေရင်း အလုပ်လုပ်နေကြပြီး အခြားသူများကလည်း သူတို့အား မနှောင့်ယှက်ကြချေ။ ကျောက်ဖုန်းက လန်ယွဲ့အား ဇီယန်နှင့်အတူ လာနေပေးရန် ပြောခဲ့ပြီး သူနှင့်ကျန်းဟန်က အခြားသူများကို လဆန်းတောင်သို့ ခေါ်သွားခဲ့သည်။

မီးဖို၊ မီးကျောက်တုံးများ၊ စိတ်ဝိညာဉ်ရတနာများအားလုံး အဆင်သင့်ဖြစ်နေပြီဖြစ်၍ ရိတ်သိမ်းချိန်ရောက်ပြီဟု ကျန်းဟန် တွေးလိုက်သည်.

-အခန်း(၄၁၆-ဂ)ပြီး

**အခန်း(၄၁၇-က) မှော်ဆေးပညာ(၁)**

လဆန်းတောင်ခြေရင်း၌ လူတိုင်း ကားပေါ်မှဆင်းလာသည့်အချိန်တွင် ကျောက်ဖုန်း ဆင်လင်ဒါရှည်သုံးလုံးကို ထုတ်နေသည်အား ကြည့်ပြီး မုန့်မုန့်က မေးသည်။

"ဖေဖေ အဲဒါလာလဲဟင်"

"အဲဒါ ငါးမျှားပစ္စည်းတွေလေ။ ငါးမျှားဖို့အတွက် ပေါ့" ကျန်းဟန်က ပြုံးကာဖြေသည်။

"အဲဒါက ဘယ်လိုလဲ" မုန့်မုန့်က စိတ်ဝင်တစားမေးသည်။

"ငါးမျှားကိရိယာတွေ" ကျန်းဟန်က အသေးစိတ်ရှင်းပြသည်။ "ငါးမျှားတံက ရှည်ပြီး အဲဒီမှာ ကြိုးပါးပါးလေးတစ်ချောင်းရှိတယ်။ ကြိုးရဲ့အောက်ချေမှာ ချိတ်တစ်ခုရှိပြီးတော့ ငါးတွေက အစာကိုမြင်ပြီး လာစားအောင်လို့ ငါးမျှားချိတ်မှာ အစာချိတ်ရတယ်။ သူတို့ လာစားပြီးရင် ဖမ်းလို့ရပြီး ဖေဖေတို့က စားလို့ရတာပေါ့"

"ဒါဆို သမီး ပုဇွန်စားချင်တယ်။ အရင်တစ်ခါ ဖေဖေလုပ်ပေးတဲ့ ပုဇွန်မျိုး ဖမ်းလို့ရလား" မုန့်မုန့်က မေးသည်။

"မုန့်မုန့် ငါးမျှားတံနဲ့ ပုဇွန်ဖမ်းလို့မရဘူးကွဲ့။ သမီး ပုဇွန်ဖမ်းချင်ရင် ပိုက်ကွန်တစ်ခုလိုတယ်။ ဘိုးဘိုးတို့မှာ ပိုက်ကွန်တစ်ခုပါတယ်။ နောက်မှ ဘိုးဘိုး သမီးအတွက် ပုဇွန်တွေဖမ်းပေးမယ်။ နေ့လည်ခင်း ပြန်ရောက်ရင် စားလို့ရတာပေါ့" ဝမ်မင်က ပြုံး၍ ပြောသည်။

"ကောင်းတယ် ကောင်းတဘ်" မုန့်မုန့်က ရေရွတ်လိုက်ပြီး မျက်လုံးဝိုင်းဝိုင်းများဖြင့် ဘယ်ညာလိုက်ကြည့်သည်။

သူတို့ တောအုပ်ကို ဖြတ်ကူးပြီး မြက်ခင်းပြင်သို့ ရောက်သည့်အချိန်တွင် မုန့်မုန့်က ပြောသည်။ "ဖေဖေ သမီးကို အောက်ချပေး။ တာပေါးပေါးနဲ့ ရှောင်ပေါးပေါးကို သွားရှာမလို့"

"ဟားဟားဟား.. ဖေဖေ့ကို နမ်း" ကျန်းဟန်က ရယ်မောသည်။

"မွ မွ မွ" မုန့်မုန့်က ကျန်းဟန်အား သုံးကြိမ် နမ်းလိုက်၏။

ကျန်းဟန်က သူမအား မြက်ခင်းပေါ် ချပေးလိုက်ပြီး နောက် သူမလေး ပျော်ရွှင်စွာပြေးသွားရင်း အော်ဟစ်လိုက်သည်။ "တာပေးပေး ရှောင်ပေးပေး ငါလာပြီ"

"ဝုတ် ဝုတ် ဝုတ်"

"ဝူး ဝူး ဝူး"

တောင်နောက်ဘက်မှ အသံနှစ်ခုထွက်လာသည်။ ထုံးစံ အတိုင်းပင် ရှောင်ပေးက အရင်ပေါ်လာပြီး တာပေးက နောက်မှရောက်လာသည်။

အချိန်တိုင်းအတူတူပင်ဖြစ်သော်လည်း တာပေးနှင့် ရှောင်ပေးမှာ အလွန်ပျော်ရွှင်နေပြီး မုန့်မုန့်က သူတို့အတွက် ဘယ်တော့မှ အပျော်တွေမကုန်ဆုံးနိုင်စေတော့သလိုပင်။

ကျန်းဟန်သည် မင်းသမီးလေး၏နောက်ကျောအား နူးညံ့ စွာ ကြည့်လိုက်သည်။

ယနေ့တွင် မုန့်မုန့်သည် အဖြူရောင်လက်တိုရှပ်အင်္ကျီ၊ ဂျင်းဘောင်းဘီနှင့် ပန်းရောင်စနီကာကို ဝတ်ဆင်ထားသည်။ ဇီယန်က သူမအား မစ်ကီမောက်စ်ဆံပင်ပုံစံကို ပြင်ဆင်ပေးထားပြီး ဦးထားမဆောင်းထားသဖြင့် သူမလေး ပြေးလွှားသည့်အခါတွင် ပို၍ ချစ်စရာကောင်းနေစေသည်။

ဆေးလုံးများကို အလျှစ်စလိုပြုလုပ်မည့်အစား ကျန်းဟန်က တောင်နောက်ဘက်သို့သွားကာ အရင်ဆုံး မုန့်မုန့်နှင့် ခဏလောက် ကစားခဲ့သည်။

"မုန့်မုန့် သမီးသူငယ်ချင်းတွေနဲ့ ခဏလောက် ကစားနေနော်။ ဖေဖေ လုပ်စရာလေးရှိလို့" ကျန်းဟန်က မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်သည်။

"ဟုတ်ကဲ့ သိပါပြီ" မုန့်မုန့်က နာခံစွာဖြင့် တာဟေးဆီ ပြေးသွားသည်။

ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်၏။ ထိုနောက် မတ်တပ်ထရပ်ကာ ယန်မိုးကြိုးသစ်ပင်ဆီသို့ လျှောက်သွားသည်။

"ငါလည်း သွားကြည့်မယ်" ဝမ်မင်က သူ့နောက်မှ လိုက်သွားသည်။

ယန်မိုးကြိုးသစ်ပင်ဆီရောက်ပြီးနောက် ကျန်းဟန်က ဒြပ်စင်ပါးမျိုးဆေးမီးဖိုရှေ့တွင် ၁၀ စက္ကန့်ခန့် စဉ်းစားနေခဲ့သည်။

သူ၏လက်ဝှေ့ယမ်းမှုနှင့်အတူ စိတ်ဝိညာဉ်ဆေးပင်များက သူ့ရှေ့ မြေပြင်ပေါ်မှ ပျံတက်သည်။ မီးကျောက်တုံးကို ဒြပ်စင်ငါးမျိုးဆေးမီးဖိုဆီ ပစ်လိုက်ရာ မီးများ စတင်တောက်လောင်လာသည်။

"စတော့မှာလား" ဝမ်မင် အနည်းငယ် စိတ်လှုပ်ရှားလာသည်။

အခြားသူများ ဆေးလုံးဖော်စပ်နေသည်ကို ပထမဆုံးအကြိမ် တွေ့ရခြင်းဖြစ်၍ သူအလွန်သိချင်စိတ်ပြင်းပြနေသည်။

"ဟုတ်တယ်" ကျန်းဟန်က ခေါင်းညိတ်ပြီး ဒြပ်စင်ငါးမျိုးဆေးမီဖိုထဲသို့ ဆေးပင်များ ကျဆင်းလာအောင် စတင်ထိန်းချုပ်လိုက်သည်။

ပထမဆုံးထည့်သည့်အရာမှာ ပိုင်ကန်းမြက်ဖြစ်သည်။

တတိယအဆင့် စိတ်ဝိညာဉ်ရတနာဖြစ်သည့် ပိုင်ကန်းမြက်မှာ ခန္ဓာကိုယ်အရည်အသွေးကို တိုးတက်စေပြီး အထူးသဖြင့်ခွန်အားကို တိုးတက်စေသည်။

ပထမအသုတ်ဆေးလုံးများအားလုံးမှာ ဟဲယွမ်ဆေးလုံးများဖြစ်ပြီး ကျန်းဟန်က တာဟေးအား ပေးရန် စီစဉ်ထားသည်။ ထိုဆေးများသည် တာဟေး၏ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် စွမ်းအားကို တိုးတက်စေပြီး သူ၏အရိုးများကိုသန်မာစေသည်။

ပိုင်ကန်းမြက်ပင်နှင့် အခြားတတိယအဆင့်ဆေးပင်ဖြစ်သည့် ကျင်းလျှန်အရွက်မှာ အဓိပါကပါဝင်ပစ္စည်းဖြစ်ပြီး စိတ်ဝိညဉ်ဆေးပင် ၃၆ ပင်က ပါဝင်အားဖြည့်သည်။ ၎င်းတို့အနက် ၁၇ ပင်မှာ ဒုတိယအဆင့်ဖြစ်ပြီး ၁၉ ပင်မှာ ပထမအဆင့်ဖြစ်သည်။ ထိုနောက် ယန်ချင်ရေနှင့်ရောကာ ကျန်းဟန်သည် အကောင်းဆုံးဟဲယွမ်ဆေးလုံးများကို ဖော်စပ်နိုင်မည်ဟု သေချာသည်။

ပိုင်ကန်းမြက်ပင်ကို ဒြပ်စင်ငါးမျိုးဆေးမီးဖိုထဲသို့ ထည့်ပြီးနောက် ကျန်းဟန်၏မျက်လုံးများ တောက်ပလာကာ မီးတောက်က ရုတ်တရက် ၁၀ ဆ တိုးလာသည်။

၁၀ စက္ကန့်ကြာပြီးနောက်တွင် ကျန်းဟန်သည် မီးတောက်အား အဆင့်အနည်းငယ် လျှော့ချလိုက်သည်။ ထိုအချိန်တွင် ပိုင်ကန်းမြက်သည် သေးငယ်သည့်မီးခိုးများအဖြစ် ပြောင်းလဲသွားပြီး ဒြပ်စင်ငါးမျိုးမီးဖိုထဲတွင် ပြည့်သွားသည်။

ကျန်းဟန်၏ထိန်းချုပ်မှုအောက်တွင် ပိုင်ကန်းမြက်မှ ဖြစ်လာသည့် မီးခိုးများကို သေးငယ်သည့်ဧရိယာတစ်ခုထဲသို့ ဖိနှိပ်လိုက်ပြီး ကျင်းလျှန်သစ်ရွက်ကို မီးဖိုထဲသို့ ထည့်လိုက်သည်။

မီးတောက်မှ ယခင်ကထက် ပို၍ပြင်းထန်လာပြန်၏။

ဤတစ်ကြိမ်တွင် ၎င်းီးတောက်ကို အဆင့်အနည်းငယ် လျှော့ချရန် ၁၀ မိနစ်ကြာခဲ့သည်။ ကျင်းလျှန်သစ်ရွက်သည် လည်း သေးငယ်တောက်ပသည့်မြူများအဖြစ် ပြောင်းလဲသွားသည်။ ၎င်းမှာ ရွှေရောင်ဖျော့ဖျော့ရှိကာ အပြာရောင်မီးဖိုး၏နောက်တွင် ဖိနှိပ်ထားလိုက်သည်။

ဖားလောင်းနှစ်ကောင်ပမာ မြူခိုးများက ဒြပ်စင်ငါးမျိုးဆေးမီးဖိုထဲတွင် လှည့်ပတ်နေကြသည်။

ထိုနောက် ကျန်းဟန်သည် ယန်ချင်ရေအနည်းငယ်ကို ထည့်လိုက်၏။

"ဝှစ်”

ယန်ချင်ရေသည် ချက်ချင်းပင် မီးဖိုးများအဖြစ် ပြောင်းလဲသွားပြီး မြူခိုးနှစ်ခုကိုဝန်းရံနေသည့် စက်ဝိုင်းတစ်ခုဖြစ်ပေါ်လာသည်။

ထိုနောက် ကျန်းဟန်သည် စိတ်ဝိညာဉ်ဆေးပင် ၃၆ မျိုးကို တစ်လှည့်စီ ထည့်လိုက်သည်။

၎င်းတို့သည် မီးဖို၏အတွင်းနံရံကို ဖုံးအုပ်ထားပြီး မြစိမ်းရောင်အပြားများ ဖြစ်ပေါ်လာသည်။

ဝမ်မင်သာ ထိုမြင်ကွင်းကိုမြင်ပါက "ဒါ ထိုက်ချီဇယား မဟုတ်လား” ဟု အော်ဟစ်ပေလိမ့်မည်။

သို့သော် ဝမ်မင်သည် ဒြပ်စင်ငါးမျိုးဆေးမီးဖို၏အတွင်းကို မမြင်နိုင်ချေ။ ထို့ကြောင့် သူသည် ဘေးနားတွင် နာရီဝက်ကျော်ကြာ ရပ်ကြည့်နေပြီး နောက်ဆုံးတွင် ခေါင်းယမ်းကာ

ပြောလိုက်သည်။ "ငါလည်း တစ်ခုမှနားမလည်ဘူး။ ရှောင်ဟန် မင်းဘာသာ အချိန်ယူပြီးလုပ်တော့။ ငါ ငါးသွားမျှားတော့မယ်”

"အင်း” ကျန်းဟန်က ပြန်ဖြေသည်။

ထိုနောက် ဝမ်မင်သည် အိမ်မွေးတိရစ္ဆာန်ဇာရီယာသို့ ပြန်သွားကာ သူ၏ငါးဖမ်းကိရိယာနှင့် ခေါက်ထိုင်ခုံကိုယူပြီး ငါးကန်သို့သွားကာ ငါးမျှားသည်။

လေအေးအေးတိုက်ခတ်နေပြီး သာယာလှသည့်ရှုခင်းများကို ကြည့်ရင်း ဝမ် ပျော်ရွှင်ကြည်နူးစွာဖြင့် ရေရွတ်လိုက်သည်။ "တကယ့် ဘဝရဲ့နိဗ္ဗာန်ပါလား”

ကျန်းဟန်သည် ဒြပ်စင်ငါးမျိုးဆေးမီးဖိုရှေ့တွင် ရပ်ကာ ၎င်းအား စောင့်ကြည့်နေ၏။ လေများက သူ၏မျက်နှာကို တိုက်ခတ်နေပြီး သူ၏ဆံပင်တိုများက အနည်းငယ် လွင့်နေသည်။ ဆေးလုံးသန့်စင်ခြင်းလုပ်ငန်းစဉ်တွင် သူသည်လည်း အင်မော်တယ်ချီများ၏ဝန်းရံခြင်းကို ခံရသည်။

ထို့ကြောင့် အနောက်တွင် တိတ်ဆိတ်စွာရပ်နေသည့် ကျောက်ဖုန်းသည် ကျန်းဟန်အား လေးစားမှုများ တိုးလာလေသည်။

အချိန်များကုန်ဆုံးလာသည်နှင့်အမျှ...

ဒြပ်စင်ငါးမျိုးဆေးမီးဖိုထဲရှိ စွမ်းအင်များအားလုံးသည် အဆက်မပြတ် ငွေ့ရည်ပြောင်းလဲလာသည်။

တစ်နာရီခွဲကြာပြီးနောက် နောက်ဆုံးတွင် ၎င်းတို့သည် လက်ဖဝါးအရွယ်အလုံးကြီးတစ်လုံးအဖြစ် ပေါင်းစပ်သွား၏။

ဆေးလုံးမှာ အပြာနုရောင် တောက်နေသော်လည်း ၎င်းက မပြီးဆုံးသေးချေ။

"ပြီးပြီ” ရုတ်တရက် ကျန်းဟန်၏မျက်ဝန်းထဲမှ အလင်းရောင်တစ်ခု ထွက်လာပြီး အောက်ရှိ မီးကျောက်တုံးမှာ ကွဲထွက်သွားသည်။ ထိုနောက် အပြာနုရောင်မီးတောက်များက ဒြပ်စင်ငါးမျိုးဆေးမီးဖိုအား စတင်ဝိုင်းရံလာသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်...

နောက်ဆုံးတွင် စက္ကန့်ကြာပြီးနောက်...

မီးဖို၏အပြာနိုရောင်မီးတောက်များမှာ လွင့်ပြယ်သွားသည်။

ကျန်းဟန်က လက်ဖဝါးကို ဖွေ့ယမ်းလိုက်ရာ ဆေးလုံးက သူ၏လက်ထဲသို့ ပျံသန်းလာ၏။

အချင်း ၃ စင်တီမီတာရှိသော ဟဲယွမ်မော်ဆေးလုံးကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ဆေးလုံး၏မျက်နှာပြင်ပေါ်တွင် လွင့်မျောနေသည့် မြူများကိုကြည့်ရင်း ကျန်းဟန် ခပ်ရေးရေးပြုံးလိုက်သည်။

အရည်အသွေးအကောင်းဆုံး တတိယအဆင့် ဟဲယွမ်မော်ဆေးလုံး...

ၚင်း၏အကျိုးသက်ရောက်မှုမှာ စတုတ္ထအဆင့် ဟဲယွမ်မော်ဆေးလုံးနှင့်ညီမျှပြီး တာပေား၏ခွန်အားကို မြှင့်တင်ရန် လုံလောက်သည်။

ၚင်းကိုစဥ်းစားပြီးနောက် ကျန်းဟန် ခေါင်းလှည့်ကာ တောင်နောက်ဘက်ကို ကြည့်လိုက်သည်။

-အပိုင်း(၁၁) အခန်း(၄၁၇-က) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၁၂)] အခန်း(၄၁၇-ခ) မော်ဆေးပညာ(၂)

တာပေားနှင့် မုန့်မုန့်မှာ ပျော်ရွှင်စွာ ဆော့ကစားနေကြသည်ကို တွေ့လိုက်ရသည်။ ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်ပြီး တာပေားအား ချက်ချင်းခေါ်၍ ဆေးလုံးပေးရန်အကြံကို စွန့်လွှတ်လိုက်သည်။

"ဒါဆို ငါ ခွန်လောင်ဆေးလုံးကို လုပ်ရမယ်"

ကျန်းဟန်၏အစီအစဉ်အရ သူသည် မနက်ပိုင်းတွင် ဟဲယွမ်မော်ဆေးလုံးနှင့် ခွန်းလောင်မော်ဆေးလုံးကို တာပေါးနှင့်ရှောင်ပေါးအတွက် ပြုလုပ်ပေးပြီး နေ့လည်ခင်းတွင် အခြားဆေးလုံးများကို ပြုလုပ်မည်ဖြစ်သည်။

ထိုအချိန်မှာပင် ကျောက်ဖုန်းက လျှောက်လာပြီး "ဆရာလွှန်ခဲ့တဲ့နာရီဝက်လောက်က လျန်ဟောင် ဆက်သွယ်လာတယ်။ သူနဲ့ မာစတာဟဲက တောင်ခြေမှာ ရောက်နေပြီ။ ဆရာက ဆေးလုံးဖော်စပ်နေတာဆိုတော့ ကျွန်တော် သူတို့ကို တောင်ပေါ်တက်ခွင့်မပေးရသေးဘူး"

"အင်း သူတို့ကို ဒီကိုခေါ်လိုက်ပါ" ကျန်းဟန်က ပြောသည်။ သူ အနားယူတော့မည်ဖြစ်၏။

ဝမ်မင်နှင့် ကျောက်ဖုန်းတို့၏အမြင်တွင်တော့ ယခုဆေးလုံးဖော်စပ်ခြင်းလုပ်ငန်းစဉ်မှာ အလွန်အေးဆေးပေါ့ပါးနေသည်။

သို့သော် တကယ်တမ်းတွင် ကျန်းဟန်မှာ အလွန်လေးနက်၏။ စိတ်ဝိညာဉ်ဆေးပင်များစွာရှိသော်လည်း အများစုမှာ တတိယအဆင့်အောက်တွင်ရှိကြပြီး မီးဖိုပေါက်ကွဲသွားပါက ကျန်းဟန် ၄င်းတို့ကို နောက်တစ်ကြိမ် ရှာဖွေရမည်ဖြစ်သည်။ ထို့ကြောင့် တစ်နာရီကျော်ကြာ သန့်စင်ခြင်းလုပ်ငန်းစဉ်တွင် အာရုံစူးစိုက်ထားသည်ဖြစ်ရာ အလွန်ပင်ပန်း၏။

ဟဲယွမ်မှော်ဆေးလုံးကို သန့်စင်ပြီးသော်လည်း ခွန်းလောင်ဆေးလုံးကို သန့်စင်ရန်မှာ ခက်ခဲနေဆဲဖြစ်သည်။ ထို့ကြောင့် ကျန်းဟန်သည် ခဏအနားယူပြီး သူ့ကိုယ်သူ အားပြန်ဖြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဤအချိန်အတွင်း၌ ဟဲချန်က ရောက်ရှိလာခြင်းဖြစ်ရာ ကျန်းဟန်က သူတို့နှင့် အရင်ဆုံးတွေ့ရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သူတို့ခေါ်လိုက်ပါမယ်" ကျောက်ဖုန်းက ခေါင်းညိတ်ကာ ဖုန်းကိုထုတ်ပြီး ခေါ်လိုက်သည်။

ထိုနောက် သူတို့ တောင်ခြေရင်းဘက်သို့ လျှောက်လာကြသည်။

ကျောက်ဖုန်း အနည်းငယ် စိတ်လှုပ်ရှားလာသည်။ ကျန်းဟန်အား ခဏလောက်စောင့်ကြည့်ပြီးနောက် သူ မမေးဘဲ မနေနိုင်တော့။ "ဆရာ ဒီတစ်ခေါက် ဆေးလုံးတွေသောက်ပြီးရင် ကျွန်တော် တာဟေးကို နိုင်ပါ့မလား"

ဤရက်ပိုင်းအတွင်း တောင်ပေါ်၌ လူများစွာရှိနေပြီး လူကြီးသူမနှစ်ယောက်ရှိကြောင်း တာဟေးသိရှိထားသည်။ ထို့ကြောင့် သူ၏အပြုအမူများမှာ ယခင်ကထက် ပို၍ကောင်းမွန်လာ၏။ သို့သော် ကျောက်ဖုန်းအား ငါးခါခြောက်ခါလောက် တွန်းထုတ်နေဆဲဖြစ်ပြီး အတွန်းခံလိုက်ရသည့်အချိန်တိုင်းတွင် ကျောက်ဖုန်းမှာ နောက်သို့ ခုနှစ်မီတာ ရှစ်မီတာ လွင့်ထွက်သွားရသည်။

၎င်းက ကျောက်ဖုန်းအားအ လွန်အကူအညီမဲ့စေသည်။ ထို့ကြောင့် ကျောက်ဖုန်းသည် သူ၏ခွန်အားကိုမြှင့်တင်ပြီး

နောက် တာဟေးကို အကြိမ်အနည်းငယ် တွန်းထုတ်ရန် ကြည့်စည်ထားသည်။

မနေ့က သူ့ငွေးက သူ့အား ဆေးလုံးများပေးမည်ဟု ပြောခဲ့၏။ ကျောက်ဖုန်းမှာ ညက အိပ်၍မပျော်နိုင်လောက်အောင်ပင် စိတ်လှုပ်ရှားနေခဲ့ရသည်။

သို့သော် သူ၏ရည်မှန်းချက်မှာ အိပ်မက်ဖြစ်ခဲ့ရသည်။

ကျန်းဟန်က ကျောက်ဖုန်းအား ပြုံး၍ ကြည့်လိုက်ပြီး ကျောက်ဖုန်း၏မျှော်လင့်ချက်ပြည့်နေသည့်မျက်လုံးများ အောက်တွင် ခေါင်းကိုယမ်းကာ မညှာမတာပြောလိုက်သည်။ "မင်း သူ့ကို မနိုင်ဘူး”

ဟဲယွမ်ဆေးလုံးကို စားပြီးနောက်တွင် တာဟေးသည် ချီသန့်စင်ခြင်းအလယ်အဆင့်ကို တက်ရောက်နိုင်မည်ဖြစ်ကာ ၎င်းက မြေကမ္ဘာအဆင့်မာစတာခွန်အားရှိလေသည်။ ကျောက်ဖုန်းက တတိယအဆင့် ဆေးလုံးကို သောက်မည်ဖြစ်သော်လည်း သူ၏အဆင့်တက်ခြင်းမှာ များများစားစားမဟုတ်

ချေ။ ကျောက်ဖုန်းသည် ယခု အတွင်းအား အဆင့်၏အထွတ်အထိပ်သို့ ရောက်ရှိနေပြီး ဆေးလုံး၏အကူအညီဖြင့် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။

ကျန်းဟန်က သူ့အား ဂရန်းမာစတာအဆင့်နှင့် ခြေတစ်လှမ်းသာကွာသည့် ချီသန့်စင်ခြင်းထိပ်ဆုံးအဆင့်သို့ မြန်မြန်တက်လှမ်းစေနိုင်သော်လည်း ၎င်းက ကျောက်ဖုန်း၏ နောက်ပိုင်း ကျင့်ကြံခြင်းလမ်းကြောင်းကို ဒုက္ခဖြစ်စေပြီး ကျောက်ဖုန်း၏အနာဂတ်ကို ဖျက်ဆီးပေလိမ့်မည်။

မူလရင်းမြစ်မတည်ငြိမ်သည့် ကျင့်ကြံသူမှာ အောင်မြင်မှုရရှိမည်မဟုတ်ချေ။

ကျန်းဟန်သည် အခြေခံတည်ဆောက်ခြင်းအလယ်အဆင့်ကို တက်လှမ်းရန် အလျင်စလိုမလုပ်ခဲ့ချေ။ ဆေးလုံးများဖြင့် အဆင့်တက်ခြင်းက သူ့အတွက် အကျိုးများစွာရှိမည်မဟုတ်ကြောင်း သိရှိထားပြီး နောက်ပိုင်းတွင် ယန်မိုးကြိုး

သစ်သား၏အကူအညီဖြင့် ရုန်းတျန်းအဆင့်သို့ တက်လှမ်းခြင်းက ပို၍ကောင်းပေသည်။

ထိုအချိန်တွင် ကျန်းဟန်၏စကားကိုကြားလိုက်ရပြီးနောက် ကျောက်ဖုန်း၏နှုတ်ခမ်းများ အနည်းငယ် ရှုံ့မဲ့သွားသည်။

"အင်း ကျွန်တော် သည်းခံရဦးမှာပေါ့"

ကျောက်ဖုန်း ခေါင်းယမ်းကာ ပြုံးလိုက်သည်။ တာဟေးအား သူ အကြိမ်အနည်းငယ် ရိုက်နှက်ချင်သော်လည်း သူသည် တာဟေး၊ ရှောင်ဟေးတို့နှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိသည်။

သူတို့ လမ်းတစ်ဝက်ရောက်သည့်အချိန်တွင် လျန်မုန့်ချီကတောအုပ်ထဲမှ ပျော်ရွှင်စွာ ထွက်လာလေသည်။

လျန်ဟောင်အပြင် ဟဲချန်နှင့် အခြား သက်လတ်ပိုင်းအရွယ်လူသုံးယောက်လည်း သူမနောက်မှ ပါလာသည်။

"သူဌေး ကျွန်မတို့ဒီမှာ" လျှန်မုန့်ချီက ချိုမြိန်သည့်အပြုံးဖြင့် အဝေးမှ လက်ပြနှုတ်ဆက်သည်။

ထိုနောက် သူမ ပန်းပင်လယ်ပြင်ဆီသို့ ပြေးသွား၏။

လျှန်ဟောင်က သူမအား ပြုံး၍ကြည့်လိုက်ပြီး ကျန်းဟန်ဆီသို့ လျှောက်လာသည်။

"သူဌေး" လျှန်ဟောင်က ယဉ်ယဉ်ကျေးကျေး ပြုံးပြပြီး "ဒါက ဂရန်းမာစတာဟဲချန်ပါ။ ကျွန်တော် သူဌေးကိုပြောတဲ့သူလေ"

"မင်္ဂလာပါ မာစတာကျန်း" ဟဲချန်က လက်ကိုဆန့်ထုတ်ကာ ယဉ်ကျေးစွာပြောသည်။ "ထူးဆန်းတောင်ထိပ်ကျွန်းတိုက်ပွဲမှာတုန်းက မာစတာကျန်းရဲ့စွမ်းရည်တွေက လေးစားဖို့ကောင်းတယ်။ လျှန်ဟောင်က မာစတာကျန်းကိုသိတယ်လို့ကြားလို့ ကျုပ် မင်းဆီကို လာလည်လာပါ"

"မင်္ဂလာပါ" ကျန်းဟန်က အသာခေါင်းညိတ်ပြလိုက်ပြီး ဟဲချင်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ "ခင်ဗျားတို့အားလုံး စက်ပူကလာတာလို့ကြားတယ်"

"ဟုတ်ပါတယ်" ဟဲချန်က ပြုံး၍ ပြောသည်။ "ကျုပ်က ဒီမှာ သူတို့ကို ကာကွယ်ပေးဖို့ လိုက်လာတာ။ ဒါက မိသားစု စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေတဲ့ ကျုပ်တူ ဟဲပင်းချန်ပါ။ ဒါက စက်ာပူကုန်သည်ကြီးများအသင်းဥက္ကဌ ဟွမ်မိသားစု ခေါင်းဆောင် ဟွမ်ယွမ်။ ဒါက လုမိသားစုခေါင်းဆောင် လုရှမ် ပါ"

"ဇီမိသားစုက တစ်ယောက်မှမပါဘူးလား" ကျန်းဟန်က မေးသည်။

ဇီမိသားစုသည်လည်း စက်ာပူရှိ စီးပွားရေးမိသားစုတစ်ခု ဖြစ်သည်။ သူတို့က ဘာကြောင့် ဤဆွေးနွေးပွဲကိုတက်ရောက်ရန် တစ်ယောက်မျှ မလွှတ်ရသနည်း။

"မစ္စတာကျန်း" ဟွမ်ယွမ်က ပြောသည်။ "ဇီမိသားစုမလာတာက သူတို့ရဲ့အဓိကလုပ်ငန်းတွေအားလုံက တရုတ်ပြည်မှာပါ။ ပြီးတော့ သူတို့က ခုတစ်လော လုပ်ငန်းကြီးတွေအလုပ်ရှုပ်နေတော့ ဒီဆွေးနွေးပွဲကို တက်ရောက်ဖို့ အချိန်မရှိကြဘူး"

"ကျုပ်သိပြီ" ကျန်းဟန်က ခေါင်းညိတ်လိုက်သည်။ ဟွမ်ယွမ်က သူ့အား တိုက်ရိုက်မပြောသော်လည်း ဇီမိသားစုနှင့် သူတို့အသိုင်းအဝိုင်းကြားရှိ ဆက်ဆံရေးက သိပ်ပြီးကောင်းမည်မဟုတ်ကြောင်း သူ၏အမူအရာနှင့်လေသံအရ ခန့်မှန်း၍ရသည်။

"ဇီမိသားစုကလည်း စီးပွားရေးကိုအဓိကထားတဲ့နာမည်ကြီးမိသားစုတစ်ခုပါ။ အကြီးအကဲဇီက အခု မိသားစုစီးပွားရေးလုပ်ငန်းတွေကို တာဝန်မယူတော့ပေမယ့် သူက မိသားစုရဲ့ အခွင့်အာဏာအရှိဆုံးသူဖြစ်နေဆဲပဲ။ ဇီမိသားစုမှာ အစွမ်းအထက်ဆုံးမာစတာက ဂရန်းမာစတာအစောပိုင်းအဆင့်ရှိပြီး ချီစွမ်းအားမာစတာတချို့လည်း မိသားစုထဲမှာရှိ

တယ်” ဟဲချန်က ခဏလောက် စဉ်စားပြီး ပြောသည်။ "ဓိမိသားစုရဲ့ လက်ရှိခေါင်းဆောင်က ဓိယန်ရဲ့ အကြီးဆုံးဦးလေး ဓိထန့်ဖေးပါ။ ဓိယန်ရဲ့မိဘတွေက အရေးကြီးတာဝန်တွေကို မကိုင်တွယ်ရပေမယ့် ကုမ္ပဏီခွဲတစ်ခုမှာ အမှုဆောင်အရာရှိတွေလို့ ကျုပ်ကြားတယ်။ အခု မာစတာကျန်းက ဓိယန်ရဲ့ခင်ပွန်းဖြစ်လာတော့ ဓိမိသားစုက ပိုပြီးမြင့်တက်လာတော့မှာ သေချာတယ်”

"စက်ဘုပူကို ပြန်ရောက်ရင် ဓိယန်ရဲ့အဖေကို ကျုပ်တို့ကုန်သည်ကြီးများအသင်းရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ကျုပ်ထောက်ခံပေးမယ်” ဟွမ်ယွမ်က ပြောသည်။

ဤတစ်ကြိမ် လာရောက်လည်ပတ်ရခြင်း၏ရည်ရွယ်ချက်မှာ ဓိယန်၊ ဓိမိသားစုနှင့် သူတို့၏ဆက်ဆံရေးမှတဆင့် မာစတာကျန်းနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးတစ်ခုတည်ဆောက်ရန်ဖြစ်သည်။ မစ္စတာကျန်းသည် နာမည်ကြီးတစ်ယောက်ဖြစ်ပြီး ဟောင်ကောင်၏ဒုတိယဒါရိုက်တာ

ဖြစ်သည်။ သူနှင့် ဆက်ဆံရေးကောင်းတစ်ခု ရှိထားလျှင် ဟောင်ကောင်တွင် သူတို၏လုပ်ငန်းကိုင်ငန်းများ ပိုမိုလွယ်ကူလာပေမည်။

ကျန်းဟန်သည် သူ၏ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိ၏။

၎င်းကို စဉ်းစားပြီးနောက် ကျန်းဟန်က ခေါင်းကိုယမ်းကာ ပြောလိုက်သည်။ "ကျုပ် သူတို့ဆီ လက်ထပ်ခွင့်မတောင်းရသေးဘူး"

ဟဲချန်နှင့် အခြားသူများ အံ့အားသင့်သွားကြသည်။ ထို့နောက် သူတို့ နားလည်သွားကြပြီး "စိတ်မပူပါနဲ့ မာစတာကျန်း။ ကျုပ်တို့ ဒီအကြောင်း တခြားတွေကို ပြန်မပြောပါဘူး"

"ကျုပ်မှာ လုပ်စရာလေးရှိသေးလို့။ ကျေးဇူးပြုပြီး..." ကျန်းဟန်က ခေါင်းညိတ်ကာ ပြောသည်။

"ဒါဆို ကျုပ်တို့ ပြန်လိုက်ပါဦးမယ်" ဟဲချန်က ပြုံးကာ ပြောသည်။

"မာစတာကျန်း လက်ထပ်ခွင့်တောင်းတဲ့အခါ ကျေးဇူးပြု ပြီး ကျုပ်ကိုအကြောင်းကြားပေးပါနော်"

ဟွမ်ယွမ်နှင့် အခြားသူများ ကျန်းဟန်အား ယဉ်ကျေးစွာ နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ပထမအကြိမ်လာလည်ခြင်းအတွက် သူတို့ စကားများများ ပြောရန် အစီအစဉ်မရှိကြသလို အကျိုးအမြတ်ရရန် မရည်ရွယ် ကြချေ။ သူတို့၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျန်း ဟန်နှင့် တွေ့ဆုံရန်ဖြစ်သည်။

ကျန်းဟန်က သူတို့အား သတိပေးထားခြင်းသည် ကြိုတင် ပြင်ဆင်ထားစေချင်ရုံသာဖြစ်သည်။ လက်ထပ်ခွင့်တောင်း သည့်အချိန်တွင် နှစ်ဖက်စလုံး စိတ်မပျော်မရွှင်ဖြစ်ရမည်ကို သူ မလိုချင်ချေ။

"မင်းက ဘယ်သူလဲ။ ဘယ်ကနေရောက်လာတာလဲ။ မင်းက ဘယ်လောက် ထိုက်တန်လို့လဲ။ မင်းက ဇီယန်နဲ့တန်လို့လား”

အကယ်၍ ဇီမိသားစုက သူ့ကို ဤသို့မေးလာပါက။

ကျန်းဟန်သည် မေးခွန်းမေးသူကို မသေမချင်းပါးရိုက်မိမည်ကိုပင် စိုးမိသည်။ မည်သည့်ဂရန်းမာစတာကိုမျှ စော်ကား၍မရနိုင်ချေ။ ကျန်းဟန်ကိုဆိုလျှင် ပြောနေစရာပင်မလို။

ထိုကဲ့သို့သော အတင်းအဖျင်းပြောသူမျိုးကို သူ မနှစ်သက်ချေ။ ကျင့်ကြံခြင်းကမ္ဘာတွင် စစ်ပွဲမဖြစ်မီ လူအနည်းငယ်ကသာ စကားပြောသည်။

တောင်ပေါ်သို့ ပြန်ရောက်သည့်အခါ ကျန်းဟန် သူ့ကိုသူ အားဖြည့်လိုက်ပြီး ဒုတိယအကြိမ် ဆေးလုံးသန့်စင်ခြင်းကို စတင်လိုက်သည်။

ဤ၊တစ်ခေါက်မှာ ခွန်းလောင်ဆေးလုံးဖြစ်သည်။

အဓိကပါဝင်ပစ္စည်းသုံးမျိုးရှိ၏။

တတိယအဆင့် စိတ်ဝိညာဉ်ရတနာ ဖန်ရှားသစ်သားသည် ခန္ဓာကိုယ်၏အရည်အသွေးကို မြှင့်တင်ပေးပြီး လေ၏စွမ်းအား ဖြင့် အရှိန်ကို မြှင့်တင်ပေးသည်။

လျန်မြန်သည့် အရှိန်အဟုန်ရှိသည့် တာဟေးအတွက် ၎င်း ကို အလွန်သင့်တော်ကြောင်း သိသာပေသည်။

၎င်းအပြင် ယခင်တစ်ခေါက် အသုံးပြုခဲ့သည် ကျင်းလျန် သစ်ရွက်သည်လည်း ပါရှိသေးသည်။ တတိယအဆင့် စိတ်ဝိ ညာဉ်ရတနာ ကိုးခုအနက် နှစ်ခုကို ကျန်းဟန် အသုံးပြုခဲ့သည်။

တတိယအဆင့်တစ်ခုမှာ ချီမိုင်ဝါးဖြစ်ပြီး ကျင့်ကြံ သူ၏အဆင့်တက်နေချိန်တွင် အချို့သော စွမ်းရည်များရှိရန် အခွင့်အရေး တိုးမြှင့်ပေးနိုင်သည်။ ပါရမီနိုးထခြင်းဆိုသည့် စကားအတိုင်းပင်။

ခွန်းလောင်ဆေးလုံးကို အဓိကပါဝင်ပစ္စည်းများအဖြစ် စိတ်ဝိညာဉ်ရတနာသုံးမျိုး၊ ဒုတိယအဆင့် စိတ်ဝိညာဉ် ရတနာ ၃၇ မျိုး၊ အရန်ပါဝင်ပစ္စည်းအဖြစ် စိတ်ဝိညာဉ်ရတနာ ၆၈ မျိုးကို အသုံးပြုနိုင်သည်။

ခွန်းလောင်ဆေးလုံးသည် ကျင့်ကြံသူ၏ခွန်အားကို တိုးတက်စေရုံသာမက ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကိုလည်း တိုးမြှင့်ပေးကာ လေစွမ်းရည်ကို အသုံးပြုနိုင်စွမ်း မြှင့်တင်ပေးပြီး အထူးစွမ်းရည်တစ်ခု ရရှိရန် အခွင့်အရေးပေးနိုင်သည်။

ကျန်းဟန်သည် နောက်ထပ် မီးကျောက်တုံးတစ်တုံးကို ဒြပ်စင်ငါးမျိုးမီးဖိုအောက်သို့ ထားလိုက်သည်။

သန့်စင်ခြင်းလုပ်ငန်းစဉ်နှင့်အတူ အမျိုးမျိုးသော စိတ်ဝိညာဉ်ရတနာများကို မီးဖိုထဲသို့ ပစ်ထည့်၏။

တစ်နာရီခွဲကြာပြီးနောက်...

"ဝှစ်”

မီးဖိုထဲမှ အနီရောင်မီးတောက်အလင်းတစ်ခု ထွက်လာသည်။

ကျန်းဟန် ဆေးလုံးကို ဆွဲယူလိုက်ပြီး သေသေချာချာကြည့်ကာ သူ၏မျက်လုံးများ တောက်ပလာသည်။

ကံကောင်းလိုက်တာ။

၎င်းက တတိယအဆင့် ခွန်းလောင်ဆေးလုံးဖြစ်သည်။

ကျန်းဟန် ပြန်လည်မွေးဖွားလာပြီးနောက် ဖော်စပ်သည့် ပထမဆုံး နတ်အဆင့် ဆေးလုံးဖြစ်သည်။

-အပိုင်း(၁၂) အခန်း(၄၁၇-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၆) အပိုင်း(၁၃)] အခန်း(၄၁၈-က) ပေါးနှစ်ကောင် အဆင့်ချိုးဖြတ်ခြင်း(၁)

ဆေးနှစ်အိုး သန့်စင်ပြီးနောက် အချိန်မှာ ၁၁ နာရီ ၃၀ မိနစ်ရှိပြီဖြစ်သည်။

ကျန်းဟန် နောက်လှည့်ကြည့်လိုက်ရာ မုန့်မုန့်က တာပေါး၏ဗိုက်ပေါ်တွင် ထိုင်နေပြီး ရှောင်ပေါးက တာပေါးကို မှီနေသည်အား တွေ့လိုက်ရသည်။ ယုံကျားရှင်းနှင့်အခြားသူများက ရှောင်ပေါး၏ဘေးတွင်ရှိပြီး သူတို့၏ပတ်ပတ်လည်တွင် ခွေးဒါဇင်များစွာရှိသည်။

အလွန်နွေးထွေး ချိုမြိန်သည့်ပုံပင်။ ကျန်းဟန် လျှောက်သွားလိုက်ပြီး မုန့်မုန့်အား ပွေ့ချီလိုက်၏။

ထိုနောက် သူမလေး၏နှင်းဆီရောင်မျက်နှာလေးကို နမ်းကာ ပြုံး၍ ပြောသည်။ "၁၁ နာရီခွဲပြီ။ ဖေဖေတို့ နေ့လယ်စာပြန်စားကြမယ်။ နေ့ခင်းကျမှ ဒီကို ပြန်လာကြမယ်လေ”

မုန့်မုန့်က နှုတ်ခမ်းလေးစူပြီး "အင်း အိုကေ။ နေ့ခင်းကျရင် မေမေ့ကို ဒီကိုလိုက်ခဲ့ဖို့ပြောမယ်"

"ဒါဆို ပြန်ကြရအောင်။ ရောင်ဟန် ငါဖမ်းလာတဲ့ငါးတွေကိုကြည့်ဦး။ ဘယ်ငါးကို မလိုအပ်ဘူးလဲ ကြည့်ကြည့်။ မလိုတဲ့ကောင်တွေကို ပြန်လွှတ်လိုက်မယ်" ဝမ်မင်က ရေပုံးကို ယူလာသည်။ အထဲတွင် ငါးများရှိနေပြီး ချင်းကျန်းငါးကြီးသုံးကောင်၊ ငါးခူနှစ်ကောင်၊ မြက်ငါးကြင်းတစ်ကောင်နှင့် ခရုရှန်ငါးလေးအချို့ရှိသည်။ မုန့်မုန့်က မနက်က စားချင်သည်ဟု ပြောထားသောကြောင့် အထဲတွင် ပုဇွန်က ပိုများနေသည်။ ဝမ်မင်က ၎င်းကို စိတ်ထဲမှမှတ်ထားပြီး သူမလေးအတွက် တမင်သက်သက် ပုဇွန်များကို ပိုဖမ်းပေးထားသည်။

ယုံကျားရှင်းနှင့် ဝမ်မင်တို့နှစ်ဦးစလုံးသည် မုန့်မုန့်အား သူတို့၏မြေးမလေးအဖြစ် မှတ်ယူထားကြသည်။ ဝမ်ရက ခင်ပွန်းကောင်းတစ်ယောက်နှင့် တွေ့ဆုံပြီး ချစ်စရာကောင်းသည့်သားလေးတစ်ယောက် မွေးလာဖို့လည်း မျှော်လင့်ကြသည်။

မုန့်မုန့်ကဲ့သို့ ချစ်စရာကောင်းသည့် သမီးလေးဆိုလည်း အဆင်ပြေသည်။

သို့သော် ဝမ်ရသည် နာကျင်စရာဆက်ဆံရေးတစ်ခုကို ကျော်ဖြတ်ပြီးခါစဖြစ်ပြီး သင့်တော်သည့်အချိန်မဟုတ်သေးမှန်း သူတို့သိကြ၏။

"အကုန်လုံး ပြန်ယူခဲ့လိုက်ပါ" ကျန်းဟန်က မုန့်မုန့်ကို ပွေ့ချီကာ ရှေ့ဆုံးမှ လျှောက်သွားရင်း ပြန်ဖြေသည်။ လူအုပ်စုနှင့် ပေးနှစ်ကောင်မှာ သူ့နောက်မှ လိုက်လာကြသည်။

တောင်ထိပ်သို့ ရောက်သည့်အခါ ကျန်းဟန်က နှုတ်ခမ်းထပ်တွင် အပြုံးတစ်ခုချိတ်ဆွဲ၍ ရပ်တန့်လိုက်သည်။

သူသည် တာပေးနှင့် ရှောင်ပေးကိုကြည့်ကာ "မင်းတို့နှစ်ကောင် ထိုင်ဦး"

"ဝုစ်"

ရှောင်ပေးက ချက်ချင်း ထိုင်ချလိုက်သည်။

"အိုး??”

တာပေါ်းက ခေါင်းကုတ်ကာ တင်ပါးကြီးကို ပဆုံချထိုင်လိုက်သည်။

"ပါးစပ်ဟထားကြ” ကျန်းဟန်က ပြောသည်။

တာပေါ်းနှင့် ရှောင်ပေါ်း နှစ်ကောင်စလုံး ပါးစပ်ဟလိုက်ကြသည်။

"ဝှစ် ဝှစ်”

ရုတ်တရက် အလင်းတန်းနှစ်ခုက သူတို့ ပါးစပ်ထဲ ဝင်သွားသည်။

တာပေါ်းသည် အပြာနုရောင် ဟဲယွမ်မှော်ဆေးလုံးကို စားခဲ့ရပြီး ရှောင်ပေါ်းက အနီရောင် ခွန်းလောင်မှော်ဆေးလုံးကို စားခဲ့ရသည်။

"ဝူး ဝူး ဝူး ဝူး”

တာဟေးသည် နှုတ်ခမ်းကိုပုတ်လိုက်ပြီး စိုးရိမ်သွား၏။ သူက ကျန်းဟန်အား ကြည့်ကာ တဝူးဝူးအော်သည်။

သခင်က မြန်လိုက်တာ။ ငါ အရသာတောင်မခံလိုက်ရဘူး...

"ဖေဖေ သူတို့ကို ဘာကျွေးလိုက်တာလဲ" မုန့်မုန့်က စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"ဖေဖေ သူတို့ကို... စားစရာနည်းနည်းကျွေးလိုက်တာပါ" ကျန်းဟန်က ပြန်ဖြေပြီး တောက်အောက်သို့ ဦးဆောင်ဆင်းလာသည်။

"ဘယ်လိုစားစရာလဲ။ သမီးစားလို့ရလား" မုန့်မုန့်က စိတ်အားထက်သန်စွာ မေးသည်။

ကျန်းဟန်က ပြုံးကာ နူးညံ့စွာ ပြန်ဖြေ၏။ "သမီးအခု စားလို့မရသေးဘူး။ ဒါပေမယ့် သမီး ကြီးလာရင် စားလို့ရပြီ။

ဖေဖေက သမီးအတွက် အကောင်းဆုံးအရာတွေအားလုံး ချန်ထားပေးမယ်”

"ဝိုး မွ မွ မွ။ ဖေဖေက အကောင်းဆုံးပဲ။ ဒါပေမယ့် မုန့်မုန့်က ဘယ်အချိန်မှ ကြီးလာမှာလဲ”

"အင်း…” ကျန်းဟာန်မှာ ထိုမေးခွန်းကြောင့် အံ့အားသင့်သွား။ သုံးစက္ကန့်လောက် စဉ်းစားပြီးနောက် ပြုံးကာ ပြန်ဖြေသည်။ "မုန့်မုန့်က… အရပ်အရှည်ကြီးဖြစ်လာရင် ကြီးလာပြီပေါ့”

ကျန်းဟာန်က သူ၏ညာလက်ကို ဆန့်ထုတ်ကာ ၁.၇ မီတာခန့် မြှောက်ပြသည်။

"အဲဒါ ဘယ်လောက်ရှည်တာလဲ။ ဖေဖေ ဖေဖေ သမီးကိုအောက်ချပေး။ ဘယ်လောက်ရှည်လဲ တိုင်းကြည့်ရအောင်” မုန့်မုန့်က ကျန်းဟာန်၏လက်မောင်းပေါ်မှ ခန္ဓာကိုယ်လေးကို တွန့်ကာဆင်းသည်။

"သမီး ဒီလောက်ရှည်လာရင်ပေါ့" ကျန်းဟန်က ပြုံးကာ လက်ဖြင့်ပြန်ပြသည်။

"အမ်း.. အရှည်ကြီးပဲ။ သမီးက... အဲ့လောက်ရှည်လာမှာလား"

"ဒါပေါ့"

ကျန်းဟန်က ရယ်မောလိုက်ပြီး မုန့်မုန့်အား ပွေ့ချီကာ သူမ၏နှင်းဆီရောင်မျက်နှာလေးကို နမ်းလိုက်ပြန်သည်။

သူ၏အရပ်မှာ ၁.၈ မီတာကျော် ရှည်ပြီး ဇီယန်က ၁.၇၅ မီတာရှည်သည်။ ထိုမျိုးရိုးနှင့်ဆိုလျှင် မုန့်မုန့်မှာ ၁.၇ မီတာထက် ပို၍ ရှည်လိမ့်မည်ဟု ခန့်မှန်းရ၏။

"အမ် ဖေဖေ" မုန့်မုန့်က ရုတ်တရက် အေးခဲသွားသည်။

"ဘာဖြစ်လို့လဲ" ကျန်းဟန်က စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"သမီးအရပ်အဲ့လောက်ရှည်လာရင် သမီးကို အကောင်းဆုံးစားစရာကျွေးမယ်ဆို။ ဒါပေမယ့် မေမေကိုကျ ဘာကျွေးမှာလဲ" မုန့်မုန့်က တောက်ပသည့်မျက်လုံးများဖြင့် ကြည့်ရင်းမေးသည်။

"ဒါပေါ့ သမီးမေမေကိုလည်း အကောင်းဆုံးပဲကျွေးမှာပေါ့။ သမီးတို့နှစ်ယောက်လုံးကို ဖေဖေက အကောင်းဆုံးစားစရာတွေပေးမှာ။ မဟုတ်သေးဘူး။ ဖေဖေက သမီးရော သမီးမေမေရောကို အကောင်းဆုံးစားစရာတွေ အမြဲတမ်းစားရအောင် လုပ်ပေးမှာ" ကျန်းဟန်က နူးညံ့စွာပြောသည်။

"အင်း ဖေဖေက အကောင်းဆုံးပဲ။ ဖေဖေ့ကို ချစ်တယ်" မုန့်မုန့်က ကျန်းဟန်၏လည်ပင်းအား ပိုမိုတင်းကြပ်စွာ သိုင်းဖက်ကာ သူမ၏ခေါင်းလေးက ကျန်းဟန်နားသို့ ပိုမိုတိုးကပ်သွားသည်။ သူမလေး အလွန်ပျော်ရွှင်နေပုံရ၏။

ကျန်းဟန်သည်လည်း ၎င်းကြောင့် အလွန်ကြည်နူးပျော်ရွှင်သွားပြီး သူ၏မျက်လုံးများတွင် အဆုံးမဲ့သည့် နူးညံ့သိမ်မွေ့မှုများရှိနေသည်။

ဤကဲ့သို့သော ဘဝမျိုးအား သူ တကယ်ကျေနပ်နှစ်သိမ့်၏။

သူ၏မိဘများကို ရှာဖွေပြီးနောက် ရိုးရှင်း၍ ပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝဖြင့် နေထိုင်သွားမည်ဖြစ်သည်။ ထိုအရာက ကျန်းဟန်၏ အကြီးမားဆုံးဆန္ဒဖြစ်သည်။

အဲဒါက မကြာခင်ဖြစ်လာတော့မှာပါ။ အများဆုံးတစ်နှစ်ပေါ့...

ကျန်းဟန်သည် မျက်ဝန်းနက်နက်ထဲ၌ ပြတ်သားမှုများဖြင့် ရှေ့တည့်တည့်သို့ ကြည့်လိုက်သည်။

အဲဒီရည်ရွယ်ချက်အတွက် ကောင်းကင်ကိုဖြိုခွင်းပြီး မြေပြင်ကို ထိုးဖောက်ရမယ်ဆိုရင်တောင် ဒါမှမဟုတ် ကြောက်

စရာကောင်းတဲ့ရန်သူနဲ့ရင်ဆိုင်ဖို့လိုတယ်ဆိုရင်တောင် ငါ ကြောက်ရွံ့နေမှာမဟုတ်ဘူး။

ဒါကိုအောင်မြင်ဖို့အတွက် ငါ အလောင်းပေါင်းများစွာကို နင်းဖြတ်လျှောက်ရရင်တောင် ငါဂရုမစိုက်ဘူး။

ခဖင်တစ်ယောက်ဖြစ်လာပြီးနောက် ကျန်းဟန်၏အတွေး များမှာ မသိလိုက်စွာဖြင့် ပြောင်းလဲသွားသော်လည်း အရာ အားလုံးမှာ ကောင်းမွန်သည့်ဘက်သို့ ပြောင်းလဲသွားပုံရသည်။

ကျန်းဟန်နှင့် မုန့်မုန့်တို့ စကားပြောနေချိန်တွင် ဝမ်မင်နှင့် အခြားသူများ စကားပြောဖြစ်ကြချေ။

သူတို့သည် သူတို့ရှေ့မှ သားအဖနှစ်ယောက်ကို တိတ်ဆိတ်စွာဖြင့် ကြည့်နေကြ၏။

သူတို့၏စကားများကို နားထောင်ရင်း ယုံကျားရှင်း တိတ်တဆိတ် သက်ပြင်းချလိုက်သည်။

အချိန်တွေကုန်လာခဲ့ပြီပဲ။ ရှောင်ရှင်ယယ်ကလည်း အရမ်းချစ်ဖို့ကောင်းတာ။ အခုတော့ မျက်တောင်တစ်ခတ် အတွင်း ကြီးပြင်းလာခဲ့ပြီ…

ဟူး…

ဝမ်မင်လည်း သက်ပြင်းကျယ်ကြီး ချလိုက်ရင်း အနည်းငယ် ဝမ်းနည်းသွားသည်။

ဝမ်ရအတွက် သူသည် အရည်အချင်းပြည့်မီသော ဖခင်တစ်ယောက် မဖြစ်ခဲ့ဘူးဟု ခံစားရသည်။ အချိန်တွေကို နောက်ပြန်သွား၍ရလျှင် သူလည်း သူမအား ဤကဲ့သို့ ချစ်ခင်ပြမိပေမည်။

ဒါပေမယ့် အရမ်းကြီးလည်း နောက်မကျသေးပါဘူး။

ဝမ်မင်သည် သူ၏ဘေးနားရှိ ဝမ်ရကို ကြည့်လိုက်၏။ အပြစ်ရှိစိတ်နှင့် ချစ်ခြင်းမေတ္တာများက သူ၏မျက်ဝန်းထဲတွင် ထင်ဟပ်နေပြီး သူမ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

ဝမ်ရေ၏ခန္ဓာကိုယ်မှာ တုန်ယင်သွား၏။ သူ၏နဖူးနှစ်ဖက်ရှိ ဆံပင်ဖြူများကိုကြည့်ရင်း သူမ၏မျက်လုံးများ နီရဲလာသည်။ ထိုနောက် ခေါင်းကိုငုံ့လိုက်ပြီး တိတ်ဆိတ်စွာဖြင့် ဆက်လျှောက်လာခဲ့သည်။

တစ်ခါတစ်ရံတွင် လူတစ်ယောက်သည် အကြည့်တစ်ချက် သို့မဟုတ် လှုပ်ရှားမှုတစ်ခု သို့မဟုတ် စကားတစ်ခွန်းဖြင့်ပင် အမှတ်မထင် ရင်ထဲထိသွားနိုင်သည်။

ကျောက်ဖုန်းက သူတို့၏ဘေးမှ လျှောက်နေသည်။

လျန်မုန့်ချီက ဘယ်တော့များမှ လက်ခံမလဲဟု တွေးရင်း သူလည်း စိတ်ထဲမှ သက်ပြင်းများချနေသည်။

သူ၏ဘေးနားရှိ ကျန်းလီကို အမှတ်မထင်ကြည့်လိုက်ပြီးဂနောက် ကူရာမဲ့စွာဖြင့် ပြုံးလိုက်မိသည်။

ဆရာ့ရဲ့ညီမက ငါ့အပေါ် ခံစားချက်တချို့ရှိနေပုံရပြီး မိန်ချီရဲ့အစ်ကိုက သူမကို သဘောကျနေတယ်။

လျန်ဟောင်သည် ကျန်းလီအတွက်နှင့် ကျောက်ဖုန်းအား စကားပင်လာပြောခဲ့သည်။ သူတို့ စကားအများကြီးပြောခဲ့ကြသည်။

"မင်း ငါ့ညီမကို ကြိုက်တယ်မလား။ အဟမ်း ငါမင်းကို အပြည့်အဝအားပေးတယ်။ ငါမင်းကို သူ့အကြောင်းတွေပြောပြမယ်။ သူ့မွေးနေ့က..... သူကြိုက်တတ်တဲ့အစားသောက်တွေက... သူကြိုက်တတ်တဲ့ အဝတ်အစားတွေက... သူကြိုက်တတ်တဲ့......"

ထိုသို့သောအကြောင်းအရာများကိုပင် သူ့အား ပြောပြခဲ့သည်။

ဘယ်လိုတောင် ရှုပ်လိုက်တဲ့လောကြီးလဲကွာ...

ကျောက်ဖုန်း အလွန်ခေါင်းကိုက်သွားရသည်။ ၎င်းက အပ်ချည်ကြိုးထုံးတစ်ခုပမာဖြစ်နေပြီး ဘယ်အချိန်မှ ဖြည်နိုင်မလဲ သူမသိတော့။

သူတို့လူစု ကားပေါ်တက်ကြပြီး စားသောက်ဆိုင်သို့ ပြန်လာကြသည်။

တောင်ပေါ်ရှိ ယန်မိုးကြိုးသစ်ပင်နှင့် မလှမ်းမကမ်းတွင်…

တာပေါ့နှင့် ရှောင်ပေါ့တို့ ဆေးလုံးများကို စားပြီးနောက် သူတို့၏ခန္ဓာကိုယ်အနှံ့ ကြည်လင်သည့်စမ်းချောင်းများ ဖြတ်သန်းစီးဆင်းနေသလို ခံစားနေရသည်။

သူတို့ နောက်မှ လိုက်သွားမည့်အစား ကျန်းဟန်နှင့် အခြားသူများ တောင်ပေါ်မှ ဆင်းသွားသည်ကို ရပ်ကြည့်နေခဲ့ကြသည်။

"ဝူး ဝူး ဝူး…”

တာပေါ့က ရှောင်ပေါ့အား ကြည့်ကာ ရုတ်တရက် ထအော်သည်။ ထိုနောက် သူ့လည်ချောင်းသူ လက်ဖြန့်ပြန်ညှစ်ကာ မျက်ဖြူလန်သွားပြီး နောက်သို့ လဲကျသွား၏။

"အိုး မဟုတ်ဘူး။ ငါ အဆိပ်မိသွားပြီး။ ငါသေတော့မယ်.. အာ..."

ငှင်းက အိမ်မွေးတိရစ္ဆာန်ဧရိယာရှိ ခွေးအကောင် ၃၀ ကျော်ကို ကြောက်လန့်သွားစေသည်။

"ငါတို့ဘော့စ် ဘာဖြစ်တာလဲ။ သူ သေတော့မှာလား"

"ဝုတ် ဝုတ် ဝုတ်"

ရှောင်ဟေးက အထင်သေးစွာဖြင့် ဟောင်လိုက်သည်။

ငှင်းကိုကြားပြီးနောက် တာဟေးက ချက်ချင်းထိုင်ကာ အော်သည်။ "ဝူး ဝူး ဝူး"

"မင်း အဲဒါကို မကြိုက်ဘူးလား"

ရှောင်ဟေးက ခေါင်းကို တဆတ်ဆတ်ခါယမ်းလိုက်သည်။

"ဆိုးလိုက်တာ။ မင်းက တစ်နှစ်တာသရုပ်ဆောင်အဆိုးဆုံးဆုပေးရမယ့်သူပဲ"

"ဝူး"

တာပေးက လက်သီးကို တင်းတင်းဆုပ်ကာ တစ်ခုခုကို ထုတ်ပြတော့မည့်ပြုသည်။ ရုတ်တရက် သူ၏မျက်လုံးများ ပြူးကျယ်လာပြီး အသက်ရှူမြန်လာသည်။

မီးဖြင့်အကင်ခံရသလို ခံစားလိုက်ရပြီး မြင်ခင်းပြန်ပေါ် လူးလိမ့်နေတော့သည်။

ရှောင်ပေး၏တုံ့ပြန်မှုမှာ ပို၍ပြင်းထန်၏။

သူသည် ခြေထောက်များတဆတ်ဆတ်ကန်ကာ မြက်ခင်းပေါ် လဲကျသွား၏။ အကြောဆွဲနေသကဲ့သို့ အဆက်မပြတ်တုန်ခါနေသည်။

သူတို့နှစ်ကောင်လုံး အလွန်အမင်း နာကျင်နေကြသည်။

တကယ်တမ်းတွင် အဆင့်တက်ခြင်းက အလွန်ပျော်စရာကောင်းသည့် လုပ်ငန်းစဉ်ဖြစ်သင့်သော်လည်း တာပေးနှင့်

ရှောင်ပေါးကဲ့သို့ သာမန်တိရစ္ဆာန်များအတွက် ဤလမ်းခရီးမှာ ပို၍ နာကျင်ခံစားရသည်။

တာပေါးနှင့် ရှောင်ပေါးတို့မှာလည်း သူတို့ ဘာဖြစ်နေသလဲ သိရှိသည့်အတွက် ၎င်းကို တောင့်ခံနိုင်ကြသည်။

"ဂတ် ဂတ် ဂတ် ဂတ်....”

ရှောင်ပေါးမှာ အေးစက်သည့်အေးခဲနေသည့်နေရာတွင် ပိတ်မိနေသလိုပင်။

သူ၏ခန္ဓာကိုယ်၊ အရိုးနှင့် အတွင်းအင်္ဂါများကို အေးစက်နေသည့်လေများက အဆက်မပြတ်တိုက်ခတ်နေသလို ခံစားနေရသည်။

ရှောင်ပေါး၏သွားများမှာ တစ်ခုနှင့်တစ်ခု တဆတ်ဆတ်တိုက်နေပြီး အသံများထွက်နေသည်။

၁၀ မိနစ်ခန့်ကြာပြီးနောက် သွားတစ်ချောင်းမှာ ရုတ်တရက် အမှုန့်ဖြစ်သွားပြီး နောက်တစ်စက္ကန့်တွင် ဒုတိယ တစ်ချောင်း၊ တတိယတစ်ချောင်း....

ခဏအကြာ၌ သူ၏သွားများအားလုံး ကွဲကြေသွားသည်။

သို့သော် ထိုနောက်တွင် အေးက်မှုနှင့် နာကျင်မှုများ ပျောက်ကွယ်သွားသလို ခံစားလိုက်ရသည်။

သူ၏သွားများ ယားယံလာ၏။ အကယ်၍ တစ်ယောက်ယောက်သာမြင်နိုင်လျှင် သူ၏ပါးစပ်ထဲ၌ ရတနာ များပမာ တောက်ပနေသည့် သွားများ တစ်ချောင်းပြီးတစ် ချောင်း ထွက်လာသည်ကို တွေ့နိုင်ပေလိမ့်မည်။

တစ်ချိန်တည်းမှာပင် သူ၏မူလခြေသည်းများမှာ ကျွတ် ကျကုန်ပြီး ချွန်ထက်သည့် ခြေသည်းအချို့က ၎င်းတို့၏နေရာ တွင် ပြန်ပေါက်လာခဲ့သည်။ ခြေဖဝါးများမှာလည်း အဆက်မပြတ်ပြောင်းလဲနေသည်။ နောက်ဆုံးတွင် သူသည် သူသည် ယခင်ကထက် နှစ်ဆခန့် ပို၍ထူလာကြီး ယခင်က

တာဟေး၏အရေပြားထက် ပို၍နူးညံ့ပျော့ပြောင်းလာက မြန်ဆန်သည့်အရှိန်ကို ခံနိုင်ရည်ရှိလာသည်။

ထိုအပြောင်းအလဲများအပြင် အခြားသော အပြောင်းအလဲများလည်းရှိ၏။ အရေးအကြီးဆုံးအချက်မှာ သူ၏ကြံ့ခိုင်မှုက လျင်မြန်စွာ တိုးတက်လာခြင်းဖြစ်သည်။

တာဟေးသည်တော့ ပို၍လွန်ကဲ၏။ သူ၏တစ်ကိုယ်လုံးရှိ အမွေးများ ကျွတ်ထွက်သွားပြီး လုံးဝပုံစံအသစ်ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် သူ၏အရိုးများအားလုံး ကျိုးကြေသွားသလိုမျိုး ပြတ်သားသည့်အသံများ ကြားနေရပြီး သူ၏အရွယ်အစားက ပိုကြီးလာသည်။

၂.၁ မီတာ၊ ၂.၂ မီတာ၊ ၂.၃ မီတာ… နောက်ဆုံးတွင် ၂.၅ မီတာအထိ တဖြည်းဖြည်း ရှည်လာသည်။ အရွယ်အစားပိုကြီးလာသည်နှင့်အမျှ သူ၏လက်များ ခြေထောက်များက ပို၍ကြီးမားလာသည်။ ထို့ပြင် သူ၏မျက်ခမ်း၊ နှာခေါင်း၊ နား၊

လည်ချောင်းနှင့် အခြားသော အစိကနေရာများမှာလည်း အဆက်မပြတ် အားကောင်းလာသည်။

-အပိုင်း(၁၃) အခန်း(၄၁၈-က) ပြီး

wunzinnosp

## [စာစဥ်(၃၆) အပိုင်း(၁၄)] အခန်း(၄၁၈-ခ) ဟေးနှစ်ကောင် အဆင့်တက်ခြင်း(၂)

သို့သော် အကြီးမားဆုံးပြောင်းလဲမှုမှာ ၎င်း၏ရင်ဘတ်ေ ရှေ့၌ ဝတ်ဆင်ထားသည့် ရုပ်ပြောင်းကြေးဒင်္ဂါးဖြစ်သည်။ အပြာရောင်အလင်းတန်းအချို့၏တိုက်ခိုက်မှုကြောင့် ၎င်းမှာ အက်ကွဲသွား၏။

၎င်းမှာ မီးခိုးငွေ့များအဖြစ် ပြောင်းလဲသွားပြီး သူ၏မျက်လုံးများမှတဆင့် အထဲသို့ဝင်ရောက်သွားသည်။

"ဝူး”

တာပေါးမှာ အံ့အားသင့်သွား၏။ ထိုနောက် သူ လန်းဆန်းသလိုခံစားလိုက်ရပြီး အားအင်အပြည့်ဖြင့် အော်ဟစ်လိုက်သည်။

"ဝူး...."

ထိုအချိန်တွင် ရှောင်ပေါး၏ခန္ဓာကိုယ်အတွင်းမှ ပြောင်းလဲမှုများလဲ ပြီးဆုံးသွားသည်။ သူ၏ အရွယ်အစားမှာ ပြောင်းလဲမသွားဘဲ သူ၏ခန္ဓာကိုယ်အချိုးအစားက ပိုမိုကောင်းမွန်လာသည်။

ထိုပြောင်းလဲမှုများက အိမ်မွေးတိရစ္ဆာန်ဧရိယာရှိ အခြားတိရစ္ဆာန်များကို အံ့သြသွားစေသည်။

"ဘုရားရေ။ ဘောဇ်စ်က ပိုကြီးကြီးလာတယ်။ အံ့သြစရာပဲ"

တိရစ္ဆာန်များ၏အာရုံစိုက်မှုအောက်တွင်

ရုတ်တရက်...

"???"

"ငါတို့ဘော့စ်က ဘာလို့ သေးလာတာလဲ”

တာပေါး၏မျက်လုံးများ မျက်လုံးများ လှုပ်ရှားသွားသည်ကို သူတို့ မြင်လိုက်ရပြီး သူ၏ခန္ဓာကိုယ်က သေးသေးလိုက်လာကာ နောက်ဆုံးတွင် ၁.၅ မီတာအမြင့်သာ ရှိတော့သည်။

တာပေါးက သူ့ကိုယ်သူ ငုံ့ကြည့်လိုက်၏။

"ဝူး”

၎င်းကို သဘောမကျသည့်အတွက် သူ အော်ဟစ်လိုက်သည်။ ထိုနောက် သူ၏ခန္ဓာကိုယ်မှာ ပြန်ကြီးလာပြီး ၂.၅ မီတာအမြင့်သို့ ပြန်လည်ရောက်ရှိသွား၏။

"ဝူး ဝူး ဝူး”

"ဒါမှ ပိုတူသွားတာ။ သန်မာတာက အရမ်းကောင်းတယ်”

တာပေါးက ပျော်ရွှင်စွာဖြင့် တွေးလိုက်သည်။ သို့သော် ရုတ်တရက် သူ ခေါင်းကုတ်လိုက်သည်။ အကြောင်းမှာ သူ၏အရပ်က ၁.၇ မီတာ ပြန်ဖြစ်သွားပြီး သူ၏အသွင်အပြင်

က ဆက်တိုက်ပြောင်းလဲလာသောကြောင့်ပင်။ နောက်ဆုံးတွင် သူသည် အနောက်တိုင်းဝတ်စုံပြည့်ဝတ်ဆင်ထားသည့် ကျောက်ဖုန်းနှင့် တူသွား၏။

"ဝူး"

တာပေး၏မျက်လုံးများ လည်သွားပြီး လက်ကိုဆန့်ကာ သူ့ကိုယ်သူ ပြန်တွန်းထုတ်လိုက်၏။ ထိုနောက် သူသည် ကျောက်ဖုန်းကဲ့သို့ဟန်ဆောင်ကာ နောက်သို့ ခုနစ်မီတာ ရှစ်မီတာခန့်အထိ ခုန်ဆုတ်လိုက်သည်။ ကြည့်ရတာ အလွန်သနား စရာကောင်းသည့်ပုံဖြစ်အောင် သူ အော်ဟစ်ညည်းညူ လိုက်၏။

"ဝူး ဝူး ဝူး ဝူး ...."

သူ၏အမူအရာက "ဘော့စ် ငါ့ကိုခွင့်လွှတ်ပါ ငါမှားပါတယ် ငါ့ကိုခွင့်လွှတ်ပါ" ဟူသည့်အမူအရာပင်။

"ဝုတ် ဝုတ် ဝုတ်" ရှောင်ဟေးက အထင်သေးစွာ ဟောင်လိုက်သည်။

"ဝူး ဝူး ဝူး"

တာဟေးက ရေရွတ်လိုက်သည်။ သူ၏လက်ကို ဆန့်ထုတ်က အဝတ်အစားများကို ချွတ်လိုက်ပြီး သူ၏ကြွက်သားများက ကျောက်ဖုန်း၏ကြွက်သားများနှင့် ဆင်တူလား ကြည့်လိုက်သည်။ သို့သော် အမွေးများပြည့်နေသည်ကိုသာ တွေ့လိုက်ရ၏။

"ဝူး?"

သူ၏မျက်နှာနှင့်ခန္ဓာအသွင်ပြင်ကိုသာ ပြောင်းလဲနိုင်ကြောင်း သိရှိလိုက်သည်။

တာဟေး ခေါင်းကုတ်လိုက်သည်။ သူ၏ခန္ဓာကိုယ်က ပြောင်းလဲနေချိန်တွင် သူ၏မျက်လုံးများက လန်သွားတတ်၏။

ထိုနောက် အားကစားဝတ်စုံနှင့် ဦးထုပ်ဆောင်းထားသည့် သခင်မ၏ပုံစံဖြစ်လာသည်။

"ဝူး ဝူး ဝူး ဝူး"

တာဟေးက အသံတိုးတိုးဖြင့် အော်သည်။

သူက ရှောင်ဟေးအား "ဘယ်လိုလဲ ငါ သူမနဲ့တူလား။ နောက်တစ်ခါ သခင်ရောက်လာရင် ငါသူ့ကို ဒီပုံစံပြရမယ်" ဟူ၍ ပြောနေသလိုပင်။

သူ အော်ဟစ်လိုက်ပြီးနောက် ခန္ဓာကိုယ်ကို တွန့်လိမ်လိုက်သည်။

ရှောင်ဟေးကလည်း ၎င်းကိုမြင်ပြီးနောက် ပြန်၍ဟောင်သည်။

"မင်းက သခင်မပုံစံပြောင်းပြီး ဒီမှာ လာကြွားရဲတယ်ပေါ့လေ။ သခင်သာ ဒါကိုမြင်ရင် မင်းအရိုက်ခံရမှာပဲ ငါစိုးရိမ်တယ်"

တာဟေးလည်း ခေါင်းကိုအမြန်ယမ်းလိုက်ပြီး သူ၏အသွင်ပြင်ကို အမြန်ပြန်ပြောင်းလိုက်သည်။

အရပ် ၂.၅ မီတာအရှည်က သူ့အား အလွန်ကျေနပ်စေသည်။

ထိုနောက် ရှောင်ဟေးအား လက်ညှိုးထိုးကာ အကြိမ်အနည်းငယ် အော်ဟစ်သည်။

"မင်းမှာရော ပြောင်းလဲတာရှိလား"

ရှောင်ဟေးက တာဟေးအား ပြုံးပြလိုက်ပြီး လူများကို အေးစက်၍ အသက်ရှူကြပ်သွားစေလောက်သည့် သူ၏အစွယ်များကို ထုတ်ပြလိုက်သည်။

"ဝူး..ဝူး ဝူး..."

တာဟေးက လက်ကိုဆန့်ကာ ရှောင်ဟေး၏သွားများကို အကြိမ်အနည်းငယ် ဖိကြည့်လိုက်သည်။ ထိုနောက် သူ မျက်လုံးပြူးသွား၏။

"ဝူး ဝူး ဝူး…"

"ဝိုး ညီအစ်ကို မင်းမှာ အရမ်းထက်တဲ့သွားတွေရှိတာပဲ"

ထိုနောက် အံ့သြသည့်အမူအရာတစ်ခု လုပ်ပြသည်။

"ဝုတ် ဝုတ် ဝုတ်"

ရှောင်ပေါ်းက တာပေါ်းကိုကြည့်ကာ အမူအရာပြန်ပြသည်။

"ညီအစ်ကို မင်းရဲ့အရွယ်အစားကိုကြည့်ဦး။ နှစ်နည်းငယ်ကြာရင် တောင်ပေါ်မှာ မင်းအတွက် နေရာမဆံ့တော့မှာ တောင် ငါကြောက်တယ်"

"ဝူး ဝူး ဝူး…"

"ဘယ်လိုလုပ်ရမလဲ။ ငါလည်း မတတ်နိုင်ဘူး"

ခဏကြာအောင် ဟောင်ပြီးနောက် ရှောင်ပေးသည် ယန်မိုးကြိုးသစ်ပင်အောက်ရှိ သေတ္တာကို ရုတ်တရက် အကြည့်ရောက်သွားသည်။

သူ၏ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်၏။

"ဝုစ်"

အနက်ရောင်အရိပ်တစ်ခုအဖြစ် ပြောင်းလဲသွားပြီး သေတ္တာဆီသို့ လျင်မြန်စွာ ရောက်ရှိသွားသည်။ သူသည် သေတ္တာအား ခဏလောက် စိုက်ကြည့်ရင်း နောက်ဆုံးတွင် လက်ဖဝါးအရွယ် ကျောက်စိမ်းတုံးတစ်တုံးကို ဆွဲထုတ်လိုက်သည်။

တာပေးက သူ့အား အံ့သြတကြီးကြည့်နေ၏။

ရှောင်ပေးက ၎င်းကို စတင်စားလေသည်။ ကျောက်စိမ်းတုံးကို ဝါးပြီးနောက် မြိုချလိုက်၏။

"ဝူး ဝူး ဝူး ဝူး"

တာဟေးမှာ လန့်သွား၏။

"ညီအစ်ကို စိတ်လျှော့ပါ။ မင်း ဘာလို့ ဒီလောက်မာတဲ့ ဟာကို စားလိုက်တာလဲ"

"ဝုတ် ဝုတ် ဝုတ်"

ရှောင်ဟေးသည် အထဲမှစွမ်းအင်ကို သူစုပ်ယူနိုင်ကြောင်း ဆိုလိုဟန်ဖြင့် ပြန်၍ဟောင်ပြသည်။

"ဝူး ဝူး ဝူး"

တာဟေးက လက်မခံကြောင်း ခေါင်းယမ်းသည်။

"ငါသာဆိုရင် အဲဒါကို စုပ်ယူနိုင်ရင်တောင် မစားဘူး။ လာ ပါ ငါတို့ အမွေးရှည်ဝက်တစ်ကောင်ကို သွားသတ်ပြီး ကြီးကျယ်တဲ့နေ့အတွက် အောင်ပွဲခံရအောင်..."

"ဝုစ်"

ရှောင်ပေးက လှုပ်ရှားလိုက်ပြန်သည်။ အနက်ရောင် အရိပ်ပမာ ဟန်ဂေရီသိုးဝက်များ၏နေရာကို ဖြတ်ကာ တောအုပ်ထဲသို့ တန်း၍ ရောက်သွား၏။

သူရပ်လိုက်သည့်အချိန်တွင် သူ၏ပါးစပ်ထဲ၌ သိုးဝက်တစ်ကောင်ရောက်နေပြီဖြစ်သည်။

တာပေးသည် သူ၏နှုတ်ခမ်းများကို တွန့်ကွေးလိုက်ပြီး ခြေလှမ်းရှည်ကြီးဖြင့် ခုန်ကာ မီတာ ၂၀ ကျော်အကွာသို့ ရောက်သွားသည်။

အကြိမ်အနည်းငယ်ခုန်ပြီးနောက် သူလည်း တောအုပ်ထဲသို့ ရောက်ရှိလာသည်။

အိမ်မွေးခွေးများ၏အာရုံစိုက်မှုအောက်ကတွင် သူတို့နှစ်ကောင်သည် တောအုပ်ထဲသို့ ပြန်လည်ဝင်ရောက်သွားကြပြန်သည်။ ခဏကြာပြီးနောက် ထိုနေရာမှ မီးခိုးအချို့ တက်လာသည်အား မြင်တွေ့လိုက်ရသည်။

အကယ်၍ ကျွန်းဟန်သာ ရှိနေခဲ့ပါက တာဟေးနှင့် ရှောင်ဟေးတို့၏စွမ်းအားသည် ချီသန့်စင်ခြင်း နှောင်းပိုင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သေချာပေါက် တွေ့ရှိသွားမည်ဖြစသည်။

တစ်နည်းဆိုရသော် သူတို့သည် ကောင်းကင်အဆင့်မာစတာများ ဖြစ်နေကြပြီဖြစ်သည်။

ထို့ပြင် ၎င်းတို့သည် မထင်မှတ်စွာဖြင့် ထူးခြားစွမ်းရည်အသီးသီးကို ရရှိခဲ့သေးသည်။

ကျွန်းဟန်သည် အစက သူတို့အား ချီသန့်စင်ခြင်း အလယ်ဆင့်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ သူတို့ နှောင်းပိုင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ ၎င်းက မျှော်မှန်းထားသည်ထက် ပိုကောင်းသည့်ရလဒ်ပင်။

စားသောက်ဆိုင်သို့ ပြန်သွားရသော်…

ကျန်းဟန်နှင့် အခြားသူများ မနက်စာစားပြီး အပြင်ထွက်သွားချိန်တွင် စားသောက်ဆိုင်ထဲ၌ လန်ယွဲ့အပါအဝင် လူခြောက်ယောက်သာ ကျန်ရှိတော့သည်။

သူတို့က ဘေးတွင် တိတ်တိတ်လေး ထိုင်နေကြ၏။

ခဏအကြာတွင် ကျိုးဖေးက အောက်ထပ်ကို ဆင်းလာပြီး အပြင်လူများရှိမရှိ ကြည့်လိုက်သည်။

ထိုနောက် သူမ ပြောလိုက်၏။ "အစ်မယန် အောက်မှာ ဧည့်သည်တွေမရှိတော့ဘူး။ အောက်ထပ်သွားရအောင်”

"အင်း”

ကျိုးဖေးက ဂစ်တာသယ်လာပြီး ဓိယန်က ဘောပင်နှင့် စာရွက်ကိုင်ကာ ဆင်းလာသည်။

စန္ဒယားဆီသို့ လျှောက်သွားပြီးနောက် ဓိယန် အဖုံးကိုဖွင့်ကာ မျက်လုံးမှိတ်လိုက်ပြီး သူမ၏စိတ်ထဲရှိ တေးသွားကို စတင်တီးခတ်သည်။

ဇီယန်သည် ကျန်းဟန်လောက် စန္ဒယားတီးမကျွမ်းသလို ပရော်ဖက်ရှင်နယ်စန္ဒယားပညာရှင်မဟုတ်ချေ။ သို့သော်လည်း သူမဆန္ဒရှိသည့် တေးသွားများကို တီးခတ်နိုင်လေသည်။

သူမ မျက်လုံးများကို မှိတ်လိုက်သည်နှင့် သူမနှင့်ကျန်းဟန်တို့၏ ချိုမြိန်သည့်အမှတ်တရများက သူမစိတ်ထဲတွင် ပြည့်လာသည်။

ထိုနောက် သူမ၏သွယ်လျသော လက်ချောင်းများက စန္ဒယားခလုတ်များပေါ်ကို တင်လိုက်၏။ မျက်လုံးများကိုပိတ်ထားရင်း သူမ တေးသွားကို စတင်ညည်းဆိုလိုက်သည်။

"ဒီ ဒါ ဒါ ဒီး ဒါ…"

ခဏကြာအောင် ဆိုညည်းပြီးနောက် ဇီယန်သည် သူမစဉ်းစားထားသည့် သီချင်းစာသားကို အမြန်ချရေးလိုက်၏။ ထိုနောက် သူမ တေးသွားကိုဆက်ဆိုညည်းကာ သီချင်းစာသားကို ချရေးပြန်သည်။ သူမသည် စန္ဒယားတီးခြင်း ဂစ်တာတီးခြင်းဖြင့် သူမကိုယ်သူမ သီချင်းထဲ၌ နှစ်မြှုပ်ထား၏။

ထိုးစံအတိုင်းပင် ကျိုးဖေးသည် တစ်ဖက်၌ တိတ်ဆိတ်စွာ ထိုင်နေပြီး သူမအား အနှောင့်အယှက်မပေးချေ။

ထိုကဲ့သို့ဖြင့် ဇီယန်သည် ထိုနေရာ၌ သုံးနာရီကျော် ထိုင်နေခဲ့သည်။

အချိန်က ၁၁ နာရီ။

"ဖေးဖေး သီချင်းစာသားရဲ့ ပထမအပိုင်းကြီး နောက်ခံတီးလုံးရဲ့ မယ်လိုဒီအကြမ်းက ပြီးသွားပြီ။ လာပြီး ကြည့်ကြည့်ပါဦး” ဇီယန်က ဂစ်တာကို ကောက်ကိုင်ကာ ပြုံး၍ ပြောသည်။

"အိုကေ။ ငါ့ကို ဆိုပြပါဦး” ကျိုဖေးက မတ်တပ်ထရပ်သည်။

သူတို့၏စကားများက လန်ယွဲ့နှင့် အခြားသူများ၏အာရုံကိုလည်း ဆွဲဆောင်သွားခဲ့သည်။ သူတို့သည် ဇီယန်အား ကြည့်လိုက်ပြီး သူမ သီချင်းတစ်ပုဒ်ဖန်တီးနေကြောင်း သိကြ၏။

လွန်ခဲ့သည့် နှစ်လကျော်ကအထိ သူတို့သည် သာမန်လူများဖြစ်ကြသော်လည်း ယခု သူဌေးကတော် သီချင်းတစ်ပုဒ်ဖန်တီးနေသည်ကို သည်မှာထိုင်၍ မျက်မြင်ကိုယ်တွေ့ ကြည့်ခွင့်ရနေ၏။ ထို့ကြောင့် ၎င်းကို သူတို့ အလွန်စိတ်ဝင်စားနေကြသည်။

အစောပိုင်းက သီချင်းမယ်လိုဒီကို နားထောင်ရင်း အချစ်နှင့်ပတ်သက်သည့် သီချင်းတစ်ပုဒ်မှန်း သူတို့ ခန့်မှန်းမိကြသည်။

"အဟမ်း အဟမ်း"

ဇီယန် လည်ချောင်းရှင်းလိုက်ပြီး သူမ၏လက်များကို ဂစ်တာပေါ် တင်လိုက်သည်။

သာယာညိမ့်ညောင်းသည့် ဂစ်တာသံကို ကြားလိုက်ရပြီးနောက် ဇီယန်၏ချိုမြိန်သည့်အသံကို ကြားလိုက်ရသည်။

"ကျွန်မရဲ့မျက်လုံးတွေကို မှိတ်ထားပြီး ရှင့်ရဲ့နှလုံးသား အနားမှာ အသက်ရှူတယ်။ ဒီကမ္ဘာပေါ်မှ ကျွန်မတို့ပဲရှိတယ်။ ရှင့်ရဲ့အပြုံးနဲ့နှုတ်ခမ်းများက ငါ့နှလုံးသားမှာ စွဲငြိတွယ်။ စက္ကန့်တိုင်းမှာ ငါရှင့်ကို အနမ်းပေးချင်တယ်"

"ကျွန်မ ရှင့်ကို ချစ်နေရုံလေးပဲ။ ချစ်တယ်။ အချိန်တိုင်း ချစ်တယ်။ ရှင့်ရဲ့ကုတ်ကို ကျွန်မချစ်တယ်။ ရှင့်ရဲ့အကြိုက်ကို ငါချစ်တယ်။ ရှင့်ရင်ခွင်ထဲမှာ မှီတွယ်နေရခြင်းကို ကျွန်မ နှစ်သက်တယ်....."

နောက်ဆုံး၌ သံရှည်တစ်ခုနှင့်အတူ ဇီယန် သီချင်းဆို ရပ်တန့်လိုက်သည်။

ဇီယန်သည် ပထမအပိုင်း၏ရမ်သမ်(စည်းချက်) နှင့် စာသားကို အလွန်ကျေနပ်သည်။ သူမတွင် ထိုကဲ့သို့သော လှုံ့ဆော်မှုမျိုး မရှိခဲ့သည်မှာ အတော်ကြာပြီဖြစ်၏။

ပျော်ရွှင်မှုများဖြင့် ပြည့်နေသည့် သူမ၏မျက်ဝန်းလှလှ လေးများကို ဖြည်းညှင်းစွာ ပြန်ဖွင့်လိုက်သည်။

သို့သော် သူမမျက်လုံးများက ကျိုးဖေးအား အံ့အားသင့်သွားစေသည်။

သူမ ခေါင်းလှည့်ကြည့်လိုက်ရာ လန်ယွဲ့နှင့်အခြားသူများလည်း ပြတင်းပေါက်မှတဆင့် ကြည့်နေကြသည်ကို တွေ့လိုက်ရသည်။

"ဝှစ်"

ဧယန်၏မျက်နှာလှလှလေးမှာ နီရဲသွား၏။ သူမ နှုတ်ခမ်းလေးကိုဖိကိုက်ကာ ကျိုးဖေးကိုကြည့်ရင်း မေးသည်။ "နင်ဘယ်လိုထင်လဲ"

"ငါ.. ငါ ဘယ်လိုထင်ရမှာလဲ" ကျိုးဖေးက ဖြည်းညှင်းစွာပြောသည်။ "အစ်မယန် နင်ကလွဲပြီး ဒီမှာရှိတဲ့ မိန်းကလေးခုနှစ်ယောက်လုံးက စင်ဂယ်တွေချည်းပဲလေ။ ဒါပေမယ့် နင်ကနင့်ရဲ့အချစ်ကို ကြွားပြနေသေးတယ်။ နင်အရမ်းရက်စက်တယ်လို့ မထင်ဘူးလား"

ဇီယန် ရယ်မောလိုက်၏။ သူမ မငြင်းဆန်ဘဲ ခေါင်းညိတ်လိုက်သည်။ "ငါက ချိုမြိန်တဲ့အချစ်အကြောင်း သီချင်းတစ်ပုဒ် ရေးချင်ရုံပါပဲ"

"ကောင်းပြီ။ မနောက်တော့ဘူး။ ရိုးရိုးသားသားပြောရရင် အစ်မယန် ဒီသီချင်းက..."

ကျိုးဖေးက အလွန်လေးနက်လာသည်။ အတိတ်တုန်းက သူမ အလုပ်လုပ်နေစဉ် ဘယ်တော့မှ ဟာသမလုပ်တတ်သော်လည်း ယခုအချိန်တွင်တော့ ပို၍ စိတ်အေးလက်အေးရှိလာသဖြင့် စနောက်တတ်လာသည်။ ထိုအချိန်၌ သူမ တမင်သက်သက် စကားကြောဆန့်လိုက်ပြီး ခေါင်းယမ်းကာ သက်ပြင်းချလိုက်သည်။

"ဟေး ငါအရင်က ဒီပါရမီရှင်အမျိုးသမီးကို တွေ့ဖူးသလိုပဲ။ အစ်မယန် နင်တကယ်ကို အခြေအနေကောင်းတယ်။ တစ်မနက်ခင်းတည်းနဲ့ သီချင်းကောင်းတစ်ပုဒ် ပြီးလုနီးပါးဖြစ်နေပြီ"

"အရမ်းကောင်းတယ်။ နင်အရမ်းတော်တယ်"

ကျိုးဖေးက လက်ခုပ်တီးသည်။

ဇီယန်မှာ သူမက အလွန်ရယ်စရာကောင်းသည်ဟု ကို တွေ့လိုက်ရ၏။ ထို့နောက် သူမ မေးသည်။ "သီချင်းစာတွေက ကောင်းတယ်လို့ထင်တယ်။ ငါနင့်ကိုမေးတာက မယ်လိုဒီက ဘယ်လိုလဲလို့။ နောက်ခံတေးသွားက မပြီးသေးဘူးလေ"

-အပိုင်း(၁၄) အခန်း(၄၁၈-ခ)ပြီး

-စာစဉ်(၃၆) ပြီး